ဆဋ္ဌသံဂါယနာ လုပ်ငန်းစဉ်

# ဥပဒေသကထာ

ဒုတိယအကြိမ်

ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ကမ္ဘာအေး၊ ရေကူ၊ ရန်ကုန်မြို့။

သာသနာ ၂၅၀၆ ကောဇာ ၁၃၂၄ ၁၉၆၂

# ဆဋ္ဌသံဂါယနာလုပ်ငန်းစဉ် ဥပဒေသကထာ

## အကြောင်းအရာ-နိဒါန်း

(သိဒ္ဓိရတ္ထု၊)

၁။ ယန္နူန ဒါနိနော ဆဋ္ဌ၊
သံဂါယနံ ကရေမုသေ။
ဝေဝိစိန္တိယ သဒ္ဓမ္မ၊
ဋ္ဌိတိယာ စက္ကဝုမိယာ။

၂။ ဗုဒ္ဓဘတ္တိကလဋ္ဌေါပ၊
ထမ္ဘိတာ ထေရဝါဒိနော။
ထေရာ သံဂီတိယာ ပုဗ္ဗ၊
ကိစ္စေ ကံသု နိဝတ္တိကာ။

၁။ ဣဒါနိ၊ သာသနာညှိုးလျက် မတိုးတက်ဘဲ လျော့သက်ယွင်းယို၊ ဤယခုလိုအခါမျိုး၌။ နော(မယံ)၊ သာသနာကောင်းစားရေး မျှော်တွေးလိုလား အများသော ငါတို့သည်။ ဆဋ္ဌသံဂါယနံ၊ သာသနာ ရောင်ခြည်နောင်အရှည် ထိန်တောက်မည့် ခြောက်ကြိမ်မြောက်ဂုဏ်တင် မဟာသံဂါယနာ လုပ်ငန်းစဉ်ကြီးကို။ ကရေမုသေ၊ သာသနာငါးထောင်ရှည်ကြာအောင် ရွယ်မှန်းလျက် တကယ်တမ်းဖြစ်ရမည်ဟု စံနစ်တကျ ပုံစံပြဂုဏ်ယူ ပြုလုပ်ဆောင်ရွက်ရပါကုန်မူကား။ ယန္နူန၊ ဗုဒ္ဓသာသနာ တိုးတက်ရာ တိုးတက်ကြောင်း (အော်) ကောင်းလေစွ။ ဝေ၊ ဤဆိုခဲ့သည့်အတိုင်း။ ဝိစိန္တိယ (စိန္တေ့တွာ)၊ နှလုံးသွင်းဆင်ခြင် ဥာဏ်အမြင် ကဲမောက်လျက် ရဲရဲတောက်အကြံသူးဖြင့် မကြံစဘူး ကြံစည်ကြကုန်ပြီးလျှင်။ သဒ္ဓမ္မဋ္ဌိတိယာ၊သာသနာရောင်ခြည် နောင်အရှည်ခိုင်မြဲလျက် မယိုင် မလဲတည်တံ့ဘို့ရန် အလို့ငှါငင်း။ စက္ကဝုမိယာ၊ ဗုဒ္ဓသာသနာ ကမ္ဘာမှာ တန်ခိုးထွက်လျက်တိုးတက်ပွါးများဘို့ရန်အလို့ငှါငင်း။

၂။ ထေရဝါဒိနော၊ထေရဝါဒ သဘာဝမဆန့်ကျင် ရှေးလမ်းစဉ်ကိုအရေးထားသဖြင့်လေးစားလောက်သည့် ထေရဝါဒိဂိုဏ်းဝင်ဖြစ်ကြပေကုန်သော။ထေရာ၊မြန်မာ၊ သီဟိုဠ်၊လာအို၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ မကျန်သည့် သံဃဆိုင်ရာ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အကျော် မထေရ်တော် အရှင်မြတ်တို့သည်။ ဗုဒ္ဓဘတ္တိကလဋ္ဌေါပထမ္ဘိတာ၊နိုင်ငံတော် ဗုဒ္ဓသာသန အဖွဲ့ကြီးနှင့် တကွရှိသမျှလူထု ပြည်ထောင်စု အစိုးရ၏ လုံးဝလောက်လုံ ထောက်ခံအားပေးခြင်းကို ရရှိကုန်သည် ဖြစ်၍။ သံဂီတိယာ၊ သာသနာတဝက်အလဲတွင် အခက်အခဲတွေဖြိုခွင်းမည့်လိုရင်း ခေါ်လောက် ခြောက်ကြိမ်မြောက်ထင်ပေါ်ဆဋ္ဌသံဂါယနာတော် အခမ်းအနားကြီး၏။ ပုဗ္ဗကိစ္စေ (ပုဗ္ဗကိစ္စာနိ)၊ ပိဋကတ်စာသွား ပုဒ်မှားသုတ်သင် လုပ်ငန်းစဉ် အရပ်ရပ်နှင့် တကွ ပိဋကတ် ဘာသာပြန် မူမှန်စစ်ဆေး ခွင့်ရေးကြီးကျယ် ဆောင်ရွက်ဘွယ်ပုဗ္ဗကိစ္စဟူသမျှတို့ကို။အနိဝတ္တိကာ၊စိတ်ထားလိုအင် မပြိုမပြင် မဆုတ်နစ် ကြကုန်ဘဲ။အကံသု၊ ဗုဒ္ဓသာသနာ အရာရာအရေးပြီးအောင် သွေးစည်း ပေါင်းဆုံ အတူ ဘက္ကဆောင်ရွက်ကြလေကုန်ပြီတကား။

## သံဃါယနာနှင့် လူတို့၏ အစွဲအလမ်း

ရှေးဟောင်း သာသနာဝင်နှင့် ရာဇဝင် အဆက်ဆက်ကို ပြန်လည်လေ့လာခဲ့ပါလျှင် မျက်မှောက် သာသနာ ထိန်းသိမ်းရေးနှင့် မျက်ကွယ်သာသနာ နောင်အရှည် တည်တံ့ရေးကိုသာ အသက်ဆံဖျား လေးစားမြတ်နိုး တော်မူကြသော သာသနာ့သူရဲကောင်း ရှေးဟောင်းမဟာထေရ်တို့သည် "သာသနာကို ရာဇာကူပင့်ပွင့်ထက်ပွင့်"ဟူသောပေါရာဏ်က(ပြောဆုံး)အတိုင်း ဗုဒ္ဓသာသနာတော်ကြီးကို ဦးစားပေး ခြီးမြှောက်လိုသော မင်းကောင်း မင်းမြတ်တို့ကိုပင် အမှီပြုကာ သာသနာငါးထောင် တည်တံ့ရေးအတွက် သံဃါယနာတင်၍ အသက်ဆက်ခဲ့ကြသည်ကိုတွေ့ရပါသည်။

သို့သော် ထိုစဉ်က သံဃါယနာတင်ခဲ့ကြရာဖြစ်သော ခေတ်(ကာလ)များမှာ ယေဘုယျအားဖြင့် ပြောရလျှင် သာသနာ ဘက်မှ ရဟန္တာများထွန်းကားရာခေတ်ဖြစ်၍ လောကဘက်မှ အာဏာရှင် ဘုရင်များ အုပ်စိုးရာခေတ်ဖြစ်ရကား၍အချက်ကိုပင် အတောက်အသားပြုပြီးလျှင် နောက်နှောင်း လူတို့ကလည်း"သံဃါယနာဟူသည်မှာ ရှင်ဘုရင်နှင့် ရဟန္တာများသာ ပြုလုပ် ဆောင်ရွက်ရသော ပုဂ္ဂလိက လုပ်ငန်းမျိုးဖြစ်သည်"-ဟု လွှေနံခေါးဆစ် ထင်မှတ်စွဲလမ်းခဲ့ကြပြန်သည်။သို့ဖြစ်ရာ မင်းဘုန်းမင်းတရား ပဌမသံဃါယနာတင်ခဲ့သည့် အခါ၌ပင် ဘုရင်ခေတ် ဖြစ်သော်လည်း သံဂီတိကာရက (မဟာထေရ်)အရှင်မြတ်တို့က ရှင်မဟာကဿပ ရှင်မောဂ္ဂလိပုတ္တတိဿ စသည့်တို့ကဲ့သို့ ခီဏာသဝတွေ မဟုတ်ကြသဖြင့် သံဃါယနာ တင်ထိုက်သလား-ဟူသော မေးခွန်းများလည်း ခေါးမိုးထားရာ အာဏာကြားထဲကမပြတ်သားသော ကန့်ကွက်မှုအနေဖြင့် တီးတိုး ပေါ်ပေါက်လာရသေး၏-ဟု ပြောစမှတ်ရှိခဲ့သည်။

## လူထုခေတ်၌ လူထုသံဃါယနာ

လွန်ခဲ့ပြီးဖြစ်သော သံဃါယနာ ကိစ္စများကို ဘုရင့်ခေတ်၌သာ ဆောင်ရွက် ခဲ့သဖြင့် ၎င်းကဲ့သို့ ထင်မှားစွဲလမ်း မှုတို့သည် ကားအဆန်း မဟုတ် တော့ပေ။ သို့သော်လည်း ထိုသံဃါယနာ ကိစ္စ သည်ကား အများထင်မှတ်နေသကဲ့သို့ ဘုရင်နှင့် ရဟန္တာများသာ ဆောင်ရွက်ရသော သီးသန့် ပုဂ္ဂလိကလုပ်ငန်းမျိုးမဟုတ်ပါ။

အမှန်မှာ သံဃါယနာ ကိစ္စဟူသည်မှာ သာသနာ တည်တံ့ရေးကို ရည်ရွယ်လျက် ဆောင်ရွက်ရသော သာသနာ အသက်ဆက် လုပ်ငန်းကြီးတမျိုးဖြစ်ရကား ရဟန္တာခေတ်၌ ရဟန္တာ အရှင်မြတ်တွေ သံဃါယနာတင်ရန် ဟာဝန်ရှိသကဲ့သို့ ယခု ခေတ်၌လည်း လက်ရှိ ဆရာတော် မဟာထေရ်ကျော်တွေ သံဃါယနာတင်ရန် တာဝန် ရှိရ ပြန်သည်။ လောကဘက်၌လည်း အလားတူပင် ဘုရင်ခေတ်၌ သံဃါယနာတင်ရေး အားပေးခြီးမြှောက်ရန်မှာ တာဝန်သိသောဘုရင်တို့၏ တာဝန်ဖြစ်သကဲ့သို့ ယခုလို လူထုခေတ်၌လည်း လူထုအစိုးရနှင့် လူထုကြီးတရပ်လုံး၏ တာဝန်ဖြစ်လာရပြန်သည်။

အကယ်၍ မိမိတို့မျက်မှောက်၌သံဃါယနာတင်ရလောက်အောင် သာသနာတော်၌ ချို့ယွင်းချက်များ တွေ့မြင် နေရပါလျက် ရဟန်းတော်များ ကလည်း ရဟန္တာတွေမဟုတ်သဖြင့် သံဃါယနာတင်ရန်မလို-ဟု လစ်လျူရှုကာ လူထုအစိုးရတို့ကလည်း အာဏာရှင်ဘုရင်မဟုတ်သဖြင့် မိမိတို့နှင့် မသက်ဆိုင်-

ဟု တာဝန်ကို လွှဲဖယ်နေမည် ဆိုပါမူကား၊ လူထုခေတ်ထဲ၌ရှိနေသော ထိုသာသနာတော်သည်ကား ဘယ်လိုဖြစ်သွားနိုင်သနည်း၊ စဉ်းစားနိုင်ပါသည်။ ထို့ကြောင့် ဘုရင့်ခေတ်၌ ဘုရင့်သံဃါယနာ ဖြစ်သကဲ့သို့၊ လူထုခေတ်၌ လူထုသံဃါယနာ ဖြစ်မှုသည်လည်း သဘာဝကျ၍ သာသနာသက် အား ဆက် ပေး ရာ ရောက်၏-ဟုမှတ်သားထိုက်လေသည်။

## မထေရ်ကြီးများအကြံတော်နှင့် ဆဋ္ဌသံဃါယနာ

မြန်မာပြည်အဖို့ ပြောရမူ၊ စစ်ဖြစ်ချိန်ကစ၍ စစ်ပြီးခေတ် သာသနာသည် အနှောင့်အယှက်မကင်း ရွှေလမင်း တိမ်ဖုံးသကဲ့သို့ တသာသနာလုံး စိုးရိမ်ရလောက်အောင် မှောင်နှင့်မဲမဲဖြစ်ခဲ့ရသည်။ သို့ဖြစ်ရာ သာသနာနောင်ရေး စိတ်မအေးရှာကြသော မြန်မာပြည်ရှိ အဂ္ဂမဟာပဏ္ဍိတ၊ ဩဝါဒါစရိယ စသော သမန္တပါသာဒိက ဂုဏ်ပေါင်းခသည့် သာသနာ့အာဇာနည် မဟာထေရ် အရှင်မြတ်ကြီးတို့သည် မိမိတို့မျက်မှောက်၌ ပြုပြင်ဘွယ်တွေ တပုံကြီး ရှိနေသော သာသနာတော်ကြီးကို လက်ပိုက်ပြီး မကြည့်ရက်နိုင်သဖြင့်-

(၁) မျက်မှောက်သာသနာထိန်းသိမ်းပြုပြင်ရေး။

(၂) မျက်ကွယ်သာသနာ နောင်အရှည်တည်တံ့ရေး။

(၃) ဗုဒ္ဓသာသနာ ကမ္ဘာဖြန့်ဖြူးရေး။

ဟူသော ၎င်း(၃)ချက်ကို မူထားပြီးလျှင် သာသနာတော်ကြီး ကောင်းစားရေး အတွက်၊ သံဃါယနာတင်၍၊ အသက်ဆက် ချီးမြှောက်ရမူ ကောင်းလေစွ-ဟု၊အကြံဖြစ်ကာ လွန်ခဲ့သော တနှစ်ခန့်ကစ၍ ဤသံဃါယနာကိစ္စကြီးကို စတင်ဆောင်ရွက်ကြရာ၊ ယခုအချိန်၌မူကား ကမ္ဘာ့ မျက်စိ၌ပင် ရုပ်လုံး ပေါ်နေပြီဖြစ်သောကြောင့်၊ "ဆဋ္ဌသံဃါယနာ"ဟူသော ကြွေး ကြော် သံ များ သည် လည်း ကမ္ဘာ သို့ ဂယက်ရိုက်ခဲ့လေပြီ။

လူထုခေတ်၌ ဤဆဋ္ဌသံဃါယနာ သဘင်ကြီးကို စတင်ဆောင်ရွက်လိုက်ခြင်းအားဖြင့် အားပေး ချီးမြှောက်ခွင့်ရကြသော ပြည်သူလူထုကြီးတရပ်လုံးမှာလည်း မှန်မြတ်သော သံဃါယနာကိစ္စ ဟူသည်မှာ ရှင်ဘုရင်များသာ ပိုင်ဆိုင်သင့်သော ပုဂ္ဂလိကပစ္စည်းမျိုးမဟုတ်၊ ပြည်သူလူထုပါပိုင်ဆိုင်သင့်သောအများဆိုင် ဘုံပစ္စည်းမျိုးပါတကား၊ ဟူသော အသိတရားများလည်း သူတို့၏စိတ်ထဲ၌ ကိန်းဝပ်စ ပြုလာရလေသည်။

## ဥပဒေစည်းမျဉ်းဖြစ်ပေါ်လာရပုံ

မြန်မာပြည်၌ မကြာမီပင် ဆဋ္ဌသံဃါယနာတင် လုပ်ငန်းကြီးကို ဆောင်ရွက်ကြတော့အံ့-ဟု ဆုံးဖြတ်ချက် ချခဲ့ကြလေပြီ၊သို့ရာတွင် ဤမျှကြီးကျယ် ထယ်ဝါသော လုပ်ငန်းကြီးကို စည်းမျဉ်းဥပဒေမရှိဘဲ အရမ်းမဲ့ ဆောင်ရွက်ခြင်းသည်၊ ဆောင်ရွက်သူတို့က မည်မျှလောက်ပင် စေတနာကောင်း ရှိနေသည်တိုင်အောင် တမျဉ်းကြိုးနှင့် တူသော ဥပဒေစည်းမျဉ်းကို ချိန်ထိုးခွင့် မရသဖြင့် လမ်းမရှိသော တောတွင်းခရီးသွားရသည်နှင့် တူရကား ရှေးဦးစွာ ဆဋ္ဌသံဃါယနာနှင့် သက်ဆိုင်သော ဤဥပဒေသ(စည်းမျဉ်း)များကို ဖန်တီးခဲ့ရပြန်လေသည်။

## စည်းမျဉ်းဥပဒေမှပေါက်ဖွားမှုများ

ဤ ဆိုခဲ့ပြီးသည့်အတိုင်း၊ ဆဋ္ဌသံဃါယနာ၏ ရှေ့တော်ပြေးဖြစ်သော အစည်း

ဝေးကြီးမှ အများသဘောတူ လက်ခံနိုင်သည့် စည်းမျဉ်းဥပဒေသများကို ရေးဆွဲ ပြုလုပ် နိဂုံးချုပ် ပြဋ္ဌာန်းပြီးနောက် ထို ဥပဒေစည်း မျဉ်းများအရ ဆဋ္ဌသံဂါယနာ ပိဋကတ်စာ တော်မူအဖြစ်ဖြင့် ပုဒ်ပါဌ်အက္ခရာ အမှန်ဆုံး အသန့်ရှင်းဆုံးဖြစ်သော ပိဋကတ် ကျမ်းစာ များ ရိုက်နှိပ်ရေးကို ရည်ရွယ်လျက်—

(က) အနယ်နယ်မှ ပိဋကတ်ဘက်တွင် ပြည့်စုံ လုံလောက်သော ပုဂ္ဂိုလ် များပါဝင်သည့် မူလပါဠိ ဝိသော ဓေ အဖွဲ့များ ဖွဲ့စည်း ပြီးလျှင် ပိဋကတ်တော်လာ ပုဒ်ပါဌ် ချို့ ယွင်းချက်များကို သီဟိုဠ်မူ„ ယိုး ဒယားမူ„ လန်ဒန်မူ„ကျောက်စာ တော်မူ- စသော မူ အမျိုးမျိုးနှင့် တိုက်ဆိုင်ကာ သုမ်သင် ပြင်ဆင် စေခြင်း။

(ခ) မူလဝိသောဓေအဖွဲ့မှ ပြင်ဆင်ပြီး ပိဋကတ်တော် စာမူများကို ထေရ ဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်သော သီဟိုဠ်„ ယိုးဒယား နိုင်ငံ တို့မှ ကျမ်းတတ် မထေရ်ကျော် တို့နှင့် ညှိနှိုင်း တိုင်ပင်လျက် မန္တလေး„ ရန်ကုန်- စသည် တို့မှ အလုံ လောက်ဆုံးကျမ်းဂန်တတ်မထေရ် ကျော်များ ဦးစီးပါဝင်သည့် ပါဠိ ပဋိဝိသောဓေ အဖွဲ့ကြီးက ထပ်မံ ပြင်ဆင်ခြင်း။

(ဂ) နိုင်ငံတော် အစိုးရ၏ လခရိက္ခာ တော်ဖြင့် လူပညာရှိ ပုဂ္ဂိုလ်များ ပြန်ဆိုထားသော ပိဋကတ် မြန်မာ ပြန်များကိုလည်း ပိဋကတ် မြန်မာ ပြန် ပဋိဝိသောဓေ အဖွဲ့များ ဖွဲ့စည်းလျက် တာဝန်ပေး ပြင်ဆင် စေခြင်း—

စသော အခြေခံလုပ်ငန်းစဉ်ကြီး (၃)ရပ် အပြင် ဆဋ္ဌသံဂါယနာတင်ကိစ္စ၌ အခြားလို အပ်သောအစီအစဉ်များကိုလည်းနိုင်ငံတော် အစိုးရ ဦးစီးသော ပြည်တော်သူ ပြည်တော် သား အများလူထုကြီးတရပ်လုံး၏ ခြိမ်းမြှောက် ကူညီမှုကို အမာထည် အခြေထားလျက် မနေ မနား ဆောင်ရွက်လာခဲ့ကြရာ ယခုအချိန်၌မူ မကြာမီ တွေ့ရတော့မည့် ဆဋ္ဌသံဂါယနာ အခမ်းနားကြီးသည်ကား အရှေ့ လောက ဓာတ်မှ ထွက်ပြူစနေဝန်းကဲ့သို့ ဝေရွှန်းသိန် ဖြာ ရောင်ခြည်ဝါ ရှက်သန်းခဲ့လေပြီ။

## ဥပဒေများ၏ရည်ရွယ်ချက်ပန်းတိုင်

သို့ဖြစ်ရာ မြန်မာပြည်၌သာမက ကမ္ဘာ ကပါ စိတ်ပါဝင်စားလျက် ရှိသော ဤ ဆဋ္ဌ သံဂါယနာ အခမ်းအနားကြီးသည်ကား မိမိတို့ရေးဆွဲ အတည်ပြုခဲ့သော ဥပဒေများ အရ စနစ်တကျ ပေါ်ပေါက်လာခဲ့ပြီ ဖြစ်၍ ဗုဒ္ဓလမ်းစဉ်နှင့် ဗီလာဖြစ်နေသော ကမ္ဘာ့ ဆူပူ ရေးများ သည်လည်း ဗုဒ္ဓလမ်းစဉ်အရ တည်ဆောက်သော ကမ္ဘာ့ငြိမ်းချမ်းရေး အဖြစ် ပြောင်းလွဲကာ မဝေးလှသော အနာ ဂတ်အချိန်၌ပင် အမှောင်ခွင်း၍ အလင်း ဆောင်နိုင်သော ကမ္ဘာသစ်နှင့် သာသနာ သစ်ကြီး တခုကိုလည်း နောက်ဆုံး ပန်းတိုင် အနေဖြင့် တွေ့ရမြင်ရလိမ့်မည်-ဟု မြော်လင့် လျက်ရှိပေသတည်း။

ပုံ-ဦးနာဂဝံသ
ပုံ-ဦးဝိသုဒ္ဓ
အကျိုးဆောင် ဆရာတော်များ
ဆဋ္ဌသံဂါယနာဝန်ဆောင်အဖွဲ့
၁၃၁၅-၁၀-ဝ,၁-

# ဆဋ္ဌသံဂါယနာတင်အတွက် ဆွေးနွေးရန် ကျင်းပသော

## ဆရာတော်ကြီးများ၏အစည်းအဝေး

### အစည်းအဝေး အစီအစဉ်

ပဌမပိုင်း

၁။ နိုင်ငံတော် အစိုးရ ကိုယ်စား သာသနာရေးဝန်ကြီးက ပဋိသန္ထာရစကား လျှောက်ထားရန်။

၂။ ဆရာတော်များက မိမိတို့အထည်းမှ ဆရာတော်တပါးကို အစည်းအဝေး သဘာပတိအဖြစ် တင်မြှောက်တော်မူကြရန်။

၃။ ဆရာတော်များက မိမိတို့အထည်းမှ ဆရာတော်တပါးကို အစည်းအဝေး အတွင်းရေးမှူးအဖြစ် တင်မြှောက်တော်မူကြရန်။

၄။ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ဥက္ကဋ္ဌ၏ အစည်းအဝေးသို့ ဆရာတော်များအား ပင့်ရခြင်းအကြောင်းစသည်ပါဝင်သောလျှောက်ထားချက်ကိုနားဆင်တော်မူကြရန် (ဥက္ကဋ္ဌ)။

၅။ ထိုလျှောက်ထားချက်တွင်၊ ရည်ညွှန်းသောစာတမ်းကို နားဆင်တော်မူကြရန်။

(ဦးသိမ်းမောင်)

၆။ ပိဋကတ် မြန်မာပြန်အဖွဲ့ ဖွဲ့စည်းပုံနှင့် ထိုအဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များ၏ အရည်အချင်းကို နားဆင်တော်မူကြရန်။

(ဆရာလင်း)

ဒုတိယပိုင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ကိုယ်စား နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးက၊ လျှောက်ထားသည့်အတိုင်း၊ဆဋ္ဌသံဂါယနာ တင်ရာတွင်၊ သံဃာတော်များ ဘက်မှ ဆောင်ရွက်ရန် ရှိသော ကိစ္စအဝဝကို စီမံခန့်ခွဲတော်မူကြရန်နှင့် ကိုယ်တိုင်လည်း ပါဝင်ဆောင်ရွက်တော်မူကြရန် အရေးကို ဆွေးနွေးဆုံးဖြတ်တော်မူကြရန်။

၂။ ဆဋ္ဌသံဂါယနာတင်ရန် သံဃာ့အဖွဲ့တွင်၊ ဆရာတော် ဘယ်နှစ်ပါး ပါဝင်သင့်ကြောင်းဆုံးဖြတ်တော်မူနိုင်ကြရန်၊အောက်ပါ အချက်များကို ရှေးဦးစွာ ဆွေးနွေး ဆုံးဖြတ်တော်မူကြရန်။

(က) ပါဠိတော် တကျမ်းစီ နှင့် ၎င်း၏ အဋ္ဌကထာ ဋီကာ စာမူများကို ပဌမ အကြိမ် သုတ်သင်ရန်နှင့်၊ ပိဋကတ်မြန်မာပြန်အဖွဲ့က တင်ပြမည် ဖြစ်သော ထိုပါဠိတော်၏ မြန်မာပြန်ကို ပဌမအကြိမ် စစ်ဆေးပြင်ဆင်ရန် ဆရာတော်များ၏ အဖွဲ့ငယ်တခုစီ ဖွဲ့စည်းရန် သင့်မသင့်။

(ခ) ဖွဲ့စည်းရန် သင့်လျှင်၊ အဖွဲ့ငယ် တခုတွင် ဆရာတော်မည်မျှ ပါဝင်သင့်ကြောင်း။

(ဂ) ပါဠိတော် အဋ္ဌကထာနှင့် ဋီကာ အားလုံးအတွက်၊ အဖွဲ့ငယ်ပေါင်း မည်မျှ ရှိသင့်ကြောင်း။

၃။ အမှတ်(၂)ပါ အချက်များကို၊ ဆွေးနွေးဆုံးဖြတ်ပြီးသည့်နောက်၊ ဆဋ္ဌသံဂါယနာ

တင်ရန်သံဃအဖွဲ့ကြီးတွင်၊အဖွဲ့ဝင်ဆရာတော်များအပြင်-

(၁) ဥက္ကဋ္ဌဆရာတော်တပါး။
(၂) ဒုတိယ ဥက္ကဋ္ဌ ဆရာတော် တပါး
(၃) အတွင်းရေးမှူး တပါးနှင့်
(၄) တွဲဘက် အတွင်းရေးမှူး တပါး၊ ရှိဘို့ သင့်မသင့် ဆွေးနွေးဆုံးဖြတ်တော်မူကြရန်။

၄။ အဖွဲ့ဝင်များအတွက်လည်း၊ အမှတ်(၂)အရ၊ လိုသော ဆရာတော်(　　)ပါး အပြင်၊အရံဆရာတော်မည်မျှရွေးချယ်၍ ထားရန် သင့်ကြောင်း ဆွေးနွေး ဆုံးဖြတ်တော်မူကြရန်။

၅။ (က) အမှတ်(၂)အရ၊ အဖွဲ့ဝင်များအတွက် ဆရာတော်(　　) ပါးရှိမည်ဖြစ်ရာ၊
(ခ) အမှတ်(၃)အရ၊ အဖွဲ့ကြီး အတွက်လည်း ဥက္ကဋ္ဌ ဆရာတော် (　　)ပါး ရှိရမည်ဖြစ်ရာ။
(ဂ) အမှတ် (၄) အရလည်း၊ အရံဆရာတော်(　　)ရှိရမည်ဖြစ်ရာ၊ဆရာတော်ပေါင်း(　　) လိုပါသည်၊ သို့အတွက် (၁) အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများ။(၂) နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် (၃) နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများပါဝင်သော သံဃာ့အဖွဲ့ကပင်လျှင်၊ မိမိတို့ပါဝင်ပြီးသည့်နောက်၊ လို၍နေသေးသော ဆရာတော်များကို၊ ရွေးချယ်ရန် သင့်မသင့် ဆွေးနွေး ဆုံးဖြတ်တော်မူကြရန်။

၆။ သင့်လျှင် မည်ကဲ့သို့သော သိက္ခာဝါ အရည်အချင်းနှင့်ပြည့်စုံသော ဆရာတော်များ အထည်းမှသာ ရွေးချယ်မည်ဖြစ်ကြောင်းဆုံးဖြတ်သတ်မှတ်တော်မူကြရန်၊

၇။ ဆုံးဖြတ် သတ်မှတ်တော် မူကြသည့် အရည်အချင်းနှင့်ပြည့်စုံသော ဆရာတော်များ၏ စာရင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် တဝှမ်းလုံးမှ ရနိုင်အောင်၊ မည်သူတို့အား ကောက်စေသင့်ကြောင်း ဆွေးနွေး ဆုံးဖြတ်တော်မူကြရန်။

၈။ ထိုစာရင်းကိုရသောအခါ၊ စာရင်းပါဆရာတော်များအထည်းမှ လိုသလောက်ရွေးချယ်တင်မြှောက်ရန်၊ယခုဆရာတော်များ ထပ်မံစည်းဝေးဘို့အရေးကို ဆွေးနွေး ဆုံးဖြတ်တော်မူကြရန်။

၉။ ဆရာတော်များ၏ နောက်တကြိမ်အစည်းအဝေးမတိုင်မီ၊ ဒါယကာများဘက်မှ ဆဋ္ဌသံဂါယနာတင်ရေးအတွက်၊ မည်သည့်ကိစ္စများကိုဆောင်ရွက်ထားနှင့်သင့်ကြောင်း ဆွေးနွေးဆုံးဖြတ်ပြီးလျှင်၊ ဩဝါဒပေးတော်မူကြရန်။

၁၀။ အထွေထွေ။

၁၁။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်ကျေးဇူးတင်စကားပြောကြားရန်။

**ဩဝါဒါစရိယ သံဃနာယက အဖွဲ့ကြီး၏ပဉ္စမအကြိမ် အစည်းအဝေးမှတ်တမ်း**

၁။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ပင့်လျှောက်ချက်အရ၊ ဆဋ္ဌသံဂါယနာနှင့် စပ်လျဉ်း၍၊ဩဝါဒချီးမြှင့်တော်မူကြရန်၊ဩဝါဒါစရိယ သံဃနာယကအဖွဲ့ကြီး၏၊ ပဉ္စမအကြိမ်အစည်းအဝေးကို ၁၃၁၃-ခုတပို့တွဲလပြည့်

တနင်္ဂနွေနေ့တွင်၊ရန်ကုန်မြို့ ကုတ်ကိုင်းသာသနာ့ရိပ်သာ မင်္ဂလာ မဏ္ဍပ်ကြီး၌ ကျင်းပရာ မြန်မာပြည်အရပ်ရပ်မှ-

(၁) အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများ။

(၂) နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့်

(၃) နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ။

စုစုပေါင်း(၅၃)ပါးကြွရောက်ချီးမြှောက်တော်မူကြပါသည်၊ အဆိုပါ ဩဝါဒါစရိယ သံဃနာယကအစည်းအဝေးကြီးတွင်၊ဟင်္သာတမြို့ ဘုရားကြီးကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတဆရာတော်ဦးစာရိန္ဒာသဘက သဘာပတိဆရာတော်အဖြစ်ဖြင့် ဆောင်ရွက်တော်မူ၍၊ ညောင်ရမ်း ဆရာတော်ဘုရားက အတွင်းရေးမှူး ဆရာတော် အဖြစ်ဖြင့် အသီးသီးဆောင်ရွက်တော်မူကြပါကြောင်း။

၁။ ပဌမတွင် နိုင်ငံတော် ဗုဒ္ဓ သာသနာအဖွဲ့၏ လျှောက်ထားချက်အရ ဆဋ္ဌသံဂါယနာနှင့် စပ်လျဉ်းသော ကိစ္စ အရပ်ရပ် တို့ကို စဉ်းစား၍၊ ဤအဖွဲ့ကြီးအား ပြန်လည်အစီရင်ခံရန် အလို့ငှါ၊ ဆရာတော်(၁၉)ပါး ပါဝင်သော သံဃာ့ဝန်ဆောင် ဆရာတော်များအဖွဲ့ကို ဖွဲ့စည်းတော်မူကြပါသည်။

၂။ ထိုသံဃာ့ဝန်ဆောင် ဆရာတော်များအဖွဲ့၏ အစည်းအဝေးမှ ချမှတ်တော်မူသော ဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း။

၁၃၁၃-ခု၊ တပို့တွဲ လပြည့်နေ့ ဩဝါဒါစရိယ သံဃနာယက အစည်းအဝေးကြီးမှ ရွေးကောက်တော်မူလိုက်သော သံဃာ့ဝန်ဆောင် ဆရာတော် ၁၉-ပါးတို့၏ ဆဋ္ဌသံဂါယနာတင်ရေး အတွက် သံဃာ့ အစည်းအဝေးကြီးသို့ တင်ပြရန်ဆုံးဖြတ်ချက်များ။

## သံဃဝန်ဆောင် အဖွဲ့ဝင် ဆရာတော်များ။

၁။ ညောင်ရမ်း ဆရာတော်။(အဂ္ဂမဟာပဏ္ဍိတ)

၂။ ဟံသာဝတီဆရာတော်။

၃။ ရွှေဘုန်းရှိန် ဆရာတော်။

၄။ ဦးဇနကာဘိဝံသ၊ (အဂ္ဂမဟာပဏ္ဍိတ)

၅။ ဦးဝိသုဒ္ဓ (ဝိဇ္ဇာလင်္ကာရ ဆရာတော် ကိုယ်စား)

၆။ ဦးနာဂဝံသ၊ ဗားကရာ တောရဆရာတော်။

၇။ ဦးဉာဏိယ၊ အရှင် အာဒိစ္စဝံသ ကျောင်းတိုက်ဆရာတော်။

၈။ ဘုရားဖြူဆရာတော်၊ ရန်ကုန်။

၉။ ဘလုပ်ဆရာတော်၊ ရန်ကုန်။

၁၀။ ဦးရေဝတ၊ ပုသိမ် ဆရာတော်။ (မန္တလေး)

၁၁။ သပြေပင်ဆရာတော် (ဟင်္သာတ)

၁၂။ ဦးပညာဝံသ၊ (အဂ္ဂမဟာ ပဏ္ဍိတ) ရေနံချောင်း။

၁၃။ ဦးသုန္ဒရ၊ ငှင်း။ (ပခုက္ကူ)

၁၄။ မဟာစည် ဆရာတော် ဦးသောဘဏ၊ရှင်း။ ရန်ကုန်။

၁၅။ ဦးဝိမလ၊ စစ်ကိုင်း(ကိုယ်စားလှယ်)

၁၆။ စံကျောင်း ဆရာတော်၊ (အဂ္ဂ မဟာ ပဏ္ဍိတ) မန္တလေး။

၁၇။ ဦးစန္ဒရံသီ၊ (ဓနုဖြူ)

၁၈။ မလင်း ဆရာတော်၊ ကြည့်မြင်တိုင်။

၁၉။ ကံတွင်း ဆုတောင်းပြည့်ဆရာတော် ဦးသုဘာသိတ၊(အဂ္ဂမဟာပဏ္ဍိတ) ပြည်မြို့။

## ယခုကျင်းပမည့် သံဂါယနာ၏အမည်

၁။ ယခုကျင်းပမည့်သင်္ဂါယနာကို ဆဋ္ဌသံဂါယနာ ဟု ခေါ်တွင် စေရန် သဘောတူညီကြသည်။

၂။ ဆဋ္ဌ သံဂါယနာ တင်ရခြင်းအကြောင်း။

(က) မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ်ကို အဆပ်ဆပ် အဆင့်ဆင့် ရေးကူးရာ၌ သတိချွတ်ယွင်း ရေးမှားမိခြင်းဟု ဆိုအပ်သော ပမာဒလေခ ပါဌ်ပျက်များကို အထူး သန့်ရှင်းစင်ကြယ်လိုသောကြောင့်၎င်း။

(၂) ထိုစင်ကြယ်သော ပိဋကတ်တော်များကို စက်တင် ပုံနှိပ်ပြီးလျှင် ဆဋ္ဌသံဂါယနာတင်၍ ကမ္ဘာ အရပ်ရပ်သို့ ပျံ့နှံ့စေခြင်းအားဖြင့် အဓွန့်ရှည်စွာ တည်စေလိုသော ကြောင့်၎င်း။

(၃) လွတ်လပ်သော မြန်မာနိုင်ငံတော်နှင့် တကွ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ အားလုံးတို့က သာသနာတော်ကို စုပေါင်း အားပေး ချီးမြှောက် လိုသောကြောင့် ၎င်း။

ဆဋ္ဌသံဂါယနာ တင်ရန် သဘောတူညီတော်မူကြသည်။

## အစည်းအဝေးဒုတိယပိုင်း

၃။ အမှတ်စဉ် ၂-ကိစ္စ။ ။သံဃာ့ အဖွဲ့များ ဖွဲ့စည်းရေးကိစ္စကို အမှတ်စဉ် ၆-အရ သတ်မှတ်သည့်အရည်အချင်းနှင့် ပြည့်စုံသည့် ဆရာတော်များ၏ စာရင်းကို ရရှိသောအခါ နောက်တကြိမ် စည်းဝေးမည့် သံဃနာယက အစည်းအဝေးကြီးတွင်ဆွေးနွေးရန် အလို့ငှါ ရွှေ့ဆိုင်းရန်သဘောတူညီကြသည်။

၄။ အမှတ်စဉ် ၃-နှင့် ၄-ကိစ္စ။ ။အမှတ်စဉ် ၂-ကိစ္စအတိုင်း ရွှေ့ဆိုင်းရန် သဘောတူညီကြသည်။

၅။ အမှတ်စဉ် ၅-ကိစ္စ။ ။ယခု သံဃာ့ အစည်း အဝေး ကြီးသို့ ပင့်ဖိတ်ထားသော ဆရာတော်ကြီး အားလုံး ပါဝင်ရန် သဘောတူညီကြသည်။ သို့ရာတွင် (က) (ခ) (ဂ) ကိစ္စတို့ကိုအမှတ်စဉ် ၂-ကိစ္စ အတိုင်း ရွှေ့ဆိုင်းရန်သဘောတူညီကြသည်။

၆။ အမှတ်စဉ် ၆-ကိစ္စ။ ။အရည်အချင်း။

(က) မူလစာချဓမ္မာစရိယ ဖြစ်ခြင်း။ သို့မဟုတ် အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ ပရိယတ္တိသာသနာဟိတဓမ္မာစရိယ တခုခု ဖြစ်ခြင်း။

(ခ) သံဃာ့အစည်းအဝေးကြီးမှပေးအပ်မည့် ပိဋကတ်တော် သုတ်သင်ရေး တာဝန်ကို ဆောင်ရွက်နိုင်ခြင်း။

(ဂ) ဝါတော် ၂၀-ဆက် မငယ်ခြင်း။ သို့ရာတွင် ဝါတော် ၂၀-မပြည့်သော်လည်း ပါဠိဝိသောဓန

တာဝန်ကို ဆောင်ရွက်နိုင်မည့် သတ္တိအရည်အချင်းနှင့်ပြည့်စုံသည် ဟုဆရာတော်ကြီးများက ရွေးချယ်ခြင်း ခံရသော ရဟန်းတော် များလည်း ပါဝင်နိုင်စေရမည်။

(ဃ) ဝိနည်း သိက္ခာပုဒ်နှင့် စပ်လျဉ်း၍ အမျှား ရှိသေလေးစား လောက်သောပုဂ္ဂိုလ်ဖြစ်ခြင်း။

၇။ အမှတ်စဉ် ၇-ကိစ္စ။ ။အဆိုပါ အရည်အချင်းများနှင့် ပြည့်စုံသော ဆရာတော်များ၏ စာရင်းကို ကောက်ယူရေးအတွက် ဆိုင်ရာဒေသကိုယ်စားလှယ်နှင့် နယ်အရာရှိများမှတဆင့် ဗုဒ္ဓသာသနာ့ အဖွဲ့ကြီးက ဆောင်ရွက်ရန်သဘောတူညီကြသည်။

၈။ အမှတ်စဉ် ၈-ကိစ္စ။ ။ထိုစာရင်းကို ရရှိသောအခါ စာရင်းပါ ဆရာတော်များ အထည်းမှလိုသလောက်ရွေးချယ်ရန်အလို့ငှါ ယခု ပင့်ဖိတ်ရာတွင် ပါဝင်သည့် "ဩဝါဒါစရိယသံဃနာယက"ဆရာတော်ကြီးအားလုံး ထပ်မံစည်းဝေးရန်။

၉။ အမှတ်စဉ် ၉-ကိစ္စ။

(က) ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်-အမ်-ဘီ-အေ) အသင်းမှ လျှောက်ထားချက်အရ ဆရာတော်များကကျောက်စာမူကိုအရင်းခံ၍ သုခ်သင် ထားသော သင်ရိုးပိဋကတ်မှတပါး ကျန်ရှိနေသည့် နိကာယ် များကို ထိုနည်းအတိုင်း ပင် ပြီးဆုံး အောင် ဆက်လက်ဆောင်ရွက် ကြရန် တိုက်တွန်းကြသည်။

(ခ) ပိဋကတ် မြန်မာဘာသာ ပြန်ရာတွင်လိုက်နာရန် စည်းမျဉ်းများကို သတ်မှတ်ရေးအတွက် သံဃာငါးပါးထက်မများသော သံဃာ့အဖွဲ့ငယ်တခု ဖွဲ့စည်းရန် သဘောတူညီကြသည်။

### အထွေထွေ

၁၀။ နောက်တကြိမ် စည်းဝေးမည့်နေ့ရက်ကိုနိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့က သတ်မှတ်စေရန် သဘောတူညီကြသည်။

## ဩဝါဒါစရိယသံဃနာယကအဖွဲ့ ဒုတိယနေ့အစည်းအဝေးမှတ်တမ်း။

၁၃၁၃ ခုတပို့တွဲ လပြည့်ကျော် ၁-ရက် (၁၁-၂-၅၂) နေ့ မွန်းလွဲ ၁-နာရီ အချိန် စတင်ဖွင့်လှစ်တော်မူကြသည်။

ထို အစည်းအဝေးသို့ ဩဝါဒါစရိယနာယက ဆရာတော် ကြီးများ အစုံ အညီ ကြွရောက်တော်မူကြလေသည်။

ထို အစည်းအဝေး၌ ဟင်္သာတ ဘုရားကြီးဆရာတော်က သဘာပတိ အဖြစ်ဖြင့်၎င်း၊ ညောင်ရမ်းဆရာတော်က အကျိုးဆောင် အဖြစ်ဖြင့်၎င်း ဆောင်ရွက်တော်မူကြ၏။

### ပြဋ္ဌာန်းတော်မူချက်များ။

၁။ ၁၃၁၃-ခုတပို့တွဲလပြည့်နေ့၊ သံဃာ့အစည်းအဝေးကြီးမှရွေးကောက်တော်မူလိုက်ကြသောသံဃဝိဓာယက ဆရာတော်၁၉-ပါးတို့၏ ဆဋ္ဌသံဂါယနာတင်ရေးအတွက် တင်ပြချက်များကို အောက်ပါ အတိုင်း လက်ခံပြဋ္ဌာန်းတော်မူကြ၏။

(၁) သံဃ ဝိဓာယက ဆရာတော်များ အဖွဲ့ငယ်မှ တင်ပြချက် (၁)(၂)

(၃) (၄) (၅) (၆) (၇) (၁၀) တို့ကို တင်ပြချက် အတိုင်း လက်ခံ ပြဋ္ဌာန်းတော်မူကြ၏။

(၂) တင်ပြချက်(၇)ကို လက်ခံ ပြဋ္ဌာန်းတော် မူကြသည့်ပြင်၊ အောက်ပါ အတိုင်း ဖြည့်စွက် မှတ်သား ထား ရန် ပြဋ္ဌာန်းတော် မူကြသည်။

မှတ်ချက်။ ။သံဃာယနာတင်ပွဲတွင် ပြည်ထောင်စု အရပ်ရပ်မှ ထင်ပေါ် ကျော်စော သော ဆရာတော်ကြီးများ စုံလင်စွာ ပါရှိအောင် ရွေးကောက်ရန်။

(၃) တင်ပြချက် အမှတ် (၉-က) ကို လက်ခံ ပြဋ္ဌာန်းတော်မူကြသည့်ပြင် ယခင် ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းမှ လျှောက်ထားချက် အရ၊ တိုက်ဆိုင် သုမ်သင်တော် မူခဲ့ကြ သော မန္တလေးမှ ဆရာတော်များ ကိုပင် ဤသံဃအစည်းအဝေးကြီးမှ ဆက်လက် ရွက်ဆောင်တော် မူကြ ရန် တိုက်တွန်း မေတ္တာရပ်ခံတော် မူကြသည်။

(၄) တင်ပြချက် (၉-ခ) အရ၊ လက်ခံ ပြဋ္ဌာန်း တော် မူကြ သည့် ပြင်၊ အောက် ပါ အတိုင်း ဖြည့် စွက် ပြဋ္ဌာန်းတော်မူကြ၏။

ဖြည့်စွက်ပြဋ္ဌာန်းချက်။ ။ပါဠိတော်တွင် ရှိသည့်အတိုင်း အတိအကျအဓိပ္ပါယ်ရအောင် ပြန်ဆိုရန်။

တင်ပြချက် (၉)(ခ) အရ၊ အောက်ပါ ဆရာတော် များအား ရွေးကောက်တော် မူကြ၏။

(၁) ဟံသာဝတီဆရာတော်
(၂) ပခုက္ကူဦးနန္ဒဝံသဆရာတော်
(၃) ဗားကရာတောရဆရာတော်
(၄) မဟာစည်ဆရာတော်
(၅) ဟသ်ာတသပြေပင်ဆရာတော်
(၆) ဆရာတော်ဦးဇနကာဘိဝံသ
(၇) ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ

၂။ အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်များ၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များ စုပေါင်း စည်းဝေးသည့် အဖွဲ့ကြီးကို "ဩဝါဒါစရိယ သံဃနာယက"ဟု ခေါ်တွင်စေရန် ဆုံးဖြတ် တော်မူကြသည်။

၃။ ၁၃၁၃-ခု၊ တပို့တွဲ လပြည့်နေ့တွင် ဩဝါဒါစရိယ သံဃနာယကအဖွဲ့ အစည်း အဝေးကခန့်ထားသည့်ဆရာတော်(၁၉)ပါး ပါဝင်သည့် အဖွဲ့ကို "ကမ္မဝိဒေယကသံဃ" အဖွဲ့ဟု ခေါ်တွင်စေရန် ဆုံးဖြတ်တော်မူကြ သည်။

၄။ ဤဩဝါဒါစရိယ "သံဃနာယက" အဖွဲ့ အစည်းအဝေးကြီးက ဖွဲ့စည်းသည့် "ကမ္မဝိဓေယကသံဃ" အဖွဲ့မှ တင်သွင်း၍ လက်ခံအတည်ပြုပြီးသော ကိစ္စများနှင့် တကွ ဆဋ္ဌသံဂါယနာနှင့် စပ်လျဉ်းသမျှ ကိစ္စအား လုံးကို နောက်တကြိမ် ဤသံဃအစည်းအဝေး ကြီးမကျင်းပမီ ကာလအပိုင်းအခြားအတွင်း၌ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က အသေးစိပ် ဆောင်ရွက်ရာတွင် ဩဝါဒ ပေးနိုင်စေရန် အလို့ငှါ၊ ၇-ပါးထက်မများသော "ဩဝါဒါ နုသာသကသံဃ"အဖွဲ့တခုကို ဖွဲ့စည်းရန်နှင့် ထိုသံဃအဖွဲ့၏ဩဝါဒကိုခံယူ၍ ဆောင်ရွက် ခဲ့သည့်လုပ်ငန်းများကို နောက်တကြိမ်ကျင်းပ မည့် "ဩဝါဒါစရိယသံဃနာယက"အစည်း

အဝေးကြီးတွင် တင်ပြရန် ဆုံးဖြတ်တော်မူကြသည်။

"ဩဝါဒါနုသာသကသံဃ" အဖွဲ့တွင် အောက်ပါ ဆရာတော်ကြီးများအား ရွေးကောက်တော် မူကြကုန်၏။

(၁) ပခုက္ကူဆရာတော်၊(အဂ္ဂမဟာပဏ္ဍိတ)
(၂) မစိုးရိမ်ဆရာတော်၊ ၎င်း
(၃) ဇေယျဝတီဆရာတော်၊
(၄) လေသာ ဆရာတော်၊ (အဂ္ဂမဟာပဏ္ဍိတ)
(၅) ဘုရားဖြူဆရာတော်၊
(၆) ဦးဣန္ဒသရိယဆရာတော်၊
(၇) ဗားကရာတောရဆရာတော်၊

အစည်းအဝေးကြီး၌ ပခုက္ကူမြို့ မဟာဝိဇယာရာမ်တိုက်သစ် ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)က ငါးပါးသီလ ခြီးမြှင့်တော် မူပြီးလျှင်၊ မင်္ဂလသုတ်၊ မေတ္တသုတ် တို့ကို ရွတ်ဘာသ်တော် မူကြ၏။ ၎င်းနောက် ဆဋ္ဌသံဂါယနာနှင့် စပ်လျဉ်း၍ ဩဝါဒ စကားမြွက်ကြားတော်မူကြပြီးလျှင် "ဩဝါဒါစရိယသံဃနာယက"အစည်းအဝေးကြီးကို ၃-နာရီ ၁၅-မိနစ်အချိန်၌ သာဓု (၃) ကြိမ်ခေါ်ကာ ရုတ်သိမ်းတော် မူလိုက်ကြကြောင်း။

## မြန်မာဘာသာ ပြန်ဆိုရာ၌ လိုက်နာရမည့် အဓိက သတ်မှတ်၍ ဆရာတော်များ ဩဝါဒ ပေးသော အချက်များ။

၁။ ပါဠိတော်တွင် ရှိသည့်အတိုင်း အတိအကျ အဓိပ္ပါယ်ရအောင် ပြန်ဆိုရမည်။

၂။ မြန်မာစာ ဘာသ်တတ်သူတိုင်း သိရှိနားလည်နိုင်သော စကားဝါကျတို့ဖြင့် ပြေပြစ်ချောမောအောင် ပြန်ဆိုရမည်။

၃။ ပါဠိတော်စဥ် အတိုင်း စကားချောမော ပြေပြစ်ခဲ့လျှင် ၎င်းပါဠိတော် ဝါကျအတိုင်းပင်ပြန်ဆိုရမည်။

၄။ ရှေ့နောက် အဆက်အစပ် လိုသောအရာ၌ ဖြစ်စေ၊ မြန်မာစကား၌ မပေါ်လွင်သော အရာ၌ ဖြစ်စေ၊ လက်သည်းကွင်းပြု၍ မြုပ်နေသော အဓိပ္ပါယ်ကို ထည့်သွင်းပြီး ပြန်ဆိုရမည်။

၅။ ပါဠိတော်အတိုင်း မပေါ်လွင်မထင်ရှားသောအဓိပ္ပါယ်ကို အောက်ခြေ၌မှတ်ချက်ပြု၍ ပြန်ဆိုရမည်။

၆။ မြန်မာဝေါဟာရ ဖြစ်နေသော ပုဒ်များကို၎င်း၊ မြန်မာသက်သက် ပြန်ဆိုလျှင် နားမလည်နိုင် အဓိပ္ပါယ် အတိအကျ မရနိုင်သော ပုဒ်များကို၎င်း၊ ပါဠိဝေါဟာရအတိုင်း ထားရမည်။

၇။ ထိုထိုကျမ်းတို့၌ ထပ်တူ လာသော ပါဠိပဒ ဝါကျများကို မြန်မာ ပြန်ဆိုရာတွင် ထပ်တူသဘ်မျှ တမျိုးတည်း ဖြစ်စေရမည်။

၈။ မြန်မာ စကား အသုံးအနှုန်းများကို ခန့်ခန့်ငြားငြား ဖြစ်စေရမည်။

၉။ အကြောင်းအားလျော်စွာ ကဏ္ဍ အပိုင်းတို့၌ စာအညွှန်း ခေါင်းများ ထည့်သွင်းရမည်၊ သို့သော် အလွန်မများစေရ။

## ဩဝါဒါနုသာသက အဖွဲ့ဝင် ဆရာတော်များ၏တိုက်တွန်း နှိုးဆော်ချက်။

သာသနာတော် အဓွန့်ရှည်စွာ တည်တန့်ရေးအတွက် ဆရာတော်များ လေးနက်စွာ

တိုက်တွန်း နှိုးဆော်အပ်ပါသည်၊ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော် အပေါင်းတို့ဘုရား။ မြန်မာတပြည်လုံးမှ (၁)အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးများ (၂) နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် (၃) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ပါဝင်တော်မူသော ဩဝါဒါစရိယ သံဃနာယကအဖွဲ့ကြီးက ဆဋ္ဌသံဂါယနာတွင် ပါဝင်ဆောင်ရွက်တော်မူကြရမည့် ဆရာတော်များအတွက် သတ်မှတ် ထားရှိသော အရည်အချင်းများမှာ–

(က) မူလစာချ ဓမ္မာစရိယ ဖြစ်ခြင်း၊ သို့မဟုတ် အစိုးရ ဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ပရိယတ္တိသာသနဟိတဓမ္မာစရိယဖြစ်ခြင်း။

(ခ) သံဃာ့အစည်းအဝေးကြီးမှ ပေးအပ်မည့် ပိဋကတ်တော် သုတ်သင်ရေး တာဝန်ကို ဆောင်ရွမ်းနိုင်ခြင်း။

(ဂ) ဝါတော် (၂၀) ထက် မငယ်ခြင်း၊(သို့ရာတွင် ဝါတော် (၂၀) ပင်မပြည့်သော်လည်း တာဝန်ကို ဆောင်ရွမ်းနိုင်မည့် သတ္တိ အရည်အချင်းနှင့် ပြည့်စုံသည်ဟု ဆရာတော်ကြီးများက ရွေးချယ်ခြင်း ခံရသော ရဟန်းတော်များလည်း ပါဝင်နိုင်သည်)။

(ဃ) ဝိနည်း သိက္ခာနှင့် စပ်လျဉ်း၍ ရိုသေ လေးစား လောက်သော ပုဂ္ဂိုလ်ဖြစ်ခြင်း၊ပေါင်း ဤလေးရပ်သောအင်္ဂါများ ဖြစ်ကြပါသည်။ ဤအင်္ဂါများနှင့် ပြည့်စုံသော ဆရာတော်များသည် သာသနာတော်ကြီး သန့်ရှင်းစွာ တည်တန့်ရေးကို ရှေးရှု၍ မိမိတို့အမည်စာရင်းကို ဝမ်းမြောက်အားတက်စွာ ပေးသွင်းတော်မူကြပါမည့်အကြောင်း လေးနက်စွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်ဘုရား။

ဩဝါဒါနုသာသက အဖွဲ့ဝင် ဆရာတော်များ

၁။ (ပုံ) လေသာဆရာတော်။
၂။ (ပုံ) မစိုးရိမ်ဆရာတော်။
၃။ (ပုံ) ပခုက္ကူဆရာတော်။
၄။ (ပုံ) ဇေယျဝတီဆရာတော်။
၅။ (ပုံ) အရှင်ဣဿရိယဆရာတော်။
၆။ (ပုံ) ဘုရားဖြူဆရာတော်။
၇။ (ပုံ) ဗားကရာ တောရ ဆရာတော်။

(ပုံ) ဦးသွင်
ဥက္ကဋ္ဌ
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့။

ဩဝါဒါနုသာသက အစည်းအဝေးမှတ်တမ်း။

စည်းဝေးသည့် အချိန်။ ။ ၁၃၁၄ ခု၊ နယုန်လဆန်း ၁–ရက် (၂၄–၅–၅၂) စနေနေ့ မွန်းလွဲ ၁–နာရီ။

ကျင်းပသည့် နေရာ။ ။ ကြည့်မြင်တိုင် ဇေယျဝတီကျောင်းတိုက်။

ကြွရောက်တော်မူကြသည့် ဆရာတော်များ။

၁။ လေသာဆရာတော်။
၂။ ဇေယျဝတီဆရာတော်။
၃။ အရှင်ဣဿရိယဆရာတော်။
၄။ ဘုရားဖြူဆရာတော်။
၅။ ဗားကရာ တောရ ဆရာတော်၊ (အတွင်းရေးမှူး)

ဆုံးဖြတ်ချက်များ

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ တင်ပြသော သံဃာတော် စာရင်းများကို အတွင်း

ရေးမှူး ဆရာတော်က ဘာသိကြား လျှောက်ထား၍ ထိုသံဃာတော်များအနက်မှ-

(၁) (က) အင်္ဂါအရ သိက္ခာတော် ၂၀-မပြည့်သော သံဃာများကို ရွေးထုတ်ရန် ဆုံးဖြတ်တော်မူကြသည်။

(၂) ထိုသိက္ခာ ၂၀-မပြည့်သော သံဃာတော်ထည်းမှ ဓမ္မာစရိယဘွဲ့တော်ရသော သံဃာတော်များကို ရွေးထုတ်ရန် ဆုံးဖြတ်တော်မူကြသည်။

(၃) သိက္ခာ ၂၀-မှ ၄၀-အထိ သံဃာတော်များကို ရွေးထုတ်ရန် ဆုံးဖြတ်ကြသည်။

(၄) ထိုသိက္ခာ ၂၀-မှ ၄၀-အသိ ရှိသော သံဃာတော်များထည်းမှ ဓမ္မာစရိယဘွဲ့နှင့် အခြားဂုဏ်ထူးဆောင် ဆရာတော်များကို ရွေးကောက်ရန် ဆုံးဖြတ်တော်မူကြသည်။

(၅) မူလစာချထည်းမှ ပါကဋဖြစ်သော သံဃာတော်များကို ရွေးကောက်ရန် ဆုံးဖြတ်တော်မူကြသည်။

(၆) သိက္ခာတော် ၄၀-ကျော်သော သံဃာတော်များကို ရွေးကောက်ရန် ဆုံးဖြတ်တော်မူကြသည်။

(၇) မန္တလေး၊ ရန်ကုန်၊ ပခုက္ကူမြို့ကြီးများမှသံဃာတော်များကို နုတ်ပယ်ခြင်း နည်းပါးနိုင်သရွေ့နည်းစေရန် ဆုံးဖြတ်တော်မူကြသည်။

(ဂ) ခရိုင်မြို့နယ် စုံနိုင်သမျှစုံအောင် ရွေးချယ်သင့်ကြောင်းကို ဆုံးဖြတ်တော်မူကြသည်။

ဩဝါဒါနုသာသက အစည်းအဝေးမှတ်တမ်း။

စည်းဝေးသည့်အချိန်။၁၃၁၄-ခု၊ နယုန်လဆန်း ၂-ရက် (၂၅-၅-၅၂)တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီ။

ကျင်းပသည့် နေရာ။ ။ ကြည့်မြင်တိုင် ဇေယျဝတီကျောင်းတိုက်။

ကြွရောက်တော်မူကြသည့် ဆရာတော်များ

၁။ လေသာဆရာတော်။

၂။ ဇေယျဝတီဆရာတော်။

၃။ အရှင်ဇူဿရိယဆရာတော်။

၄။ ဘုရားဖြူဆရာတော်။

၅။ ဗားကရာ တောရ ဆရာတော် (အတွင်းရေးမှူး)။

၁။ အတွင်းရေးမှူးဆရာတော်က ပဌမနေ့ ဆုံးဖြတ်ချက်များကိုလျှောက်ကြားပြီးလျှင် ထိုဆုံးဖြတ်ချက်အရ သံဃာစာရင်းကို အောက်ပါအတိုင်း အကြမ်းအားဖြင့် ရွေးချယ်သင့်ကြောင်း ဆုံးဖြတ်တော်မူကြသည်။ သိက္ခာ (၄၀) ဝါမှအထက် မဟာထေရ်ဆရာတော်ကြီးများ(၁၀)။သိက္ခာ(၂၀)မှ (၄၀)အသိ ဆရာတော်ကြီးများ(၂၃၂)ပါး။သိက္ခာ ၂၀-အောက် ဗျတ္တ-ပဋိဗလ-ဝိသိဋ္ဌဂုဏ သံဃာတော်(၁၅၀)ပါး။ပေါင်း(၅၆၂)ပါးတို့ကို ဓမ္မသံဂါဟကဆရာတော်များအဖြစ် အကြမ်းအားဖြင့် ရွေးကောက်သင့်ကြောင်း ဆုံးဖြတ်တော်မူကြသည်။

၂။ ကျန်ရှိသောမြို့နယ်များ-

(၁) မကွေး။

(၂) ရေနံချောင်း။

(၃) တောင်သာနယ်။
(၄) တောင်တွင်းကြီး။
(၅) ကနောင် မြန်အောင်။
(၆) ညောင်ဦး။
(၇) ကျောက်ပတောင်း။
(၈) ပေါင်းတည်။
(၉) ရွှေတောင်။
(၁၀) ခရမ်း။
(၁၁) ဒလ။
(၁၂) အင်းစိန်။
(၁၃) ညောင်လေးပင်။
(၁၄) ပြွန်တံဆာ။
(၁၅) ဒိုက်ဦး။

၎င်းကျန်ရှိနေသော မြို့နယ်များကို နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့မှ ထပ်မံ၍ အမြန်ဆုံး စာရင်း ကောက်ပေးရန် "ဩဝါဒါနုသာသက" ဆရာတော်များ အမိန့်ရှိပါကြောင်း ဆုံးဖြတ်တော်မူကြသည်။

၃။ "ဩဝါဒါစရိယ သံဃနာယက" အဖွဲ့ကြီး၏ ဒုတိယအကြိမ် အစည်းအဝေးကို (ဇွန်လ ၂၈-၂၉-၃၀) ၁၃၁၄ ခု၊ ဝါဆို လဆန်း ၇-၈-၉ ရက်နေ့များတွင် ကျင်းပသင့်ကြောင်းကို "ဩဝါဒါနုသာသက" ဆရာတော်ကြီးများက အကြံဉာဏ်ပေးကြောင်း။

အကြောင်းမှာ မန္တလေးမြို့တွင် ကျင်းပသော ပါဠိတက္ကသိုလ် စာချတန်းစာမေးပွဲကို အစအဆုံးကိစ္စပြီးအောင်ဆောင်ရွက်ရန် ရက်အပြည့်အစုံလိုသောကြောင့်ဖြစ်ရာ စာမေးပွဲမှာ ဇွန်လ ၂၃-ရက်နေ့တွင်ပြီး၍ အောင်စာရင်းကျေညာဘို့ စီစဉ်ရန်ပါဆိုလျှင် ဇွန်လ ၂၆-ရက်နေ့လောက်ကျမှ လုံးဝပြီးမည်ဖြစ်ပါသည်၊ အကယ်၍ အဖွဲ့ကသတ်မှတ်ထားသည့်ရက်များအတိုင်း ကျင်းပခဲ့လျှင်-

(၁) ညောင်ရမ်းဆရာတော်။
(၂) ဆရာတော်ကြယ်။
(၃) ဟံသာဝတီဆရာတော်။
(၄) စံကျောင်းဆရာတော်။
(၅) ဆင်တဲဆရာတော်။

စသော ဆရာတော်ကြီးများ တက်ရောက်နိုင်မည်မဟုတ်ဟု ထင်မြင်ပါကြောင်း။

(ပုံ) ဦးနာဂဝံသ
အတွင်းရေးမှူးဆရာတော်
ဩဝါဒါနုသာသကအဖွဲ့။

၁၃၁၄-ခု၊ ဝါဆို လဆန်း ၇-ရက် (၂၈-၆-၅၂) စနေနေ့ နံနက် ၈-နာရီ အချိန်မှစတင်၍ ရန်ကုန်မြို့ကုတ်ကိုင်း သာသနာ့ရိပ်သာ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ တည်ရာဌာန၌ ဒုတိယအကြိမ်ကျင်းပ ပြုလုပ် အပ်သော

## ဩဝါဒါစရိယ သံဃနာယက အဖွဲ့ကြီး၏အစည်းအဝေးမှတ်တမ်း

အထက်ပါနေ့တွင်"ဩဝါဒါစရိယ သံဃနာယက" အဖွဲ့ကြီး၏ဒုတိယအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကုတ်ကိုင်း သာသနာ့ရိပ်သာအဖွဲ့တည်ရာဌာန၌ကျင်းပရာ။ မြန်မာပြည် အရပ်ရပ်မှ (၁) အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ကြီးများ (၂) နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် (၃)နိုင်ငံတော် ဝိနည်းမိုရ်ဆရာတော်ကြီးများကြွရောက်တော်မူကြပါကြောင်း။ (ကြွရောက်တော် မူသော ဆရာတော်ကြီးများ၏ဘွဲ့တော်နှင့် သီတင်းသုံး

ရာဇဌာနအသီးသီးတို့ကို၍မှတ်တမ်းနှင့် အတူ ပူးတွဲ၍ဘော်ပြထားပါကြောင်း။) အစည်းအဝေးကြီးသို့။ သတိုး သီရိသုဓမ္မ ဆာဦးသွင်။ သတိုးသီရိသုဓမ္မဦးသိမ်းမောင်။သာသနာရေးဝန်ကြီး။ မဟာသီရိသုဓမ္မ ဦးမြ(ဟာသ်ာတ) အစရှိသော နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ဝင်များနှင့် သာသနာရေးဆိုင်ရာ အသင်းများ မှကိုယ်စားလှယ် ဖြစ်ကြသော လူပရိသတ် အပေါင်းတို့သည်လည်း ဆရာတော်ကြီးများ အား ဖူးမြော်ကန်တော့ရန် အသင့်ရောက်ရှိ နေကြပါကြောင်း။

နံနက် ၈-နာရီ တိတိအချိန်တွင် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ အကျိုးဆောင် စာချီ ဦးဘဆွေကအစည်းအဝေးကြီး စတင်ဖွင့်လှစ် ရန် အချိန်တန်ပြီ။ ဖြစ်ကြောင်းဖြင့် ပန်ကြား လျှောက်ထား၍ အကျိုးဆောင် စာချီ သတိုး မဟာသရေစည်သူ ဦးချန်ထွန်းက "သာသန ဿစ လောကဿ" အစ ချီသော ဂါထာပါဠိ နိဿယဖြင့် "ဩဝါဒါစရိယ သံဃနာယက" အစည်းအဝေးကြီးကို စတင် ဖွင့်လှစ် ပါ ကြောင်း။ ထိုနောက်လူပရိသတ် အပေါင်းက ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူကြ ပြီးလျှင် ဆရာတော် ကြီးများက မင်္ဂလသုတ် နှင့် မေတ္တသုတ်ပါဠိတော်များ ရွတ်ဘာသ် သရဇ္ဈာယ်တော်မူကြသည်ကိုရိုသေစွာ နာယူ ကြပါကြောင်း။

ထိုနောက် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာဦးသွင်က ဆဋ္ဌ သံဂါ ယနာနှင့် စပ်လျဉ်း၍ အနည်းငယ် လျှောက်ကြားပြီးလျှင် မန္တလေးမြို့ အဂ္ဂမဟာ ပဏ္ဍိတ ညောင်ရမ်းဆရာတော် ဘုရားက ဩဝါဒါစရိယ သံဃနာယကအဖွဲ့ကြီး ကိုယ် စား ပြန်ကြားမိန့်မြွက်တော် မူပါကြောင်း။

ထိုနောက်အစီအစဉ်အရ ဆဋ္ဌသံဂါယနာအ တွက်ပိဋကတ်တော်(ပေမူ)များကိုနိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့သို့ လှူဒါန်း ခြီးမြှင့်တော် မူကြသော တောင်ငူမြို့ထန်းတပင် ဆရာတော် ဦးသောမနနှင့် ရန်ကုန်မြို့ အလယ်တောရ ဓမ္မာရုံကျောင်း ဆရာတော် ဦးနာရဒအရှင် မြတ်များ၏ပိဋကတ်တော် (ပေမူ) အပ်နှင်းပွဲ အခမ်းအနားကို ဆက်လက် ကျင်းပပြီးလျှင် နံနက် ၁၀-နာရီအချိန်တွင် "ဩဝါဒါ စရိယ သံဃနာယက"အဖွဲ့ကြီး၏ပဌမနေ့နံနက်ပိုင်း ဆိုင်ရာ အစည်း အဝေးကို ရုတ်သိမ်း လိုက် ကြောင်း။

## နေ့လယ်ပိုင်းအစည်းအဝေး

နေ့ ၁-နာရီ အချိန်တွင်"ဩဝါဒါ စရိယ သံဃနာယက"အဖွဲ့ကြီး၏ အစည်းအဝေးကို ဆက်လက်ကျင်းပပါကြောင်း။အစည်းအဝေး အစတွင်မန္တလေးမြို့ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓက အစီအစဉ် ၁-အရအစည်းအဝေး သို့ကြွရောက်တော်မူကြသော ဆရာတော်ကြီး များ၏ ဘွဲ့တော် စာရင်းကို ဘာသ်ကြားပြီး နောက်။ အစီအစဉ် ၂-အရ"ဩဝါဒါစရိယ သံဃနာယက"အဖွဲ့ အစည်း အဝေးကြီးက ညောင်ရမ်း ဆရာတော်ကြီးကို ဥက္ကဋ္ဌ အဖြစ် ဖြင့်၎င်း။ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓကို အတွင်းရေးမှူး အဖြစ်ဖြင့်၎င်း။အသီးသီးရွေး ကောက်တင်မြှောက်ကြပါကြောင်း။

ထိုနောက်အစီအစဉ် ၃-အရ ဥက္ကဋ္ဌ ဖြစ် သော ညောင်ရမ်း ဆရာတော်က မိန့်ခွန်း စကားအနည်းငယ်မြွက်ကြားပြီးလျှင် အတွင်း ရေးမှူး ဆရာတော် ဦးဝိသုဒ္ဓက အစီအစဉ် ၄-အရ ၁၃၁၃, ခု တ ပို့ တွဲ လပြည့် (၁၀-၂-၅၂)တနင်္ဂနွေနေ့မှစ၍ ရန်ကုန်မြို့ ကုတ်ကိုင်း သာသနာ့ရိပ်သာ၌ သုံးရက် တိုင်

တိုင်ကျင်းပခဲ့သော "ဩဝါဒါစရိယ သံဃနာယက"အဖွဲ့ကြီး၏ ပဌမအကြိမ်အစည်းအဝေး မှတ်တမ်းကို ဘတ်ကြား လျှောက်ထားရာ ထိုမှတ်တမ်းကိုအစည်းအဝေးကြီးက လက်ခံ အတည်ပြုတော်မူကြလေသည်။

ထိုနောက် အစီအစဉ် ၅-အရ"ဩဝါဒါနုသာသက"အဖွဲ့မှအကြမ်းပြင်း ရွေးချယ်တင်ပြထားသောမွေသံဂါဟကပုဂ္ဂိုလ်များစာရင်းကိုထပ်မံစီစစ်၍ရွေးချယ်ရန် အောက်ပါဆရာတော် ၁၂-ပါး ပါဝင်သော "စီစစ်ရွေးချယ်ရေးအဖွဲ့ငယ်" တခုကိုဖွဲ့စည်းတော် မူကြပါကြောင်း။

## စီစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဆရာတော်များ

၁။ ညောင်ရမ်း ဆရာတော်၊ (ဥက္ကဌ) မန္တလေး။

၂။ ခင်မကန် တိုက်အုပ် ဆရာတော် ဦးနန္ဒိယ၊ မန္တလေး။

၃။ ပိဋကလက်ာရ ဆရာတော်၊ ဦးဝိသုဒ္ဓ (အတွင်းရေးမှူး)။

၄။ ဆရာတော်ဦးဇနကာဘိဝံသ၊ ဂန္ဓာရုံ တိုက်။အမရပူရ။

၅။ ဆရာတော် ဦးဝါသဝ၊ပန်းတောင်း။

၆။ ဆရာတော်ဦးနာဂိန္ဒ၊ သာယာဝတီ။

၇။ တောင်ပေါက်ဆရာတော်၊(အဂ္ဂမဟာပဏ္ဍိတ)မော်လမြိုင်။

၈။ ဆရာတော်ဦးပညာဝံသ၊ ငင်း။ ရေနံချောင်း။

၉။ ဆရာတော် ဦးအရိယ၊ငင်း။ ညောင်လေးပင်။

၁၀။ သာသနလက်ာရဆရာတော်၊ရန်ကုန်။

၁၁။ ဆရာတော် ဦးဉာဏရိယ၊ ရန်ကုန်။

၁၂။ ဆရာတော်ဦးနာဂဝံသ၊ ရန်ကုန်။

ထိုနောက်အစီအစဉ် ၆-အရ ပဌမသံဂါယနာတင်မဇ္ဈိမနိကာယ်စသောနိကာယ်လေးရပ် ပါဠိတော်များကို မန္တလေးရှိကျောက်စာတော်မူများနှင့်ညှိနှိုင်းတိုက်ဆိုင်တော်မူကြရန်အလို့ငှါ ညောင်ရမ်းဆရာတော် အမှူးရှိသောမန္တလေး ဆရာတော်များအား လွှဲအပ်ရန်သဘောတူညီတော်မူကြသည်။

ဒုတိယအကြိမ်ကျင်းပအပ်သော"ဩဝါဒါစရိယသံဃနာယက" အဖွဲ့ကြီး၏ပဌမနေ့အစည်းအဝေးကို ၂-နာရီခွဲအချိန်တွင်ရုတ်သိမ်းလိုက်ပါကြောင်း။

## ဒုတိယနေ့အစည်းအဝေးမှတ်တမ်း

"ဩဝါဒါစရိယသံဃနာယက"အဖွဲ့ကြီး၏ဒုတိယနေ့အစည်းအဝေးကို သာသနာ့ရိပ်သာနိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ တည်ရာဌာနခ္ဓနေ့လည် ၁၂-နာရီအချိန်တွင် ဆက်လက်ကျင်းပရာ ညောင်ရမ်းဆရာတော်ဘုရားက ဥက္ကဌ အဖြစ်ဖြင့်ငင်း။ ပိဋကလက်ာရ ဆရာတော် ဦးဝိသုဒ္ဓကအတွင်းရေးမှူး အဖြစ်ဖြင့်ငင်း။ အသီးသီးဆောင်ရွက်တော်မူကြပါကြောင်း။ အစည်းအဝေး စလျှင် စခြင်း အတွင်းရေးမှူး ဆရာတော် ဦးဝိသုဒ္ဓက "ယမန်နေ့က ကျင်းပသော"ဩဝါဒါစရိယသံဃနာယက"အစည်းအဝေးကြီးမှလွှဲအပ်ဖွဲ့စည်းထားသည့် "ပါဠိဝိသောဓကပုဂ္ဂိုလ်များ စီစစ်ရွေးချယ်ရေး အဖွဲ့"သည် ပါဠိဝိသောဓကပုဂ္ဂိုလ်များကို စီစစ်ရွေးချယ်လျက် ရှိရာ အပြည့်အစုံမပြီးစီးသေးသဖြင့်ယနေ့ အစည်းအဝေးကြီးတွင် မတင်ပြနိုင်သည့်အတွက် ခွင့်ပြုပါမည့် အကြောင်း နက်ဖြန် နေ့လည်

၁၂-နာရီတွင်ထပ်မံ ကျင်းပမည့် အစည်းအဝေးကြီးတွင်မှတင်ပြနိုင်မည် ဖြစ်ပါကြောင်း ဖြင့်လျှောက်ထားရာ အစည်း အဝေး ကြီးက လက်ခံကြကြောင်း။

ထိုနောက် ယမန်နေ့က ကျန်ရှိ နေသေးသောအစီအစဉ် ၇-၈-၉ ပါကိစ္စရပ်များကို အောက်ပါအတိုင်း စဉ်းစား ဆုံးဖြတ် တော်မူကြပါကြောင်း။

(၁) အစီ အစဉ် ၇-ပါ ဆင္ဃ သံဂါယနာ တင်ရာတွင် ပိဋကတော်များကို အာဂုမ်ကျက်၍ပြန်ဆိုရွတ်ဘတ်ရေးကိစ္စကိုငင်း။ အစီအစဉ် ၈-ပါ မဟာစည် ဆရာတော်၏ ရှေးသံဂါယနာတင် ပွဲကြီးများကဲ့သို့ ဆင္ဃသံဂါယနာကို တင့်တယ်ခမ်းနားသော သံဂါယနာ ဖြစ်စေရန်နှင့် စပ်လျဉ်းသော အကြံပေးချက် များကိုငင်း။ တတိယအကြိမ် ကျင်းပမည့် "ဩဝါဒါစရိယ သံဃ နာယက" အစည်းအဝေးကြီးတွင်မှ ထပ်မံ စဉ်းစားရန်ဆုံးဖြတ်တော်မူကြသည်။

(၂) အစီ အစဉ် ၉-အရ "ဩဝါဒါစရိယ သံဃနာယက" အဖွဲ့ကြီး၏ တတိယအကြိမ် အစည်းအဝေးကို လာမည့် တန်ဆောင်မုန်း လပြည့်ကျော် သင့်လျော်သော ရက်တွင် ကျင်းပနိုင်ရန်အတွက် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့က စီစဉ်ရန်ဆုံးဖြတ်တော်မူကြသည်။

(၃) အစီအစဉ်-၁၀-အရ အထွေထွေ ပိုင်း တွင် ယခု ရည် မှန်း ထားသည့်အတိုင်းသာသနာသက္ကရာဇ်-၂၅၀၀ ပြည့်အခါတွင် ဆင္ဃသံဂါယနာ မဟာသဘင်ကြီးသည် ရှေးရှေး သံဂါယနာတင် ပွဲကြီးများ ကဲ့သို့ ခမ်းနားစွာ အထမြောက်အောင်မြင်စေရန် အလို့ငှါ ဆင္ဃသံဂါယနာတင်ပွဲနှင့် စပ်လျဉ်းသောသံဃဝတ္တာဝန် အရပ်ရပ်ကို စီမံဆောင်ရွက်ရန်နှင့် ဆင္ဃသံဂါယနာတင် ဒါယကာအဖြစ် ခံယူသည့်နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့အား ဩဝါဒပေးနိုင်ရန် အောက်ပါဆရာတော် ၁၂-ပါး ပါဝင်သော "ဆင္ဃ သံဂါယနာ ဝန်ဆောင်သံဃဝအဖွဲ့" (ဘာရနိတ္ထာရကသံဃ သဘာ) တခုကိုဖွဲ့စည်းထားရှိရန် ဆုံးဖြတ်တော် မူကြသည်။

အဖွဲ့ဝင်ဆရာတော်များ။

၁။ ညောင်ရမ်း ဆရာတော်၊ မန္တလေး
၂။ ရွှေဘုန်းရှိန်ဆရာတော်၊ ဆရာတော်
၃။ ဟံသာဝတီဆရာတော်၊
၄။ ဆရာတော်ဦးဝိသုဒ္ဓ၊ မန္တလေး
၅။ ဆရာတော် ဦးဇနကာဘိဝံသ၊ အမရပူရ
၆။ သာသနာ့လက်ာရ ဆရာတော်၊ ရန်ကုန်
၇။ အရှင်ဉာဿရိယဆရာတော်၊
၈။ မဟာစည်ဆရာတော်၊
၉။ ဗားကရာတောရဆရာတော်၊
၁၀။ ပခုက္ကူ ဆရာတော်၊ ပခုက္ကူ

၁၁။ တောရ ဆရာတော်၊ ညောင်လေးပင်
၁၂။ သပြေပင် ဆရာတော်၊ ဟသ်ာတ

၄။ ညောင်ရမ်းဆရာတော်နှင့် ဗားကရာ ဆရာတော်ကို အထက်ပါ "ဘာရနိတ္ထာရက သံဃသဘာ"၏ ဥက္ကဋ္ဌနှင့် အတွင်း ရေးမှူး အဖြစ်ဖြင့်၎င်း ဆရာတော်ဦးဝိသုဒ္ဓကိုတွဲဘက် အတွင်းရေးမှူး အဖြစ်ဖြင့်၎င်း အသီး အသီး ရွေးကောက် တင်မြှောက်တော်မူကြသည်။

ထိုနောက် ဆဋ္ဌသံဂါယနာနှင့် စပ်လျဉ်း၍ အရပ်ရပ်မှ ပေးစာ များကို အတွင်းရေးမှူး ဆရာတော်က ဘတ်ကြား လျှောက်ထားပြီး လျှင် "ဩဝါဒါစရိယသံဃနာယက" အဖွဲ့ ကြီး၏ ဒုတိယနေ့အစည်းအဝေးကို ၂-နာရီခွဲ အချိန်တွင် ရုတ်သိမ်းလိုက်ပါကြောင်း။

**တတိယနေ့ အစည်းအဝေး မှတ်တမ်း။**

"ဩဝါဒါစရိယသံဃနာယက" အဖွဲ့ကြီး ၏ တတိယနေ့ အစည်းအဝေးကို ၁၃၁၄-ခု၊ ဝါဆို လဆန်း ၉-ရက် (၃၀-၆-၅၂) တနင်္လာနေ့ နေ့လည် ၁၂-နာရီ အချိန်တွင် ရန်ကုန်မြို့ ကုတ်ကိုင်း သာသနာ့ ရိပ်သာ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ တည်ရာ ဌာနသို့ ဆက်လက်ကျင်းပရာ၊ ညောင်ရမ်းဆရာတော် က ဥက္ကဋ္ဌအဖြစ်ဖြင့်၎င်း။ ဗိဇ္ဇာလင်္ကာရ ဆရာ တော်ဦးဝိသုဒ္ဓကအတွင်းရေးမှူးအဖြစ်ဖြင့်၎င်း ဆောင်ရွက်တော် မူကြပါကြောင်း။ အစည်း အဝေးစလျှင်စခြင်း အတွင်းရေးမှူးဆရာတော် က "ပါဠိဝိသောဓကေ ပုဂ္ဂိုလ်များ စိစစ် ရွေး ချယ်ရေးအဖွဲ့"၏ အစီရင်ခံစာကို အောက်ပါ အတိုင်း ဘတ်ကြား၍ ထို အစီရင်ခံစာပါ အချက်များကို အသေးစိပ်ရှင်းလင်း လျှောက် ထားလေသည်။ ထိုနောက် ရွေးချယ်ထားအပ် သော ပါဠိဝိသောဓကေ ပုဂ္ဂိုလ်များ (၆၃၃) ပါး၏စာရင်းကိုလည်း ခရိုင်အလိုက် တပါးစီ ဘတ်ကြားလျှောက်ထားရာ၊ ထို အစီရင်ခံစာ နှင့်တကွ ရွေးချယ် ထားအပ်သော ပုဂ္ဂိုလ် များကို "ဩဝါဒါ စရိယ သံဃ နာယက" အစည်းအဝေးကြီးကလက်ခံတော်မူကြသည်။

ဒုတိယ အကြိမ်မြောက် ကျင်းပအပ်သော "ဩဝါဒါစရိယသံဃနာယက" အဖွဲ့ကြီး၏ ပဌမနေ့ အစည်းအဝေးမှ အစီအစဉ် ၅-ပါ ပါဠိဝိသောဓကေသံဃာတော်များကို ရွေးချယ် ရန်အလို့ငှါ လွှဲအပ် ဖွဲ့စည်းအပ်သည့် စိစစ် ရွေးချယ်ရေး အဖွဲ့ဝင် ဆရာတော် (၁၂) ပါး၏—

**ဆောင်ရွက်တော်မူပုံ။**

၁။ ဆရာတော် (၁၂) ပါး ပါဝင်သော အထက်ပါစိစစ်ရွေးချယ်ရေးအဖွဲ့၏ အစည်း အဝေးကို ၁၃၁၄-ခု၊ ဝါဆိုလဆန်း ၇-ရက်၊ ညနေ ၃-နာရီ အထိ တကြိမ်၊ ၎င်းလဆန်း ၈-ရက် နံနက် ၇-နာရီမှ ၁၀-နာရီ အထိ တကြိမ်။ ၎င်းနေ့ညနေ ၂-နာရီခွဲမှ ၅-နာရီ အထိတကြိမ်၊ပေါင်း သုံးကြိမ်တိုင်တိုင်ကျင်းပ ပြီးလျှင်၊ နိုင်ငံတော် ဗုဒ္ဓ သာသနာ့ အဖွဲ့မှ ကောက်ယူထားသော သံဃာစာရင်းကို—

(၁) သက်တော်ဝါတော် အားဖြင့်၎င်း၊
(၂) အခြံအရံ အားဖြင့်၎င်း၊
(၃) အရည်အချင်း အားဖြင့်၎င်း၊
(၄) ကျောင်းတိုက်များ အလွန် မဝေး ကွာကြ မူ၍ အချင်းချင်း အပြန် အလှန် အကူ အညီ ရနိုင်လောက် ခြင်း အားဖြင့်၎င်း၊

ဤလေးချက်သော အင်္ဂါဖြင့် စိစစ်ရွေးချယ် ကြရာ၊ စာရင်းပါ (၁၂၂၅) ပါး ထည်းမှ (၆၃၃)ပါး ရရှိပါသည်။ (ထိုရွေးချယ်ထား

သော (၆၃၃) စာရင်းကို သီးခြား စာရင်း ပြုလုပ်၍ တင်ပြထားပါသည်။)

၂။ ဆင္ဂသံဂါယနာ တင်သည့် အချိန်၌မူ ယခု ရွေးချယ်ထားသည့် ပါဠိဝိသောဓကများ အပြင် မြန်မာနိုင်ငံအရပ်ရပ်မှ နိုင်ငံတော် ဗုဒ္ဓ သာသနာ အဖွဲ့က ကောက်ယူ ထားသော လက်ရှိ စာရင်းထည်းမှ ပါသင့်ပါထိုက်သော ဆရာတော်များကိုင်း၊ စာရင်းတွင် မပါသေး သော်လည်း အခြား ပါသင့် ပါထိုက်သော ဆရာတော် များကိုင်း၊ မကြွင်းမကျန် ပင့် ဆောင်ဘို့ရန် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အား ဩဝါဒညွှန်ကြားရန် သဘော တူညီကြ ပါသည်။

(ပုံ) ဦးရေဝတ
(ညောင်ရမ်းဆရာတော်)
ဥက္ကဋ္ဌ။
(ပုံ) ဦးဝိသုဒ္ဓ
(ဝိဇ္ဇာလင်္ကာရဆရာတော်)
အတွင်းရေးမှူး။

## ရခိုင်ပြည်မှပါဠိဝိသောဓက ပုဂ္ဂိုလ်များရရှိရေးအတွက် ဆုံးဖြတ်ချက်။

ယခု ရွေးချယ်ထားသော ပါဠိဝိသောဓက ပုဂ္ဂိုလ်များစာရင်းတွင် ရခိုင်ပြည်မှပါဝင်ခြင်း မရှိသေးပေ။ပါဝင်နိုင်က အထူးပင်သင့်လျော် မည်ဟု ဆရာတော်ကြီးများ ယူဆတော် မူကြ သည်။ သို့ဖြစ်၍ ရခိုင်ပြည်မှ ပါဠိဝိသောဓက လုပ်ငန်းကိုစွမ်းဆောင်နိုင်မည့်အပြင် သီတင်း သုံးရာဌာနအားဖြင့် အချင်းချင်း နီးစပ်သော ရဟန်း တော်များ (အနည်းဆုံး ဆယ်ပါး) စာရင်းကို သက်ဆိုင်ရာသို့ နိုင်ငံတော် ဗုဒ္ဓ သာသနာအဖွဲ့က ထပ်မံစုံစမ်း၍ ကောက်ယူ ပြီးလျှင် ရရှိသည့်အခါ၊ အတွင်းရေးမှူး ဆရာ တော်မှ တဆင့် ဆင္ဂသံဂါယနာ ဝန်ဆောင် သံဃာ့အဖွဲ့သို့ ဆက်ကပ်တင်ပြရန် ဆုံးဖြတ် တော်မူကြသည်။

ထိုနောက် ဥက္ကဋ္ဌဖြစ်တော်မူသော ညောင် ရမ်း ဆရာတော် ဘုရားက "သာသနာတော် သည် အုပ်ချုပ်သူမင်းများနှင့်ကင်း၍ မစည် ပင်နိုင်ကြောင်း။ ထို့ကြောင့် နိုင်ငံတော် ဗုဒ္ဓ သာသနာအဖွဲ့ကအစိုးရကိုယ်စား ဆဋ္ဌသံဂါ ယနာ အထမြောက်ရေး အတွက် ကြိုးပမ်း နေသည်ကို ဆရာတော်များဝမ်းမြောက်လျက် ရှိကြ ပါကြောင်း" ဖြင့် သတိုးသီရိ သုဓမ္မ ဆာဦးသွင်ကြီးမှူးသော နိုင်ငံတော် ဗုဒ္ဓသာသ နာ အဖွဲ့ဝင် လူကြီးများအား ဩဝါဒစကား မိန့်ကြားတော်မူပြီးလျှင်"ဩဝါဒါစရိယသံဃ နာယက"အဖွဲ့ကြီး၏ ဒုတိယအကြိမ် အစည်း အဝေးကိုညနေ(၄)နာရီအချိန်တွင် ရုပ်သိမ်း လိုက်ပါကြောင်း။

(ပုံ) ဦးရေဝတ
(ညောင်ရမ်းဆရာတော်)
ဥက္ကဋ္ဌ။
(ပုံ) ဦးဝိသုဒ္ဓ
(ဝိဇ္ဇာလင်္ကာရဆရာတော်)
အတွင်းရေးမှူး။

ဒုတိယအကြိမ် ကျင်းပသောဩဝါဒါ စရိယသံဃနာယက အစည်းအဝေးကြီး သို့ ကြွရောက်တော်မူကြသော ဆရာ တော်ကြီးများစာရင်း။

၁။ ဘုရားကြီး ဆရာတော်၊ (အဂ္ဂမဟာ ပဏ္ဍိတ) ဇေယျာတ။

၂။ မိုးညှင်းဆရာတော်၊ (အဂ္ဂမဟာပဏ္ဍိတ) မုံရွာ။

၃။ ဆရာတော် ဦးဝါသဝ၊ (အဂ္ဂမဟာပဏ္ဍိတ) ပန်းတောင်း။

၄။ ဆရာတော် ဦးသုဘာသိတ၊ (အဂ္ဂမဟာပဏ္ဍိတ) ပြည်။

၅။ ညောင်ရမ်းဆရာတော်၊ (အဂ္ဂမဟာပဏ္ဍိတ) မန္တလေး။

၆။ ခင်မကန်တိုက်အုပ်ဆရာတော် ဦးနန္ဒိယ၊ (နိုင်ငံတော်သြဝါဒါစရိယ) မန္တလေး။

၇။ ဝေဠုဝန်ဆရာတော်၊(အဂ္ဂမဟာပဏ္ဍိတ) မန္တလေး။

၈။ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓ၊ မန္တလေး။

၉။ ဆရာတော် ဦးဇနကာဘိဝံသ၊ (အဂ္ဂမဟာပဏ္ဍိတ) အမရပူရ။

၁၀။ ဆရာတော် ဦးအရိယ၊ (အဂ္ဂမဟာပဏ္ဍိတ) ညောင်လေးပင်။

၁၁ ဆရာတော် ဦးပညာဝံသာဘိကဝိဇ၊ (အဂ္ဂမဟာပဏ္ဍိတ) ရေနံချောင်း။

၁၂ ဆရာတော် ဦးစက္ကပါလ၊ (အဂ္ဂမဟာပဏ္ဍိတ) မော်လမြိုင်။

၁၃။ ဆရာတော်ဦးကောသလ္လ၊(အဂ္ဂမဟာပဏ္ဍိတ) မုဒွန်း။

၁၄။ ဆရာတော် ဦးနာဂိန္ဒသာမိ၊ (အဂ္ဂမဟာပဏ္ဍိတ) မိုးညို-သာယာဝတီ။

၁၅။ ဆရာတော် ဦးဝိလာသ၊ (အဂ္ဂမဟာပဏ္ဍိတ) မိတ္ထီလာ။

၁၆။ လေသာဆရာတော် ဦးမေဓိက၊ (နိုင်ငံတော်သြဝါဒါစရိယ) ရန်ကုန်။

၁၇။ ဗားကရာဆရာတော် ဦးဉာဏဝံသ၊ (နိုင်ငံတော်သြဝါဒါစရိယ) ရန်ကုန်။

၁၈။ ယသဇေယျာရုံဆရာတော် ဦးကလျာဏ၊ (နိုင်ငံတော်သြဝါဒါစရိယ) ရန်ကုန်။

၁၉။ လိပ်ပြာကန်ဆရာတော် ဦးစန္ဒောဘာသ၊ (နိုင်ငံတော်သြဝါဒါစရိယ) ရန်ကုန်။

၂၀။ ကျားကူး ဆရာတော် ဦးစန္ဒ၊ (နိုင်ငံတော်သြဝါဒါစရိယ) ရန်ကုန်။

၂၁။ ကြည့်မြင်တိုင် ဝေဠုဝန် ဆရာတော် ဦးကလျာဏ (နိုင်ငံတော်သြဝါဒါစရိယ) ရန်ကုန်။

၂၂။ ဗဟန်းဝေဠုဝန်ဆရာတော်ဦးခေမာစာရ၊(နိုင်ငံတော်သြဝါဒါစရိယ)ရန်ကုန်။

၂၃။ ကျိုက်ထီးရိုးဆရာတော်၊ဦးနန္ဒ(နိုင်ငံတော်သြဝါဒါစရိယ) ရန်ကုန်။

၂၄။ သာသနာလင်္ကာရဆရာတော် ဦးနန္ဒသာမိ၊ (နိုင်ငံတော်ဝိနည်းဓိုရ်) ရန်ကုန်။

၂၅။ စလင်းဆရာတော် ဦးဇောတရ၊(နိုင်ငံတော်ဝိနည်းဓိုရ်) ရန်ကုန်။

၂၆။ ဇေယျဝတီ ဆရာတော် ဦးဥက္ကံသ၊ (နိုင်ငံတော်ဝိနည်းဓိုရ်) ရန်ကုန်။

၂၇။ ဗားကရာ တောရဆရာတော် (ဦးနာဂဝံသ၊ (နိုင်ငံတော်ဝိနည်းဓိုရ်) ရန်ကုန်။

၂၈။ ဆရာတော် အရှင်ဣဿရိယ၊ (နိုင်ငံတော်ဝိနည်းဓိုရ်) ရန်ကုန်။

၂၉။ ဘုရားဖြူ ဆရာတော် ဦးပညာဝံသ၊ (နိုင်ငံတော်ဝိနည်းဓိုရ်) ရန်ကုန်။

၃၀။ ဘလုပ်ဆရာတော် ဦးဝိလာသ၊(နိုင်ငံတော်ဝိနည်းဓိုရ်) ရန်ကုန်။

၃၁။ ကျိုက္ကလား ဆရာတော် ဦးဝိသုဒ္ဓ၊ (အဂ္ဂမဟာပဏ္ဍိတ) ရန်ကုန်။

၃၂။ မန်းဦးဆရာတော် ဦးဇောတ၊ (အဂ္ဂမဟာပဏ္ဍိတ) ရန်ကုန်။

၃၃။ မဟာစည်ဆရာတော် ဦးသောဘဏ၊ (အဂ္ဂမဟာပဏ္ဍိတ) ရန်ကုန်။

ဆဋ္ဌသံဂါယနာ
တတိယအကြိမ်မြောက်သြဝါဒါစရိယ
သံဃနာယကအဖွဲ့ကြီးနှင့်
ပါဠိဝိသောဓကအဖွဲ့ကိုယ်စားလှယ်
ဆရာတော်များ အစည်းအဝေး
မှတ်တမ်း။

စည်းဝေးသည့် အချိန်။ ။ ၁၃၁၄ ခု၊ နတ်တော်လဆန်း ၃ ရက် (၁၉-၁၁-၅၂) ဗုဒ္ဓဟူးနေ့ နေ့ ၁၂ နာရီ။

ကျင်းပသည့်နေရာ။ ။သာသနာ့ရိပ်သာ ကုတ်ကိုင်းဓမ္မာရုံသစ်ကြီး။

ပထမနေ့။

အမြို့မြို့ အနယ်နယ်မှ သြဝါဒါစရိယ သံဃနာယက ဆရာတော်ကြီးများနှင့် ပါဠိဝိသောဓက ကိုယ်စားလှယ်တော် ဆရာတော်ကြီး (၂၀၀) ကျော်ခန့် တက်ရောက်တော်မူကြပါကြောင်း။

ဆုံးဖြတ်ချက်များ။

၁။ အစည်းအဝေးမစမီ သာသနာရေးအထူးအရာရှိ ဦးဘဆွေက အစည်းအဝေးဖွင့်ပါမည့်အကြောင်း လျှောက်ထားပြီးလျှင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်က ဆရာတော်များအား နှုတ်ခွန်းဆက် အစည်းအဝေးဖွင့် လျှောက်ထားပါသည်။ (လျှောက်လွှာ သီခြားပြထားသည်)။

၂။ ပုဗ္ဗဘာဂ သဘင် အခမ်းအနားဖွင့်သြဘာစာကို စစ်ကိုင်း တောင်ရိုး အနီးစခမ်းဆရာတော် ဦးပဏ္ဍိတက ဘတ်ကြား၍။ ဇေယျမင်္ဂလာသုတ် ဝေဒလ္လ ဂါထာများကို မန္တလေးမြို့ ဆရာတော် ဦးနန္ဒိသေနက ဘတ်ကြားတော်မူသည်။ (အခမ်းအနားဖွင့်သြဘာစာကို တနေ့ရာ၌ ပြထားသည်။)

၃။ အစည်းအဝေးကြီး၏ ဥက္ကဋ္ဌ အဖြစ် မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ ညောင်ရမ်းဆရာတော်ဘုရားကြီးအား တင်မြှောက်၍ အကျိုးတော်ဆောင်များ အဖြစ် ရန်ကုန်မြို့၊ ဗားကရာတောရ ဆရာတော် ဦးနာဂဝံသနှင့် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရဆရာတော်ဦးဝိသုဒ္ဓ တို့ကို အသီးသီးတင်မြှောက်ကြပြီးလျှင် ၁၅ မိနစ်ခန့် ဥက္ကဋ္ဌဆရာတော်က မိန့်ခွန်းမြွက်ကြားတော်မူသည်။ (မိန့်ခွန်းကို တနေရာ၌ ပြထားသည်)။

၄။ လွှန်ခဲ့သောအစည်းအဝေးမှတ်တမ်းကို အကျိုးတော်ဆောင် ဦးဝိသုဒ္ဓက ဘတ်ကြား၍ အတည်ပြုကြသည်။

၅။ ပါဠိဝိသောဓက အဖွဲ့ (၇၀) နှင့် ကိုယ်စားလှယ်တော်ဆရာတော်များ၏စာရင်းကို ဘတ်ကြားအတည်ပြုကြသည်။

၆။ အကျိုးဆောင် ဆရာတော် တင်ပြသော ပါဠိဝိသောဓက အဖွဲ့အသီးသီးအား ဇယားပါအတိုင်း ကျမ်းစာ ခွဲဝေခြင်းကို သဘောတူအတည်ပြုကြသည်။

၇။ မန္တလေးမြို့ဟံသာဝတီဆရာတော်က ပိဋကတော် ကျမ်းစာများ သုတ်သင်ပြင်ဆင်ပုံ နည်းလမ်းကို ညွှန်ကြား၍ ပါဠိဝိသောဓနစည်းကမ်းစာရွက်ကို သီးခြားဝေငှကြသည်။

၈။ ထို့နောက် ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ မဟာဝိဇယာရာမ ဆရာတော်နှင့်

ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်းဆရာတော်တို့က ဆဋ္ဌသံဂါယနာနှင့် စပ်သော ဩဝါဒများကိုမိန့်ကြားပြီးသည့်နောက်ညနေ ၄ နာရီ အချိန်တွင် အစည်း အဝေးကြီးကို ရုတ်သိမ်း၍ နောက်တနေ့ ၁၂ နာရီအချိန်တွင် ထပ်မံစည်းဝေးရန်ရွှေ့ဆိုင်းတော်မူကြသည်။

ဒုတိယနေ့။

၁။ ၁၃၁၄-ခုနှစ်တော်သလဆန်း၄-ရက်နေ့၁၂-နာရီအချိန်တွင်အစည်းအဝေးဖွင့်ပြီးသည့်နောက် သဘာပတိ အဂ္ဂမဟာပဏ္ဍိတ ညောင်ရမ်းဆရာတော်ကြီးကယ်ခုမြန်မာပြည်ရှိ ပါဠိမဂဓဘာသာ အက္ခရာသင်္ကေတသည်ပင်လျှင် မူလရင်း မဂဓဘာသာ အက္ခရာသင်္ကေတဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့်(၁၅)မိနစ်ခန့် ဩဝါဒမိန့်ခွန်း မြွက်ကြားတော်မူပါသည်။

၂။ ပါဠိဝိသောဓကအဖွဲ့ အသီးသီးတို့က သုတ်သင် ပြင်ဆင်ပြီးသော ကျမ်းစာများကို အောက်ပါအတိုင်း လ ပိုင်းခြားသတ်မှတ်၍ ပြန်လည်အပ်နှံရန် သဘောတူညီတော်မူကြသည်။

| | | |
|---|---|---|
| (က) | ဝိနည်း | ၄-လ |
| (ခ) | ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ် | ၅-လ |
| (ဂ) | သံယုတ္တနိကာယ် | ၆-လ |
| (ဃ) | အင်္ဂုတ္တရနိကာယ် | ၇-လ |
| (င) | ခုဒ္ဒကနိကာယ် | ၈-လ |
| (စ) | အဘိဓမ္မာ | ၉-လ |

၃။ ခရိုင်အသီးသီးမှ ထင်ရှားကျော်စော၍ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူသော ဆရာတော်ကြီးများနှင့် ဂိုဏ်းအသီးသီးမှ မဟာနာယက ဆရာတော်ကြီးများကို သတ်မှတ်ထားသော ဦးရေထက်မပိုစေဘဲ ထည့်သွင်း၍ ဩဝါဒါစရိယ သံဃနာယက အဖွဲ့ကြီးကို တိုးချဲ့၍ဖွဲ့စည်းရန်။

၄။ ကျန်ရှိနေသေးသော မြို့နယ် အသီးသီးမှ ဓမ္မာစရိယ ဆရာတော်များ စုံလင်နိုင်စေရန် ပါဠိဝိသောဓကအဖွဲ့ကို နောက်ထပ်တိုးချဲ့သည်ကို သဘောတူညီတော်မူကြသည်။

၅။ ဝန်ဆောင် သံဃာ့အဖွဲ့ကို အရည်အချင်းနှင့် ပြည့်စုံ၍ ပါဝင်သင့်သော ဆရာတော်များကို ထည့်သွင်းပြီးလျှင် ၂၅-ပါး အထိတိုးချဲ့ဖွဲ့စည်းရန် သဘောတူညီကြသည်။

၆။ ပါဠိဝိသောဓက အဖွဲ့ အသီးသီးမှ သုတ်သင်ပြီး၍ ပြန်အပ်သော ကျမ်းစာများကို စစ်ဆေး ကြည့်ရှုပြီးလျှင် အချော သုတ်သင် ပဋိဝိသောဓနပြုနိုင်ရန် ၁၅-ပါးထက်မနည်း ၂၅-ပါးထက်မပိုသော အဖွဲ့တခုကို ဖွဲ့စည်းထားရန် သဘောတူညီကြသည်။

၇။ ပါဠိ အဋ္ဌကထာတို့၏ စိစစ်ချက်ကို အပြီးသတ် ကြည့်ရှု ပြင်ဆင်နိုင်ရန် ၅-ပါး ထက်မနည်း ၇-ပါးထက် မများသော အဖွဲ့ တခု ဖွဲ့စည်းရန်နှင့် အဆိုပါ ၃-၄-၅-၆-၇ ဆုံးဖြတ်ချက်များ ပြီးမြောက်အောင် ဆောင်ရွက်နိုင်စေခြင်းငှာ ဝန်ဆောင်သံဃာအဖွဲ့အား တာဝန်လွှဲအပ်ကြသည်။

၈။ ဆဋ္ဌသံဂါယနာတင်ရန်နှင့် စပ်လျဉ်းသမျှ အားလုံးကို စီမံအုပ်ချုပ် ပြုလုပ်ဆောင်ရွက်ရန်နှင့် လိုအပ်သော အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်စေနိုင်ရန် အာဏာနှင့် တာဝန်ဝတ္တရားများကို သံဃာ့ဝန်ဆောင် အဖွဲ့သို့ လွှဲအပ်ရန် သဘော တူညီတော်မူကြပြီးလျှင် အစည်းအဝေးကို ညနေ ၄ နာရီအချိန်တွင်

ရုတ်သိမ်းပြီးလျှင် နောက်တနေ့ ၁၂-နာရီ အချိန်တွင် စတင် စည်းဝေးရန် ရွှေ့ဆိုင်းတော်မူကြသည်။

တတိယနေ့။

၁။ ၁၃၁၄ ခု၊ နတ်တော်လဆန်း၅-ရက်နေ့ ၁၂-နာရီအချိန်တွင်အစည်းအဝေးဖွင့်ပြီးသည့်နောက် သဘာပတိ အဂ္ဂမဟာပဏ္ဍိတ ညောင်ရမ်း ဆရာတော်ကြီးက ယခုအခါ အချို့သော သူတို့သည် မြတ်စွာဘုရား၏ တရားတော်ကို မိမိတို့၏မကောင်းသောအယူဝါဒဖြင့် မဟုတ်မမှန်ဟု ကဲ့ရဲ့စွပ်စွဲကြကုန်၏၊ ထိုသူတို့၏ အယူဝါဒကပေါင်လျှင် ထိုသူတို့ကို သံယုတ်-ပါဠိတော်နှင့် အညီ စီရင်ပစ်ချခြင်းကို ခံရပါလိမ့်မည်၊ သို့ဖြစ်ပါ၍ ထိုသူတို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ဥပေက္ခာပြု-လျစ်လျူ ရှုကြပြီးလျှင် ဆဋ္ဌသံဂါယနာကိစ္စကိုသာ ပြီးမြောက်အောင် ဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် အကျုတ်တဝင့်(၁၅) မိနစ်ခန့် ဩဝါဒ မိန့်ခွန်းစကား မြွက်ကြားတော်မူလေသည်။

၂။ နယ်အရပ်ရပ်မှ ကြွလာတော်မူသော ပါဠိဝိသောဓကကိုယ်စားလှယ် ဆရာတော်များက စာပြင်ပုံနည်းလမ်းများကိုအကြံဉာဏ်ပေးစကား လျှောက်ထားကြသည်။

၃။ ထေရဝါဒ ဂိုဏ်းဝင် ဖြစ်သော ယိုးဒယား၊ သီဟိုဠ်၊ ကမ္ဘောဇ၊ လော-နိုင်ငံများရှိ ဂိုဏ်းအသီးသီးမှ ဆရာတော်များကို ဆဋ္ဌသံဂါယနာတင်ရန်နှင့် ပါဠိဝိသောဓကကိစ္စများကို ပင့်ဘိတ်ရန်အတွက် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့က ဝန်ဆောင်သံဃာ့အဖွဲ့၏ ဩဝါဒကို ခံယူ၍ အောက်ပါ အတိုင်း ပင့်ဘိတ်ရန်သဘောတူညီကြသည်။

(က) ယိုးဒယားမှ ၅-ပါး
(ခ) သီဟိုဠ်မှ ၅-ပါး
(ဂ) ကမ္ဘောဇမှ ၃-ပါး
(ဃ) လောပြည်မှ ၃-ပါး

၄။ ဆဋ္ဌသံဂါယနာဥပဒေကြမ်းကို ပါဠိဝိသောဓက အဖွဲ့များက ကြည့်ရှု ပြင်ဆင်ပြီးနောက် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သို့ ပြန်အပ်ပြီးလျှင် ဝန်ဆောင် သံဃာ့အဖွဲ့နှင့် ရှေ့နေချုပ်ကြီး ဦးချန်ထွန်းတို့က တိုင်ပင်၍ အပြီးသတ် ရေးဆွဲ အတည်ပြုရန် သဘောတူညီကြသည်။

၅။ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတလေသာ ဆရာတော်ဘုရားကြီးက အစည်း အဝေးသို့ ကြွရောက်တော်မူကြသော ဆရာတော်သံဃာတော်များအား မြတ်စွာဘုရား၏ သာသနာတော်ကို အစွန့်ရှည်စွာ တည်တန့် နိုင်မြဲအောင် စောင့်ရှောက်ကြပါမည့် အကြောင်း ဩဝါဒ ပေးတော်မူပြီးလျှင် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ ဒုတိယဥက္ကဋ္ဌ တရားလွှတ်တော်ချုပ်တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်က ကြွရောက် ချီးမြှင့်တော်မူသော ဆရာတော်များအား ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ကိုယ်စား ကျေးဇူးတင် ဝမ်းမြောက်စကားလျှောက်ထားပြီးလျှင် အစည်းအဝေးကို ညနေ ၄ နာရီအချိန်တွင် ရုတ်သိမ်း၍ အစည်းအဝေးကျင်းပသော ဓမ္မာရုံသစ်ကြီး၌ မေတ္တသုတ်၊ ပရိတ် တရားတော် များကို ရွတ်ဘတ် သရဇ္ဈာယ်တော်မူကြပါကြောင်း။

ထို့နောက် ဆရာတော် များသည် ဆဋ္ဌသံဂါယနာတင်မည့်နေရာဖြစ်သော ရေကူးရပ် သီရိမင်္ဂလာ ကမ္ဘာ့ဧစေတီတော်သို့ကြွရောက်တော်မူကြပြီး ပရိတ်တရားတော်များ

ကို ရွတ်ဘတ် သရဇ္ဈာယ်တော် မူကြပါကြောင်း။

(ပုံ) အဂ္ဂမဟာပဏ္ဍိတ
ညောင်ရမ်းဆရာတော်ဥက္ကဋ္ဌ။

(ပုံ) ဦးနာဂဝံသ
ဗားကရာတောရ။

(ပုံ) ဦးဝိသုဒ္ဓ-ဝိဇ္ဇာလင်္ကာရ
အကျိုးတော်ဆောင်
ဆရာတော်များ။

## ဆဋ္ဌသံဂါယနာဩဝါဒါစရိယ သံဃနာယကအဖွဲ့၏ (၃) ကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်၏ လျှောက်လွှာပါဘုရား။

ရိုသေလေးမြတ်စွာ ရှိခိုးဦးခိုက် လျှောက်ထားအပ်ပါသည် ဘုရား။

အရှင် မဟာကဿပ၊ အရှင် မဟာယသ အရှင် မောဂ္ဂလိပုတ္တတိဿ စသော မဟာထေရ်မြတ်ကြီးတို့သည်၊ ဗုဒ္ဓ ရှင်တော်မြတ်၏၊ သာသနာတော်ကိုသန့်ရှင်းကြည်လင်၍ အစွန့်ရှည်စွာ တည်ပါစေခြင်း အကျိုးငှါ၊ ပဌမ၊ ဒုတိယ၊ တတိယ စသော သံဂါယနာတို့ကို တင်တော်မူကြသကဲ့သို့၊ ပြည်တောင်စုမြန်မာနိုင်ငံတော် အတွင်း လင်္ကာပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိ ဝိသာရဒ၊ ဂဏပါမောက္ခ ဖြစ်တော်မူကြသောထေရ နဝ မဇ္ဈိမဖြစ်တော်မူကြသည့် ဆရာတော် အရှင်မြတ်တို့ သည်လည်း သာသနာတော် သန့်ရှင်း စင်ကြယ်၍ အစွန့်ရှည်စွာတည်တံ့ရန်နှင့် ကမ္ဘာတဝှမ်းလုံး ငြိမ်းချမ်းရေးသုခရရှိရန် အလို့ငှါ ဆဋ္ဌ သံဂါယနာသဘင် ဆင်ယင်ကျင်းပမည့် အရေးကို ရှေ့ရှုတော်မူကြလျက် ပင်ပန်း နွမ်းနယ်ခြင်းတို့ကို အလေးမမူကြဘဲ ယခုကဲ့သို့ ဂိုဏ်းဂဏ စုံစုံညီညီ ကြွရောက်လာတော် မူကြသည်ဖြစ်ပါ၍၊ ဘုရားတပည့်တော်တို့ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ဝင် ဒါယကာများနှင့် တကွ၊ သာသနာရေး အဖွဲ့ပေါင်းစုံ ဒါယကာ ဒါယိကာမ အပေါင်းတို့သည် နှစ်သောင်း အားရ ဖူးမြော်၍ မဝနိုင်အောင် ရှိလှပါသည်ဘုရား။

ဆရာတော် ဘုရားများသည်၊ သာသနာ သက္ကရာဇ်၊ ၂၄၉၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၆-ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍ သာသနာ သက္ကရာဇ် ၂၅၀၀-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၇-ခုနှစ်၊ ကဆုန်လပြည့်နေ့ အသိ ရန်ကုန်မြို့-သိရိမင်္ဂလာ ကုန်းတော် ကမ္ဘာအေးစေတီတော် ပတ်ဝန်းကျင် တဝှမ်းတွင် ဆဋ္ဌသံဂါယနာ တင်နိုင်ရန် အလို့ငှါ၊ နေ့မအား ညမလပ် ကြိုးစားဆောင်ရွက်တော် မူကြပြီးလျှင် ယခုကဲ့သို့ဆဋ္ဌသံဂါယနာတင်ရန် အရေးနှင့် စပ်လျဉ်း၍ စည်းဝေး ကြရ သည်မှာ ၃-ကြိမ်တိုင်တိုင် ရှိခဲ့ပါပြီဘုရား။

ဆရာတော် ဘုရားများ၏၊ ပဌမ အစည်းအဝေး၊ ဒုတိယအစည်းအဝေးတို့မှ ချမှတ်ပေးတော်မူခဲ့သောအမိန့်ဩဝါဒတို့ကိုဦးထိပ်ရွက် ပန်ဆင်ကာ ဆဋ္ဌသင်္ဂါယနာ တင်ရေးနှင့် စပ်ဆိုင်သော အလုပ်တာဝန်တို့ကို တပည့်တော်များ ဒါယကာများဘက်က ဆောင်ရွက်လာခဲ့သည်မှာခရီးရောက်သင့်သလောက်ရောက်ပြီး ဖြစ်ပါ၍ ဆဋ္ဌသံဂါယနာ ရုပ်လုံးသည် တစထက်တစ ပေါ်လာပါပြီဘုရား။

ဆရာတော် ဘုရားများ ဘက်မှ ပိဋကတ်တော်များကို သုမ်သင်ပြင်ဆင်ရာ၌ လွယ်ကူ

စေရန်အလို့ငှါ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်းကြီးမှူးသော ပိဋက ဘာသာပြန် ဌာနမှ သင်ရိုးပိဋက ပါဠိတော်များကို လမ်းရှင်းသည့်အနေအားဖြင့် တတ်နိုင်သလောက် မူကွဲများနှင့် တိုက်ဆိုင်ပြုပြင်ခဲ့သည်မှာ ပိဋကအစုံ ၁၀-စုံမျှ အဆင်သင့် ရှိနေပါပြီဘုရား။

ပါဠိပိဋကတော်များကို မြန်မာပြန်ရာတွင်လည်း စာမျက်နှာအားဖြင့် (၄၀၀၀)ကျော်ခန့် ပြီးစီးနေပါပြီဘုရား။

ယခုကျင်းပမည့် ဆရာတော်များ အစည်းအဝေးတွင် အသင့်ပြင်ဆင်ထားပြီးသော ပါဠိပိဋကမူကြမ်းတို့ကို ဆက်ကပ်ရန် ဆရာတော်ဘုရားများ သဘောတော်ကျအတိုင်း ထိုပါဠိပိဋကတော်များကို ညှိနှိုင်းသုမ်သင် ပြင်ဆင်ရေးအတွက် ပါဠိဝိသောဓက အဖွဲ့ များသို့ ခွဲဝေပေးရန်နှင့်ရှေ့အဘို့တွင်ဆဋ္ဌသံဂါယနာတင်ရန် အရေးနှင့် စပ်လျဉ်း၍ အဆုံးအမဩဝါဒများ ပေးသနားတော်မူရန် အလို့ငှါ၊ ဤကဲ့သို့ဆရာတော်ဘုရားများအား ပင့်ဆောင်၍ သမဂ္ဂ သမောဓါန သန္နိပါတဝတ်ကို ပြုစုရခြင်း ဖြစ်ပါသည်ဘုရား။

ဆရာတော် ဘုရားကြီးများက ဤသံဃအစည်း အဝေး ကြီးတွင် အသီး အသီးသော ပါဠိဝိသောဓက အဖွဲ့တို့အား ခွဲဝေသုမ်သင်ပြင်ဆင်စေပြီးနောက် တပည့်တော် များအားအချိန်မှီပြန်လည်၍ လွှဲအပ်သောအခါ ဆဋ္ဌသံဂါယနာတင်ပွဲအမှီ စက်တင် ပုံနှိပ်ရမည့်အလုပ် တာဝန်သည် မသေးငယ် လှသည့်အလျောက် အသင့်ပြင်ဆင်နေဆဲပါ ဘုရား။

သို့ ဖြစ်ပါသောကြောင့် ယခု အခါတွင် ဆဋ္ဌသံဂါယနာတင်ရန်အလို့ငှါ၊ သိရိမင်္ဂလာကုန်းတော်ကမ္ဘာ့စေတီပတ်ဝန်းကျင်တဝှမ်းတွင်၊ ဧကတရာကျော်ရှိသော မြေကွက်ကြီး၌ ရဟန်းပရိသတ် လူပရိသတ် ၃၅၀၀-ကျော်ခန့် ဆန့်မည့် ဆဋ္ဌသံဂါယနာတင် အဆောက်အဦးကြီး၊သံဃာတော်များသီတင်းသုံးရန် စံကျောင်းတော် ကြီးများ၊ ဆွမ်းစားကျောင်းဘောင်စသော အဆောက်အဦးများနှင့် တကွ ပိဋကတ်စာပုံနှိပ်တိုက်အဆောက်အဦးတို့ကို အဆော တလျင် တည်ဆောက်ရန် ပြင်ဆင်လျက် ရှိနေပါပြီဘုရား။

သံဂါယနာတင်ရန်အရေးသည် သာသနာတော်၌ အကြီးလေးဆုံးသော အရေးကြီး ဖြစ်သည် အလျောက် ဆဋ္ဌသံဂါယနာတင်ရန်ကြိုးပမ်း ဆောင်ရွက်တော် မူကြသော ဆရာတော်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တပည့်တော်များ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးက နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏၊အကူအညီဖြင့်အဖက်ဖက်မှ မလစ်ဟင်းရလေအောင် ပစ္စယာနုဂ္ဂဟဖြင့်ချီးမြှောက်ထောက်ပံ့ပြုစုလျက်ရှိရာတွင် ချို့ယွင်းချက် ရှိခဲ့ပါသော် သည်းခံတော်မူကြပါရန် ရိုသေ လေးမြတ်စွာ လျှောက်ထားဝံ့ပါသည်ဘုရား။

ယခု အစည်းအဝေး ကြီးသို့ ကြွရောက်တော်မူကြသော ဆရာတော် ဘုရားကြီးများအားလည်း မီးရထား၊ မီးသင်းဘော တို့ဖြင့် ပင့်ဆောင်ရခြင်းမှာ နိုင်ငံတော် အတွင်းရှိ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်း တို့သည် ဆရာတော် ဘုရားကြီးများအား လမ်းခရီး အကြားမှ ဖူးတွေ့ရသောအခါ၊ ဆရာတော်ဘုရားကြီးများ၏ သီလဂုဏ်၊သမာဓိဂုဏ်တော်တို့ကို အာရုံပြုခွင့်ရကြလျက် သာသနာတော်သို့ သက်ဝင်ယုံကြည်သည်ထက် သက်ဝင်ယုံကြည်ကြကာ ဆဋ္ဌသံဂါယနာအရေးသို့ ရှေ့ရှု

ဦးလည်ပါရန် အလိုငှါ လှူဆော်သည့် အနေ
အားဖြင့်ပင် ဖြစ်ပါသည်ဘုရား။

ဤသို့ပင့်ဆောင်ရခြင်းကြောင့် ဆရာတော်ဘုရားများ၌ အနည်းငယ်မျှ ပင်ပန်းနွမ်းနယ်သည်ကို သည်းခံတော်မူ၍ အနာဂတ်သာသနာသည်၊ မြန်မာ နိုင်ငံတော်တွင်သာမက၊ ကမ္ဘာအဝှမ်း သာသနာ မရောက်သေးသည့် နိုင်ငံကြီးငယ် အသွယ်သွယ်တို့၌ ထွန်းလင်းလာမည့်အရေးကိုရှေ့ရှုကာကြိုးပမ်းဆောင်ရွက်တော်မူကြလိမ့်မည်ဟု တပည့်တော်များ ယုံကြည်အားကိုးကြသကဲ့သို့ သာသနာတော်စောင့် နတ်ပြဟ္မာ အပေါင်းကလည်း ဝမ်းမြောက် ရွှင်လန်း အားကိုး ယုံကြည်စွာဖြင့် ကူညီစောင့်ရှောက်ကာ အနုမောဒနာ ပြုလိမ့်မည်ဟူ၍ မြော်လင့် ယုံကြည်ကြောင်းကို ရိုသေလေးမြတ်စွာ လျှောက်ထားဝံ့ပါသည်၊ လဇ္ဇီပေသလသိက္ခာကာမ ပရိယတ္တိပိသာရဒ ဂဏပါမောက္ခ ဖြစ်တော်မူကြသော ဆရာတော်အရှင်သူမြတ်ကြီးတို့ဘုရား။

(ပုံ) သတိုးသီရိသုဓမ္မဆာဦးသွင်။

## အစည်းအဝေး သဘာပတိ ညောင်ရမ်း ဆရာတော်၏မိန့်ခွန်း။

ဇေယျ ဘူ။ ။အစိန္တေယျာနုဘာဝ၊ဂမ္ဘီရစသော ဂုဏ်တော် အာနုဘော် တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ထားတော် မူခဲ့သော သာသနာတော်သည်၊အနှစ်ငါးထောင်ထက် အလွန် တည်တန့် ခိုင်မြဲ၍ ထွန်းလင်းတောက်ပစေခြင်း အကျိုးငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့သည်၊ ဆဋ္ဌသံဂါယနာတင်လိုသည်ဖြစ်၍၊ ဖွဲ့စည်းထားအပ်သောဩဝါဒါစရိယ သံဃနာယက အဖွဲ့ကြီး၏ သုံးကြိမ်မြောက် အစည်းအဝေးကြီး၌ သဒ္ဓါ-စေတနာထက်သန်သော လှူလဝီရိယ၊ ဆန္ဒာဂတိ စသည် မလိုက်စားဘဲ၊ ရွက်ဆောင်နိုင်လိမ့်မည် ထင်မြင်တော်မူကြပါသဖြင့်၊တပည့်တော်အား ခေတ္တအစည်းအဝေး ဥက္ကဋ္ဌ တင်မြှောက်တော် မူကြ သည်ကို များးစွာ ဝမ်းမြောက်၍ ကျေးဇူးတင်ပါကြောင်း။

ဂတိမလိုက်စားဘဲဆောင်ရွက်မည်ဖြစ်ပါကြောင်း။

၂။ ယခုအစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြကုန်သော ဆရာတော်၊ သံဃာတော်တို့သည်၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော် အတွင်းရှိ ရှစ်သောင်းကျော် သံဃာတော်တို့တွင်၊နက်နဲသောသီလ၊သမာဓိ၊ပညာတိပိဋကဓရ၊ တိပိဋကဆေက၊ တိပိဋကပါရဂူ၊သဒ္ဒပါရဂူစသောဂုဏ်အပေါင်းတို့နှင့်ပြည့်စုံတော် မူကြကုန်သော မဟာထေရ်မြတ်ကြီးတို့ကို ရွေးချယ်စိစစ်၍ ကောက်ယူထားသောရဟန်း ပရိသတ် ဖြစ်ပါသောကြောင့်၊ ဂမ္ဘီရပရိသတ်၊ အဂ္ဂဝတီပရိသတ်၊ သမဂ္ဂ ပရိသတ်ဓမ္မဝါဒီ ပရိသတ်ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့်၊ ဤအစည်းအဝေးကြီး၌၊ ပဌမ သံဂါယနာတင် အရှင် မဟာကဿပစသော ရဟန္တာ မဟာထေရ်မြတ်တို့နှင့် အသားတူစွာ ဆဋ္ဌသံဂါယနာ တင်ကြမည့် သီလဝန္တ၊ သမာဓိဝန္တ၊ ပညာဝန္တ ရဟန်း တော်များ ဖြစ်ကြသည့်အား လျော်စွာ စက္ခုစသော ဣန္ဒြေတို့ကို စောင့်စည်းတော်မူကြပြီးလျှင်၊ ငြိမ်သက် တည်ကြည်စွာ နက်နဲသောပါဠိကျမ်းဂန် စကားဖြင့်၊ သိမ်သိမ် မွေ့မွေ့နူးနူးညံ့ညံ့ပြောဆိုကြပါမည့်အကြောင်း။

ပါဠိ ဝိသောဓက ဆရာတော်များ သည်လည်း။

> "သီလသံဝရော အဝိပ္ပဋိသာရတ္ထာယ
> အဝိပ္ပဋိသာရော ပါမောဇ္ဇတ္ထာယ

ပါမောဇ္ဇံ ပီတတ္ထာယ ပီတိ
ပဿဒ္ဓတ္ထာယ ပဿဒ္ဓိ သုခတ္ထာယ၊
သုခံ သမာဓတ္ထာယ၊ သမာဓိ ယထာ-
ဘူတ ဉာဏတ္ထာယ"။

စသောပါဠိတော်၌၊ သီလနှင့်ပြည့်စုံမှသာလျှင်၊နှလုံးသားရွှင်၏၊နှလုံးသားရွှင်မှသာလျှင် နုသောပီတိဖြစ်၏။ နုသောပီတိဖြစ်မှသာလျှင်၊ အားကြီးသော ဖလဝပီတိဖြစ်၏။ အားကြီးသော ဖလဝပီတိဖြစ်မှသာလျှင်၊ ငြိမ်းချမ်းခြင်း ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိဖြစ်၏။ ပဿဒ္ဓိ ဖြစ်မှသာလျှင်၊ ချမ်းသာခြင်းသုခ ဖြစ်၏။ သုခဖြစ်မှသာလျှင်၊ တည်ကြည်ခြင်း၊ သမာဓိ ဖြစ်၏။သမာဓိဖြစ်မှသာလျှင်၊ပုဒ်အက္ခရာ မှန်သည်၊ မမှန်သည်ကိုကေန်မုချ သိမြင်နိုင်ပါသောကြောင့်၊ ယထာဘူတ ဉာဏ်၏ အကြောင်းရင်း မူလဘူတ စာပုပါရိသုဒ္ဓိ သီလကိုဖြူစင်စေ၍၊ ပါဠိဝိသောဓကပြုကြပါမည့်အကြောင်း တိုက်တွန်းတောင်းပန်၍ မိန့်ခွန်းစကားပြောကြားပါသည်။

## ပါဠိဝိသောဓကပြုရခြင်း၏အကြောင်း

"ဒွေ မေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ
သမ္မောသာယ အန္တရဓာနာယ
သံဝတ္တန္တိ၊ ကတမေ ဒွေ၊ ဒုန္နိက္ခိတ္တံဝ
ပဒဗျဉ္ဇနံ အတ္ထောဝ ဒုန္နိတော၊
ဒုန္နိက္ခိတ္တဿ ပဒဗျဉ္ဇနဿ အတ္ထောပိ
ဒုန္နယော ဟောတိ"။

ဟူသော ပါဠိတော်၌ မကောင်း သဖြင့် ထားအပ်သော ပုဒ်အက္ခရာ၊ မကောင်းသဖြင့် သိမြင်အပ်သော အနက်အဓိပ္ပါယ်သည်၊ သာသနာတော်သုံးပါးဟုဆိုအပ်သော သူတော်ကောင်းတရား၏ ပျောက်ပျက် ကွယ်ပျောက်ခြင်း၄ါ ဖြစ်၏၊ ဘုရား ဟောတော်မူသော ကြောင့်၊ ပုဒ်အက္ခရာ ချွတ်ယွင်းခဲ့သော် အနက်ချွတ်ယွင်းခဲ့၏။ အနက်ချွတ်ယွင်းသည်ရှိသော်၊အဓိပ္ပါယ်အယူမှားယွင်း၏။ မှားယွင်းသော အဓိပ္ပါယ်ကိုယူ၍ ကျင့်ကြံ အားဘုတ်သည်ရှိသော်၊ အကျင့်မှားယွင်း၏။အကျင့်မှားယွင်းပါလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ပါ။ ထို့ကြောင့်၊သံဃါယနာမတင်မီမဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းရင်း မူလဘူတ ဖြစ်သော မဂဓမူလဘာသာပါဠိအက္ခရာကို ကျနမှန်ကန်အောင်သုဓ်သင်ရမည်။

## ပါဠိဝိသောဓကပြုပုံ။

အစိန္တေယျာနုဘာဝဿ ဟိ သမ္မာ သမ္ဗုဒ္ဓဿ ပါဠိနယော အစိန္တေယျောဝ ဟောတိ၊ ဂမ္ဘီရော ဒုက္ခောဂါဠ္ဟော။ န ယေန ကေနစိ လက္ခဏေန သောဓေတဗ္ဗော၊ ယထာ တန္တိ ဝိရုဇ္ဈတေယေဝ လက္ခဏေဟိ သောဓေတဗ္ဗော။

ဟူသော သဒ္ဒနီတိ၌၊ အစိန္တေယျာနုဘာဝဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ပါဠိတော်သဒ္ဒါနည်းသည်၊အစိန္တေယျာ ဂမ္ဘီရ ဒုက္ခောဂါဟ ဒုဒ္ဒသ သဏှ သုခုမဖြစ်တော်မူ၏။ထို့ကြောင့် အစိန္တေယျ ပါဠိတော်နည်းကို ယံဝါ တံဝါ အမှတ်မရှိသော သုတ်လက္ခဏာကို သာဓကပြု၍ မပြင်အပ်။ ထိုအစိန္တေယျ ပါဠိတော် နည်းအား လျော်စွာ စီရင်အပ်သော သုတ်လက္ခဏာတို့ဖြင့် သုဓ်သင်အပ်၏ဟုပြတော်မူသောကြောင့်၊ ကစ္စည်းသုတ်၊ ရူပသိဒ္ဓိသုတ်၊ သဒ္ဒနီတိ သုတ်တို့ကို၎င်း။ ဈာသစသော သဒ္ဒါ အဖွင့် ကျမ်းတို့ကို၎င်း။ပါဠိတော်အဋ္ဌကထာ ဋီကာ နည်းတို့ကို၎င်း၊ သာဓကပြု၍ သုဓ်သင် ပြင်ဆင်တော်မူကြပါ။

သက္ကဋ အက္ခရာ ဘာသာကို သာကေပြု၍ မပြင်သင့်။

နဟိ သဗ္ဗဓမ္မာနံ ပညတ္တိ ကုသလော
သဗ္ဗညူ သတ္ထာ သက္ကဋ ဘာသတော
နယံ ဂဟေတွာ ဝါစံ ဘာသတိ မာဂ
ဓိကာယ ဧဝ ပန ဓမ္မနိရုတ္တိယာ ဝါစံ
ဘာသတိ ဓမ္မံ ဒေသေတိ၊

ဟူသော သဒ္ဒါ နိတိ၌၊ အလုံးစုံသော တရား အပေါင်းကို၊ ပညတ်ခြင်း၌၊ လိမ္မာတော်မူသော၊ အလုံးစုံသော တရားအပေါင်းကို သိမြင်တော်မူသော မြတ်စွာဘုရားသည်၊ သက္ကဋဘာသာမှ နည်းကိုယူ၍ စကားမဆို၊ တရားမဟော၊ မာဂဓ ဘာသာဖြင့် သာလျှင်၊ ဓမ္မနိရုတ္တိအားဖြင့် စကားဆိုတော်မူ၏။တရားဟောတော်မူ၏-ဟု ပြတော်မူသောကြောင့်၊ သက္ကဋဘာသာ ပါဠိကိုယူ၍၊ ပါဠိတော်၌ မပြင်ကြစေလိုကြောင်း။ ။ပါဠိတော်များ၌ သက္ကဋဘာသာနည်းအားဖြင့်ထားသောပါဠိသည်၊ ဥစ္စတေ ဥတ္တံမှ တပါး မရှိပါ။ မောဂ္ဂလာန်၊ဗာလာဝတာရ စူဠနိရုတ္တိစသော သဒ္ဒါကျမ်းတို့မှလည်း၊ ပါဠိယာနုရူပ ဖြစ်သော ပုဒ်အက္ခရာများကိုသာလျှင်နည်းယူ၍ ပြင်စေလိုကြောင်း။

(ပုံ) ဦးရေဝတ (အဂ္ဂမဟာပဏ္ဍိတ)။
ညောင်ရမ်းဆရာတော်။
တတိယအကြိမ်မြောက် ဩဝါဒါစရိယ
သံဃနာယကအစည်းအဝေး ဥက္ကဋ္ဌ။

ဆဋ္ဌသံဂါယနာတင် ပဏာမ သဘင်
အခမ်းအနားဖွင့်ဩဘာစာ။

ဇယဘု။ ။ဂေါဇာ သက္ကရာဇ် ၁၃၁၄-ခု နတ်တော် လဆန်း ၃-ရက်နေ့ ဤအချိန်၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် အရပ်ရပ်မှ ပရိယတ္တိဆောက-ပဋိပတ္တိ မာမက-သာသန မလပိသောဓက ဖြစ်တော် မူကြသော ဆရာတော် သံဃာတော် အပေါင်းတို့သည် နှစ်ထောင်းအားရ ဆဋ္ဌ သံဂါယနာ တင်ရေး ဆွေးနွေး တိုင်ပင်တော်မူကြရန်။ နိုင်ငံတော်အစိုးရနှင့်ဗုဒ္ဓသာသနာ့အဖွဲ့တို့၏ ပင့်လျှောက်ချက်အရ ဤသာသနာ့ရိပ်သာ ဌာနသို့ညီညာဖျဖျ ကြွရောက်တွေ့ဆုံတော်မူကြသည်ဖြစ်ရာ။ ရှေးအခါ သာဝကသန္နိပါတ အစည်းအဝေးကြီးများကဲ့သို့ဖြစ်၍။ စင်စစ်ဝမ်းမြောက်ထိုက်လှပါကြောင်း-ရှေးဦးစွာ သနွေသကထာ အနေအားဖြင့် လျှောက်ထား အပ်ပါသည်ဘုရား။

တိလောကာဓိပတိ မုနိပုင်္ဂဝ သကျသာကီဝင် ဘုရင်နေမျိုး မြေမိုးဘဝဂ် အောက်ထက်ဖိလာ စကြာဝဠာမကြွင်း။ အလုံးစုံဖေါက်ထွင်းလျက်။ အလင်း သိမြင်တော်မူသော၊ ဂေါတမထင်ရှား။ သဗ္ဗညု မြတ်စွာဘုရားသည်။ ရှေးဖျားအစ။ သုမေဓာဘဝ၌။ ဒီပင်္ကရ ခြေတော်ရင်းတွင်။ မယွင်းစုံစွာ။ အဘိနီဟာရအင်္ဂါတို့နှင့်။ ကောင်းစွာပြည့်စုံသဖြင့်။ ပဒုံ ရွှေကြာ။ ပွင့်ဘို့ရန် သေချာသကဲ့သို့။နောင်အခါမပျက် အသင်္ချေလေးဝ။ ကပ်တသိန်းကျသည့်။ ဘဒ္ဒကမ္ဘာသက်၌။ စက်စက္ကဝါ။ သွက်သွက်ခါအောင်။ သစွာလေးဆင့်။ကားကားစွင့်၍ ဘုရားရှင့်ဂုဏ်အင်္ဂါတို့နှင့်။ စုံလင်စွာ ပွင့်တွန်းပေလတ္တံ့ဟု-နိယတဗျာဒိတ်။ကောင်းဟိတ် ကျေညာ။ မိန့်မြွက်တော်မူသောအခါကပင် (ဟောဘု)ဆိုသော အင်္ဂါအရ။ ဝဋ္ဋဒုက္ခဇာတ်ငြိမ်း၍။ သံသရာလက်စသိမ်းနိုင်သော်လည်း။ တွက်ကိန်းများစွာဝေနေယျာဗိုလ်လူဟိန္ဒဂူတို့၏ရှိန်ပူပြင်းပြ။ ဆုံးစမမြင်။ သမုပ္ပါဒ် စက်အပြင်ဝယ်။ မျက်

မမြင်အလား။ ခံစား လှည့်လည်၍ နေကြ ရမည်များကို သနားရှေးရှု။ အထပ်ထပ် စဉ်း စားတော်မူပြီးလျှင် ရှည်လျားလှစွာ၊ သံသရာ ဝဋ်ဆင်းရဲတို့ကို အားခဲ၍ရင်ဆိုင်တော် မူပြီး မှ။ လောကထွန်းထား။ ဘုရားအဖြစ်သို့ရောက် ကာ သတ္တဝါပိုလ်ခြေအထွေထွေတို့ကိုအောင် မြေနိဗ္ဗူ။ ကျွန်းသောင်ငူသို့ ဆယ်ယူတင်ပို့ တော်မူခဲ့ပါသတည်း။

ကရုဏာသီတလ မြေသန့်ရှင်း။သနားခြင်း အခြေခံ ထူးမြတ်သောသဗ္ဗညုတ ရွှေဉာဏ် တော်ဖြင့်။ ဝေဘန်ပိုင်းခြား။ အကြိမ်ကြိမ် ဟောကြားတော်မူခဲ့သော။ ပိဋက ရွှေဗျာ။ ဒေသနာတို့မှာ။ဓမ္မက္ခန္ဓာအားဖြင့်ရှစ်သောင်း လေးထောင်၊မြားမြောင်ဘိခြင်း။ရောင်အလင်း ကို ဆောင်ကျင်းတော် မူလျက်သာ။ မပျက် စဉ်လာ လူတို့ရွာတွင် ချိန်ခါခုတိုင်။ ယိမ်း မယိုင်ဘဲ ခိုင်မြဲစွာ တည်လျက်ပင် ရှိပါ ကြောင်း။

ဓမ္မက္ခန္ဓာ၏ ကျေးဇူး။ဂုဏ်အထူးကို ကွန့် မြူးယှက်ဖြာ ဉာဏ်ပညာဖြင့် ကောင်းစွာ မြင်သိ။ တကယ့်ပညာရှိဖြစ်တော် မူကြသော ကဒိကုဋ္ဌရ အာသဘ မြောက်ပြီး သံဃာ တော်ကြီးတို့နှင့်တကွ လောက သမုတိနတ် ပညတ်ထင်လင်း ဘုရင်မင်းတို့သည်။ ရှင်ရင်း မြတ်စွာ သာသနာကို သချ်ာသဟာသ။ ငါး ကြိမ်ကျအောင်။လောကအတွင်း။အညစ်ကင်း လျက်။မြစ်ရင်းခိုင်ခိုင် တည်နိုင်စေခြင်းအကျိုး ငှါ။ ရှေးရိုးစဉ်လာ သာသနာ စည်းမျဉ်း။ အရာရာမလစ်ဟင်းစေဘို့။ အချင်းချင်းနှိုင်းချိန် ပြီးလျှင်။ ပုဏ္ဏမိန်သော်တာ ညစ်ငါးဖြာ ကင်းပ တာရာပေါင်း ခသကဲ့သို့။ ပဌမသံဂါ ယနာ ဒုတိယသံဂါယနာစသည်ဖြင့် ဝိဝါဒ

မကွဲ ပိဋကသဘင်ပွဲကြီးများကို ဆင်နွှဲအား ထုတ်ခဲ့ကြသည်ဖြစ်ပါကြောင်း။

ဇမ္ဗူဒိပ် သီဟိုဠ် ထိုထိုမြို့ပြ ရာဇဌာနီ အလီလီတို့၌ နည်းမှီလောက်ဘွယ် စင်ကြယ် ချိန့်ဖွဲ့။ထိုသို့သောပိဋကသဘင်ပွဲကြီးတို့ကိုဆင် နွှဲကျင်းပ ဉသာဟပွါးကူး ဒေသနာကွန့်မြူး အောင် အထူးအားထုတ်ကြရာ၌ ပဋ္ဌမမြောက် အနေအားဖြင့် ဤမြန်မာ နိုင်ငံတော်ကြီးကို ဘုန်းမီးနေလ ပိုင်သစိုးစံ တန်ခိုးလျှံသည့် ဒသဓံသေဂ်ဟ။ စသည်ကျင့်သုံး။ မင်းဘုန်း ဇေဂ်ရာဇ် ထွန်းသစ်ဂုဏ်အင် ဘုရင်မင်းတရား ကြီး လက်ထက် တော်က အဟော် ဝတ အဇ္ဈရိယမဆုံး။ ရှေးထုံးအစဉ် တဂုဏ်တင် လောက်အောင် ပါဝင်ကျင်းပခဲ့သည် ဖြစ်ရာ မြန်မာ နိုင်ငံတော်၏ကံဇာတာသည်။ လျှံဝါ ထွန်းပ သာသနအမြုတေ။ ပေါင်းစုလေသည် ဟုအခြေကျကျ၊ ထောမနာရဟ သဘောသို့ သက်ရောက်ခဲ့သည် ဖြစ်ပါကြောင်း။

သာသနအောင်မြေ အခြေမလှုပ်ိုင်။ခိုင်ကြီး ခိုင်လှသော ဤပြည်ထောင်စုမြန်မာနိုင်ငံတော် ကား။ တရံတခါ။ ကံဇာတာမှေးမှိန်၍ သေး သိန် သယောင်ယောင် ရှိခဲ့ သော်လည်း။ ပိဋကတ်မွေအနှစ် သာသနာခြေ အမြစ်၏ စင်စစ်သက်ဆင်းရာ ဌာနဖြစ်ခဲ့သဖြင့်။ မညစ် မနွမ်း။သာသနာအဆင့်အတန်းသည် တခမ်း တနား ပြည်ထောင်စု အစိုးရမင်းတို့၏ စွမ်း ပကားဖြင့်။ကြွားကြွားဖွင့်ဖွင့်။ ကောင်းကင်ယံ တွင်။ဒေါင်းလံကြီးဝင့်သလို ကြီးမြင့်တိုးတက် ဘို့အချိန်သို့ ဆိုက်ရောက် လာပြီ ဖြစ်ပါ ကြောင်း။

လွန်လေပြီးသော နှစ်ပေါင်း နှစ်ထောင့် ငါးရာအစ ဗုဒ္ဓဂေါတမသည် လောကသင်း ကျစ်။ ဓမ္မရာဇ်ထွန်းတင်။ ပေါ်လွင်ကွန့်မြူး

ပွင့်တော်ဦးအခါကပင်။ ဥက္ကလာပဇနပုဒ်အဝင်။ အသိတဥ္စနမြို့သား။ တဖုဿ-ဘလ္လိက ညီနောင် နှစ်ဦးတို့အား။ မြတ်စွာဘုရားကိုယ်တော်တိုင်ရှစ်ဆိုင်ရောင်လျှပ်။ ဆံတော်ဓါတ်တို့ကို နှင်းအပ်သနားတော်မူလိုက်သဖြင့်။ သမိုက်ရောင်လျှံ။ သိင်္ဂုတ္တရ တောင်ယံတွင် ဆံတော်ကိုဌာပနာ၍နောင်လာနောက်သားတို့ အတွက်ကျိုးဆက်ထင်ရှားကြစေရန် ဆံတော်ရှင်ဒဂုန်စေတီမြတ်ကိုတည်ထားခြင်းဖြင့်။ရှေးဖျားအစ သာသနာ ရောက်ခဲ့သည်ဟုအစဉ်မပြတ်သတ်မှတ်ခဲ့ကြပါကြောင်း။

ထို့နောက် မြတ်စွာဘုရား ရှစ်ဝါမြောက်သော အခါ သုဓမ္မပူရ သထုံပြည်သား ဂဝံပတိမထေရ် လျှောက်ထား တောင်းပန်ချက်အရ ရာမညတိုင်းအပါ မြန်မာနိုင်ငံတော်၏ တစိတ်တဒေသ သုဓမ္မပူရသထုံမြို့သို့ ကြွလာတော်မူပြီးလျှင် သထုံပြည့်ရှင် သီဟဘုရင်ကြီးနှင့်တကွ တိုင်းသူ ပြည်သား တို့အား သာသန အခြေခံဖြစ်သော တရားဓမ္မတို့ကို ဟောပြကယ်ချွတ်တော်မူရာ ထိုအခါ၌မြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် သာသနာတော် ရောက်လာပြန်သည်ဟု မှတ်တမ်းအစဉ် တင်ထားခဲ့ကြပါကြောင်း။

သဗ္ဗညုမြတ်စွာဘုရားဝါတော်(၂၀)ဖြစ်သော မဟာဗောဓိအလွှန်တွင် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမ ရွာသား မဟာပုဏ္ဏမထေရ် လျှောက်ထား တောင်းပန်သဖြင့် မြတ်စွာဘုရား ကိုယ်တော်တိုင် နောက်ပါသံဃာတော်ငါးရာနှင့်တကွ သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ကြွလာတော်မူ၍ ကျောင်းတော်ရာဌာနတွင် ခေတ္တသီတင်းသုံးတော်မူပြီးနောက် မဇ္ဈိမဒေသ ဇမ္ဗူဒီပနိုင်ငံသို့ပြန်ကြွတော်မူသောအခါ မဟာပုဏ္ဏမထေရ်ကို ထိုဒေသတခွင်၌ သာသနာတော် အမြစ်ဆင်းစေရန် ချွင်းချန်၍ ထားတော်မူခဲ့လေသည်၊ ထိုအခါ၌ မြန်မာနိုင်ငံတော်သို့ တတိယအကြိမ် သာသနာ ရောက်လာသည်ဟု သာသနာဝင်အစဉ်အဆက်တွင် ယခုထက်ထိ ပေါ်လွင်လျက်ရှိပါကြောင်း။

ထိုမှ တပါး မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော် မူပြီးနောက် သာသနာတော် သက္ကရာဇ် ၂၃၅ ခု၊ အရောက်တွင် ဇမ္ဗူဒီပနိုင်ငံ ပါဋလိပုတ်ပြည်ကြီး၌ တတိယအကြိမ်မြောက် သံဂါယနာ တင်ပြီးသော အခါ သာသနာတော် အရှိန်အဝါသည် ဇမ္ဗူဒီပါဝန်းကျင် ပေါ်လွင်သန့်ရှင်း အလင်းကြီးလင်းစေခြင်းငှါ၊ အသောက မင်းတရားကြီး နှင့် ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ရဟန္တာကြီးတို့၏ တိုက်တွန်း စေလွှတ်တော် မူကြသဖြင့် ကိုးဌာန အရပ်များသို့ တရားနေခြည် လှည့်လည်သန့်ရှင်းအောင် ဖြန့်ကျင်းတော်မူကြရာ ရှင်သောဏ၊ ရှင်ဥတ္တရ၊ ရဟန္တာ မထေရ်မြတ်တို့သည်၊ သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ငှင်း၊ ယောနက ဓမ္မရက္ခိတ မထေရ်မြတ်သည် သုနာပရန္တတိုင်းသို့ငှင်း၊အသီးသီး သာသနာ ပြုကြွရောက်တော်မူကြသောကြောင့် ထိုအခါ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် သာသနာ ရောက်ရှိလာပြန်သည်မှာ တောင်ထိပ်မီးကဲ့သို့ အပုံကြီးထင်ရှားလှပါကြောင်း။

ဤသို့လျှင် သာသနာနေဝန်း အကြိမ်ကြိမ် ပွင့်ထွန်းရာ ဤမြန်မာနိုင်ငံတော်သည် (ပစ္စန္တိမေသု ဇနပဒေသု-သာသနံ သုပ္ပတိဋ္ဌိတံ ဘဝိဿတိ) ဟူသော တတိယ သံဂါယနာတင် ရဟန္တာအရှင်မြတ်ကြီး၏ မိန့်ခွန်းတော်စကားအရသာသနာ့မဏ္ဍိုင် ခံ့ခိုင်ဗဟို၊

မပြိုမပျက်၊ အချက်အခြာ၊ ပမာယူဘွယ်၊ အကယ်စင်စစ်၊ ဖြစ်ကြီး ဖြစ်လျက်ရှိသည်ကို ယခုအခါ ဆဋ္ဌသံဂါယနာ တင်ခြင်းအားဖြင့် ထင်ရှားစေရမည့်အချိန်အခါသို့ ဆိုက်ရောက်နေပြီဖြစ်ပါကြောင်း။

ဆဋ္ဌသံဂါယနာတင်ရခြင်း၏ အကြောင်းရင်းကို ဖွဲ့ရှာလျှင် ဒေသနာတရား၊ ဘုရားနှုတ်နက်၊ ဓမ္မစက်သည်၊ ဖြစ်ပျက်မကင်း၊ သင်္ခါရနယ်အတွင်း၌ သက်ဆင်း ပါဝင်ပြီးဖြစ်သောကြောင့် နှစ်ပရိစ္ဆေဒ၊ ကာလတောင်တာ၊ အချိန်ကြာသောအခါ၊ အက္ခရာအရင်းခံသော၊ ဓမ္မက္ခန်ပိဋကတ်တို့မှာ၊ မပြတ်ပြုပြင်၊ အမွှန်းတင်ခြင်းမရှိပါက၊ သတိပညာ၊ သမာဓိစသော ခေတ်သဘောတို့ လျော့ကျအားနည်းခြင်းဖြင့်၊ ယိုယွင်းတိမ်းပါး ခြစားအိမ်ဘာန်၊ ဖေါက်ပြန် ပျက်စီးသွားမည်မှာ ဓမ္မတာလမ်းစဉ်တခုဖြစ်ရကား၊ သုံးလူ့ထွဋ်တင်၊ မြတ်ရှင်ပင်၏ ကောင်းအင်သုံးဖြာ၊ ဒေသနာသည်၊ အက္ခရာပုဒ်ပျက်၊ အသီခက်၍၊ အနက်ယွင်းပါး၊ အကျင့်မှားပြီးလျှင် ဆဲ့တပါးအပူမီးတို့ ငြိမ်းကြီး ငြိမ်းရာ၊ ပြည်ခေမာနှင့် အကွာကြီးကွာလှမ်း သွားကြမည် ဖြစ်ပါကြောင်း။ ဤသဘော အရ၊ ပဥ္စင်္ဂုတ္တရ ပါဠိတော် ပဥ္စကနိပါတ် သဒ္ဓမ္မဝဂ်တွင်။

ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓါနာယ သံဝတ္တန္တိ၊ ကတမေ ပဉ္စ ဣဓ ဘိက္ခဝေ ဘိက္ခူ ဒုဂ္ဂဟိတံ သုတ္တံ ပရိယာပုဏန္တိ ဒုန္နိက္ခိတ္တေဟိ ပဒဗျဉ္ဇနေဟိ ဒုန္နိက္ခိတ္တဿ ဘိက္ခဝေ ပဒဗျဉ္ဇနဿ အတ္ထောပိ ဒုန္နယော ဟောတိ၊ အယံ ဘိက္ခဝေ ပဌမော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ။

ဟူ၍ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်ဖြစ်ပါကြောင်း။

ဤသို့ ပါဠိတော် လာရင်း သာသနာကွယ်ပျောက်ခြင်း အကြောင်းများ ဖြစ်သောအင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ ဓမ္မာနုဓမ္မတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည့်၊ တဝါတပြင်၊ စာသင်ပယ်လျော့၊ ကျယ်မဟောကြ၊ ကျယ်မချနှင့် ကျယ်စွမအံ၊ မကြံမစည်၊ ဤငါးမည်တည်း။

ဝါတနည်းမှာ၊ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဒုဗ္ဗစမူ၊ စာချသူရှား၊ လာဘ်များအောင်ဖန်၊ ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း။

ငါးပါး သုံးလီ- သာသနာ မတည်ကြောင်း၊ တ ရား အ ပေါင်း တို့ တွင်-နောက်နှောင်းအခါ၊ အချိန် ကြာ သ ဖြင့်၊ အက္ခရာယွင်းပါး၊ ရှိသည်များကို၊ သင်ကြားပို့ချ၊ဆောင်ရွက်ကြခြင်းသည်၊ လိုရင်းအချက်၊ ပဓာနအားဖြင့်၊ ပါဝင်လျက် ရှိသောကြောင့်၊ သာသနာအစဉ်အဆက်၊ ကိုယ်အသက်ကဲ့သို့၊ ခုံမက်မြတ်နိုး၊ အားကိုးရင်းရှိတော်မူကြသော၊ သာသနပါလက၊ သာသနဒါယကာ၊ သိက္ခာကာမအရှင်၊ ပညာဝန် သခင် မြတ် ကြီး များ ထင်ရှားတည်ရှိတော်မူကြခိုက်၊ ကောလိခေတ်အကြိုက်တွင်၊ မျိုးလိုက်ဘာသာ၊ တိုင်းမြန်မာ၌၊ အာဏာကိုယ်ပိုင်၊ နိုင်ငံတော်အစိုးရ၊ တန်ခိုးကြွသဖြင့်၊ အနဂ္ဃသာသနာကို၊ ကမ္ဘာဝန်းကျင်၊ ပေါ်လွင်စေမှု၊ အကြောင်းရှုပြီးလျှင်၊ ပေါင်းစုညီညာ၊ ဆဋ္ဌသံဂါယနာကို၊ မကြာမီအတွင်း၊ တင်ထားခြင်းဖြင့်၊ ရှိုင်းပင်းသမှု

သာသနာပြုမည်ဟု၊ဥဇုဘူတ၊လုံ့လပြင်းထန်၊ အဖန်ဖန်အားပေးနေကြဆဲတွင်။

နက်နဲလှစွာ၊ဒေသနာကို၊အက္ခရာစစ်ဆေး အပြစ်ဘေးတို့ကို၊ ဆေးကြောသုတ်သင်၊ မှန်ကန်စွာပြုပြင်၍၎င်း။

ဘာသာကွဲပြား၊နိုင်ငံခြား၌၊ ဘုရားရှေ့ဗျာ၊ ဒေသနာသည်၊ထောင်ရာနေလ၊ထွန်းတောက်ပသကဲ့သို့၊လင်းလှစေမှု၊ အကြောင်းရှုပြီးလျှင်၊ ကောင်းမှုဆယ်ဖြာ၊ရရာ ရရေး၊အားပေးကူညီသောအားဖြင့်၊တရားဓမ္မက္ခန်၊ အတန်တန်ကို၊ ဘာသာအမျိုးမျိုးပြန်၍၎င်း။

နိုင်ငံတော်အစိုးရမင်းတို့က၊ ကောင်းခြင်းသုံးဖြာ၊ အံ့ဩဘွယ်ဂုဏ်ရှစ်ဖြာတို့ဖြင့်၊ တန်ဆာဆင်အပ်သော၊ သဒ္ဓမ္မသုံးဖြာ၊ သာသနာကို၊အဇာတသတ် စသော မင်းကောင်း မင်းမြတ်တို့အလား၊နောက်သားနောင်လာ၊ကမ္ဘာတခွင်၊ ရာဇဝင်တွင်၊ စာတင်လောက်ဘွယ်၊ အကယ်စင်စစ်၊ သာသနာပြုမင်း အဖြစ် ဖြင့်၊ စံနစ်တကျ၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးကို ဖွဲ့စည်းပြီးလျှင်၊ခရီးတွင်ကျယ်၍၊ စင်ကြယ်သောပိဋကတ်တော်များ၊ခန့်ငြားပြန့်နှံ့စေရန်၊ ဝေဖန်နှိုင်းဆ၊ သူ့နေရာနှင့်သူ၊ အချိုးကျအောင်၊ဆဋ္ဌသံဂါယနာ၊ မဟာသဘင်ကြီးကို၊ ဖွဲ့နှီးကျင်းပ၊ တည်းဖြတ်တင်ထားကြမည်ဖြစ်ရာ၊ ထိုဆဋ္ဌသံဂါယနာတင်ထားရေးနှင့်ပတ်သက်၍၊အချက်ကျကျ၊ သမဂ္ဂနှီးနှော၊ သမာန ဝါဒီသဘောသက်စေရန်၊ နိုင်ငံတော်အဝှမ်းရှိ ဆရာတော် သံဃာတော်ကြီးများ ကြွရောက်လာကြသဖြင့်၊ယခုအခါ ဤနေရာ ဤဌာနတွင်၊ သင်္ကန်းရောင်တို့ဖြင့်၊ တပြောင်ပြောင်တောက်ပလျက်၊ပဏာမရှေ့ပြေး၊ပဌမအစည်းအဝေးကြီးကို ဆွေးနွေးကျင်းပကြရန်အချိန်တန်အခါ သင့်ပြီဖြစ်၍၊ ဥဒည်တောင်စွန်းမှ၊နေစက်ဝန်း မပေါ်မီ၊အရုဏဝတီ၊ ရောင်ခြည်ရှေးဦး၊ဖြာ ဆင့်ကာ ကွန့်မြူးသကဲ့သို့၊ ထူးခြား မြင့်မြတ်သော၊ ပဏာမ အစည်းအဝေးကြီးကို၊ ယခုအချိန်ကိုအစပြု၍၊ ဖွင့်လှစ်ပြီဖြစ်ပါကြောင်း။ ကောင်းမွန် ရိုသေစွာ ဩဘာ စကား ဘတ်ကြားခြင်း အားဖြင့်၊ လျှောက်ထား အပ်ပါသည် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ဘုရား။

စီစဉ်ရေးသားသူ
(ဦးဘသန်း–မော်လမြိုင်)
ဒုတိယ စာပြင်မှူးချုပ်။

## ပါဠိဝိသောဓန စည်းကမ်း။

၁။ ယာဘက် မျက်နှာ၌ ကျနေသော အက္ခရာပုဒ်များကိုယာဘက်မျက်နှာ၏ ယာဘက်အစွန်း၌ ထည့်သွင်းရန်။

၂။ ဝဲဘက်မျက်နှာ၌ကျနေသော အက္ခရာပုဒ်များကို ဝဲဘက်မျက်နှာ၏ ဝဲဘက်အစွန်း၌ထည့်သွင်းရန်။

၃။ မူကွဲများကိုစာမျက်နှာ၏ အောက်၌ ချပြီးလျှင်မူကွဲသော နေရာကို မျဉ်းသား၍ ပြထားရန် (မူကွဲသောနေရာသည်တမျက်နှာထည်း၌ ၃–၄ မျိုး ရှိနေလျှင် အထက် အောက် နှစ်ရပ်လုံး မှာပင် နံပါတ်စဉ်၍ ပြရန်)။

၄။ မိမိ၏ပြင်ဆင်ချက်ကိုကား သီးခြားပေးထားသောစာအုပ်ပေါ်၌နံပါတ်စဉ်အလိုက် အထောက် သာဓကရေးသား၍ ညွှန်ပြရန်။ ထိုသို့အထောက်ပြရာ၌။

(က) အခြားပါဠိတော် အဋ္ဌကထာ မူကွဲများကိုထောက်ခြင်း။

(ခ) အဋ္ဌကထာ ဋီကာ နိဿယ များကိုထောက်ခြင်း။

(ဂ), သဒ္ဒါကျမ်း အမျိုးမျိုးကို ထောက်ခြင်း။

(ဃ) မာဂဓ သဒ္ဒါ ၂ မျိုးမတူ ဖြစ်လျှင် လက်စွဲရိုးရာ မာဂဓ သဒ္ဒါကျမ်းများကိုသာထောက် ခြင်း။

(င) အာစရိယဝါဒကိုထောက်ခြင်း ဤအမျိုးမျိုး တွင် မည်သည့် အရာကို ထောက်၍ ပြင်ဆင် ကြောင်းကိုမှတ်တမ်း ရေးရပါ မည်။

မှတ်ချက်။ ။ထို ပြင်ဆင်ချက် မှတ်တမ်းကို ကြည့်ရှု၍ ပါဠိသောဓက စစ်ဆေးရေးအဖွဲ့က ထပ်မံကြည့်ရှုစစ်ဆေးရာ၌လွယ်ကူ စေခြင်း အလို့ငှါ အထက်ပါစည်းကမ်းများကို ညွှန်ပြရပါသည်။

သာသနာနှစ် ၂၄၉၆-ခု၊ သက္ကရာဇ် ၁၃၁၄-ခု၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော် ဆဋ္ဌသံဂါယနာ သံဃာအဖွဲ့

<u>ဥပဒေ။</u>

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

အချီး။

ဤဥပဒေကို "ဆဋ္ဌ သံဂါယနာ ဩဝါဒါစရိယသံဃနာယက" ဆရာတော်ကြီးများနှင့် "ဆဋ္ဌသံဂါယနာ ပါဠိဝိသောဓက" အဖွဲ့ဝင် ဆရာတော်များ အစည်းအဝေးကြီးမှ လွှဲအပ်သည့်အတိုင်းဝန်ဆောင်သံဃာအဖွဲ့ကဆုံးဖြတ် အတည်ပြုပြီးလျှင် ကြေငြာသည့် နေ့မှ စ၍ ဆဋ္ဌသံဂါယနာတင်ကိစ္စ လုံးဝ ပြီးဆုံးအောင် မြင်သည်အထိ "သင်္ဂီတိကာရက" ပုဂ္ဂိုလ်တိုင်း လိုက်နာဆောင်ရွက်သွားရန် ဖြစ်သည်။

သံဂါယနာ တင်ခြင်းသည် နှစ်ပေါင်း နှစ်ထောင့်ငါးရာ အတွင်းမှာ ၆-ကြိမ်သာ ရှိမည်ဖြစ်၍ ကြုံကြိုက်ခဲသောဒုလ္လဘကြီးတခု ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်း ရှင် လူ အပေါင်းတို့သည် ကောင်းချီးဩဘာ ထောမ နာအကြိမ်ကြိမ်ပြု၍စိတ်အားထက်သန်စွာဖြင့် အားပေးချီးမြှောက်ကြရန် ဖြစ်သည်။

ဆဋ္ဌသံဂါယနာပွဲကြီး အောင်မြင် မှုကို ရှေးရှု၍ လွတ်လပ်သော ပြည်ထောင်စုအစိုးရ နှင့်တကွ နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့ကြီး အမှူးရှိသော ထေရဝါဒီအပေါင်းတို့ကလည်း ရှေး သံဂါယနာငါးတန် သာသနာ့ဒါယကာ များကဲ့သို့သင်္ဂီတိကာရကဆရာတော်များကာ ယသုခစိတ္တသုခရှိစေခြင်းငှါပစ္စယာနုဂ္ဂဟဖြင့် လိုလေသေးမရှိအောင် အစွမ်းကုန် ထောက်ပံ့ ချီးမြှင့် ပူဇော်ကြရန် ဖြစ်သည်။

ဤဥပဒေဖြင့် တည်ထောင်အပ်သော အဖွဲ့ အသီးသီး၏ ဆုံးဖြတ်ချက်ကို သံဂါယနာဝင် ထေရမဇ္ဈိမနဝဖြစ်တော်မူသော သံဃာတော် အပေါင်းတို့ကလည်း ဘုရားရှင်၏ မျက်နှာ တော်ကို ထောက်ထား၍ လေးစားကြည်ညိုစွာ လိုက်နာကျင့်သုံးရန် ဖြစ်သည်။

ဤ ဆဋ္ဌသံဂါယနာ ပွဲကြီးသည် ကမ္ဘာ လောက၏ ငြိမ်းချမ်းသာယာရေး ရောင်ခြည် ဖြစ်စေရန် ရည်ရွယ်သည်။

အခန်း ၁။

၁။ ဤဥပဒေကိုသာသနာနှစ် ၂၄၉၆-ခု၊ သက္ကရာဇ် ၁၃၁၄-ခု၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော် "ဆဋ္ဌသံဂါယနာ သံဃာအဖွဲ့ ဥပဒေ" ဟု ခေါ်တွင် စေရမည်။

၂။ ဤ ဥပဒေတွင် အကြောင်း အရာနှင့် ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့် ဖြစ်စေ မဆန့်ကျင်လျှင်—

(က) သာသနာနှစ် ဆိုသည်မှာ- ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် သာသနာနှစ်နှင့် ဝေါဟာရနှစ် ကိုက်ညီစေခြင်းငှါ ဘိုးတော်အဗ္ဗနမင်း၏ ဖြိုကြွင်းနှစ် မဟာသက္ကရာဇ် ၁၄၈ ကိုအဇာတသတ်မင်း ဖြိုခွင်းပြီးလျှင် အကြွင်းတခုမှစ၍ ရေတွက် အပ်သော နှစ်ကို ဆိုလိုသည်။

(ခ) သက္ကရာဇ် ဆိုသည်မှာ- ပုဂံပြည်ပုပ္ပါး စောရဟန်မင်း၏ ဖြိုကြွင်းဖြစ်သောပြည်ထောင်စုနိုင်ငံတော်သုံး မြန်မာဝေါဟာရနှစ်ကို ဆိုလိုသည်။

(ဂ) သံဂါယနာဆိုသည်မှာ—

(၁) ဇမ္ဗူဒိပ် မဇ္ဈိမတိုက်၌ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးသည့်နောက် သုံးလခန့် အကြာတွင် အရှင်မဟာကဿပကို အမှူးထား၍ အရှင်ဥပါလိ၊ အရှင် အာနန္ဒာ အစရှိသော တေဝိဇ္ဇဆဠဘိညပဋိသမ္ဘိဒါပတ္တ-ရဟန္တာမထေရ်ငါးရာတို့သည် ရာဇဂြိုဟ် ပြည့်ရှင် အဇာတသတ် ဘုရင်ကို ဒါယကာ ပြု၍ ခုနှစ်လ တိုင်တိုင် တင်အပ်သော "ပဌမသံဂါယနာ"

(၂) သာသနာ နှစ်တရာ မြောက်တွင် အရှင်မဟာယသကို အမှူးထား၍ တေဝိဇ္ဇ ဆဠဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ခုနစ်ရာ တို့သည် ဝေသာလီ ပြည့်ရှင် ကာလာသောက ဘုရင်ကို ဒါယကာပြု၍ ရှစ်လ တိုင်တိုင် တင်အပ်သော "ဒုတိယသံဂါယနာ"

(၃) သာသနာနှစ် ၂၃၅ ခုမြောက်တွင် အရှင် မဟာ မောဂ္ဂလိပုတ္တတိဿကိုအမှူးထား၍တေဝိဇ္ဇဆဠဘိညပဋိသမ္ဘိဒါပတ္တ ရဟန္တာ တထောင် တို့သည် ပါတလိပုတ်ပြည့်ရှင်အသောကဘုရင်ကို ဒါယကာပြု၍ ကိုးလတိုင်တိုင် တင်အပ်သော "တတိယသံဂါယနာ"

(၄) သာသနာနှစ် ၄၅၀ မြောက်တွင် သီဟိုဠ်ကျွန်း၌ အရှင် မဟာ ဓမ္မရက္ခိတ မထေရ်ကို အမှူးထား၍ ရဟန္တာ ငါးရာတို့သည် မလယဇနပဒမင်းတို့ကို ဒါယကာ ပြု၍ မလယဇနပုဒ် အာလောကလိုဏ်၌ ပေထက် အက္ခရာ တင်အပ်သော "စတုတ္ထသံဂါယနာ"

(၅) သာသနာနှစ် ၂၄၂၅ ခု သက္ကရာဇ် ၁၂၃၃ ခု နှစ် တွင် မြန်မာ နိုင်ငံ ရတနာပုံ ရွှေမြို့ တော်၌ (က) ဇာဂရာဘိဝံသ တိပိဋကဓရမဟာဓမ္မရာဇာဓိ ရာဇဂုရု "ဒက္ခိဏာရာမဘုရား ကြီး ဆရာ တော်" (ခ) သုမင်္ဂလသာမိ သိရိပဝရမဏိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု "စိးတော်မြင်းဝန်တိုက် ဆရာတော်" (ဂ) နရိန္ဒာဘိ သိရိသဒ္ဓမ္မဇောတိပါလမဟာဓမ္မရာဇာဓိရာဇဂုရု "ဆီးဗန်းနီ ဆရာတော်ဘုရား" တို့ကို အမှူးထား၍တံဆိပ် တော်ရ-မရ ဆရာ

တော်။ သံဃာတော် ၂၀၀၀-တို့သည် ရွှေနန်း ပြသာဒ် တော်ကြီးတွင် ခြောက်လတိုင်တိုင်ရွတ်ဖတ်သရဇ္ဈာယ် တော် မူကြပြီး လျှင် သိရိပဝရဝိဇယာနန္တယသပဏ္ဍိတ တြိဘဝနာဒိတျာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ ဘွဲ့တံဆိပ် တော်ခံယူသော မြန်မာပြည့်ရှင်မင်းဘုန်းဘုရင်ဒါယကာ ခံယူ အပ်သော သေလက္ခရာရှင်ဖြစ် "ပဉ္စမ သံဂါယနာ" ဟူသောသံဂါယနာ ငါးတန်တို့ကို ထောက်ဆ၍သာသနာနှစ်၂၄၉၈ခု သက္ကရာဇ် ၁၃၁၆ ခုနှစ် ကဆုန် လပြည့် နေ့မှ စ၍သာ သနာ နှစ် ၂၅၀၀ ပြည့်သက္ကရာဇ် ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့ အထိ ရန်ကုန်မြို့သိရိမင်္ဂလာ ကုန်း တော် သာ တွင်ကမ္ဘာအေး စေတီတော် အနီး၌သီဟိုဠ်ကျွန်း။ ယိုးဒယား ပြည်။ ကမ္ဘောဒီးယားပြည်။ လောပြည်တို့နှင့်တကွ ပြည်ထောင်စုံ မြန်မာနိုင်ငံတော်အရပ်ရပ်မှလင်္ဂိပေသလသိက္ခာ ကာမ ပရိယတ္တိ ဝိသာရဒ ပါကဋ ဂဏပါမောက္ခ ဖြစ်တော်မူသောတံဆိပ်တော်ရ-မရ ၂၅၀၀ သော သံဃာ တို့သည် ပြည်ထောင်စု မြန်မာ နိုင်ငံတော်အစိုးရ နှင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး အမှူးရှိသော ထေရဝါဒီအပေါင်းတို့ကို ဒါယကာပြု၍ တင်မည့် ဆဋ္ဌသံဂါယနာ ကို ဆိုလိုသည်။

(ဃ) ပိဋကတ်ဆိုသည်မှာ (၁)သုတ္တန္တ (၂) ဝိနယ (၃) အဘိဓမ္မာဟူ၍ သုံးမျိုး ခွဲခြား ဖွဲ့ထား အပ်သော ကေဝလပရိပုဏ္ဏ ပရိသုဒ္ဓ ဗြဟ္မစရိယ ဒေသနာတော်ကို ဆိုလိုသည်။

(င) နိကာယ် ငါးရပ် ဆိုသည် မှာ (၁) ဒီဃနိကာယ် (၂) မဇ္ဈိမနိကာယ် (၃) သံယုတ္တနိကာယ် (၄) အင်္ဂုတ္တရနိကာယ်(၅)ခုဒ္ဒကနိကာယ် ဟူသော ကေဝလပရိပုဏ္ဏ ပရိသုဒ္ဓဗြဟ္မစရိယဒေသနာတော်ကိုဆိုလိုသည်။

(စ) ပါဠိတော် ဆိုသည်မှာ ငါးကြိမ်တိုင်တိုင်သံဂါယနာတင်ပြီးသော ဘုရားဟောဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကိုဆိုလိုသည်။

(ဆ) အဋ္ဌကထာဆိုသည်မှာပါဠိတော်၌ ခက်ခဲ နက်နဲသော ပုဒ်ဝါကျအဓိပ္ပါယ်တို့ကိုသိလွယ်ပေါ်လွင်အောင် အရှင်မဟာဗုဒ္ဓ ဃောသအစရှိသော ဗုဒ္ဓမတညူ ဆရာတို့ဖွင့်ဆို ပြုစုအပ်သော ကျမ်းကိုဆိုလိုသည်။

(ဇ) ဋီကာဆိုသည်မှာ အဋ္ဌကထာ၌မဖွင့်အပ်သေးသော ပါဠိတော်ပုဒ်ဝါကျ အဓိပ္ပါယ်တို့ကိုရင်း၊ အဋ္ဌကထာ၌ ခက်ခဲ နက်နဲသော ပုဒ်ဝါကျ အဓိပ္ပါယ် တို့ကိုရင်း ထပ်ဆင့်၍ ဖွင့်ဆိုပြုစုသော ကျမ်းကိုဆိုလိုတည်။

(ဈ) ရဟန်းတော် ဆိုသည်မှာ ဉတ္တိစတုတ္ထဥပသမ္ပဒကံဖြင့် ဥပသမ္ပန္န

(ရဟန်း) အဖြစ်ကို ခံယူသော ပုဂ္ဂိုလ်ကိုဆိုလိုသည်။

(ည) သံဃာ ဆိုသည်မှာ ရဟန်း အပေါင်းကိုဆိုလိုသည်။

(ဋ) နိုင်ငံတော်ဩဝါဒါစရိယဆိုသည်မှာဝိနိစ္ဆယဌာနအက်ဥပဒေ အရ ရွေးကောက် တင်မြှောက် ထားအပ်သော ရဟန်းတော်ကို ဆိုလိုသည်။

(ဌ) နိုင်ငံတော် ဝိနည်းဓိုရ် ဆိုသည်မှာဝိနိစ္ဆယ ဌာန အက်ဥပဒေအရ ရွေးကောက် တင်မြှောက်ထားအပ်သော ရဟန်းတော်ကို ဆိုလိုသည်။

(ဍ) စာချဓမ္မာစရိယဆိုသည်မှာ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေပုဒ်မ ၂(ဂ)တွင်အဓိပ္ပါယ်ဖေါ်ပြထားသော စာချ ဓမ္မာစရိယမျိုးကိုဆိုလိုသည်။

(ဎ) ပါဠိ ဘာသာ ဆိုသည်မှာ ယခုခေတ်ကမ္ဘာတဝှမ်းလုံး၌ ပါဠိဟုခေါ်ဝေါ်သုံးစွဲနေသော ဘာသာ တရပ်ကိုဆိုလိုသည်။

(ဏ) မြန်မာ ဘာသာ ဆိုသည်မှာ ပြည်ထောင်စု မြန်မာ နိုင်ငံတော် သုံးဝေါဟာရ ဘာသာကို ဆိုလိုသည်။

(တ) ဘာသန္တရ။ သို့မဟုတ် အခြားဘာသာဆိုသည်မှာ ပါဠိဘာသာနှင့်မြန်မာဘာသာမှ တပါးသော ဝေါဟာရ ဘာသာများကို ဆိုလိုသည်။

**အခန်း—၂။**

၃။ (၁) ဆဋ္ဌ သံဂါယနာ ဩဝါဒါစရိယ သံဃနာယက အဖွဲ့။ ဤအဖွဲ့တွင် အောက်ပါ ရဟန်းတော်များ ပါဝင် စေရမည်။

(က) အဂ္ဂမဟာပဏ္ဍိတ သို့မဟုတ် ထိုဘွဲ့တံဆိပ်အောက် မနိမ့်သော တံဆိပ်တော်ရ-ရဟန်းတော်များ

(ခ) နိုင်ငံတော် ဩဝါဒါစရိယ ရဟန်းတော်များ။

(ဂ) နိုင်ငံတော်ဝိနည်းဓိုရ်ရဟန်းတော်များ။

(ဃ) ဤဥပဒေ၏ ဇယားတွင် ခွဲဝေ ဖေါ်ပြထားသည့် အရေအတွက် အတိုင်း ဆဋ္ဌသံဂါယနာ ဘာရ-နိတ္ထာရကသံဃသဘာ (ဝန်ဆောင် သံဃအဖွဲ့)က ရွေးချယ်ခန့်ထားသော ရဟန်းတော်များ။

**၄။ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ သံဃနာယကအဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများ။**

ဤ အဖွဲ့တွင် အောက်ပါ အာဏာနှင့် တာဝန်ဝတ္တရားများရှိစေရမည်။

(က) သံဂါယနာ ဆိုင်ရာ၌ ရဟန်းတော်များ ဆောင်ရွက်ရန်နှင့် စပ်လျဉ်းသမျှ လုပ်ငန်းကိစ္စ အားလုံး အတွက်၊ ဝန်ဆောင် သံဃအဖွဲ့အား ဩဝါဒပေးတော်မူခြင်း။

(ခ) နိုင်ငံတော်အစိုးရနှင့်တကွ၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးက ပစ္စယာနုဂ္ဂဟ စသောဆောင်ရွက်ဘွယ်ရှိသည့် ကိစ္စ အားလုံး အ

တွက်၊အခါအားလျော်စွာ ဩဝါဒ ပေးတော်မူခြင်း။

## ၅။ ပါဠိဝိသောဓကအဖွဲ့များ။

၁။ ပါဠိဝိသောဓက (မြန်မာနိုင်ငံ) အဖွဲ့ များကို ဩဝါဒါစရိယ သံဃနာယက အဖွဲ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်အရပ်ရပ်ရှိရဟန်းတော်များအထဲမှ ရွေးချယ်ဖွဲ့စည်းရမည်။

၂။ ထိုအဖွဲ့ဝင် မြန်မာ ရဟန်းတော်များသည်၊ အောက်ပါ ဂုဏ်အင်္ဂါများနှင့် ပြည့်စုံရမည်။

(က) စာချ ဓမ္မာစရိယဖြစ်ခြင်း။

(ခ) ဝါတော်(၂၀)ထက် မငယ်ခြင်း၊ သို့မဟုတ်၊ဝါတော်(၂၀)မပြည့်သော်လည်း၊ တာဝန်ကို ထမ်းဆောင်နိုင်မည့် သတ္တိ၊ အရည်အချင်းနှင့် ပြည့်စုံသည်ဟု- အထူးအားဖြင့် ရွေးချယ်ခံရခြင်း။

(ဂ) သံဂါယနာအတွက် ပေးအပ်သည့် ပိဋကတ်တော် သုတ် သင် ရေး တာဝန်ကိုဆောင်စွမ်းနိုင်ခြင်း။

(ဃ) ဝိနည်းသိက္ခာနှင့်စပ်လျဉ်း၍၊ အများရိုသေလေးစားလောက်သော ပုဂ္ဂိုလ်ဖြစ်ခြင်း။

၃။ ပါဠိဝိသောဓက (သီဟိုဠ်ကျွန်း)၊ (ယိုးဒယားနိုင်ငံ)၊ (ကမ္ဘောဒီးယားနိုင်ငံ)၊ (လောနိုင်ငံ)အဖွဲ့များကို သက်ဆိုင်ရာနိုင်ငံရှိ သံဃာများက သင့်လျော်သလို ရဟန်းတော်များအဖွဲ့မှရွေးချယ်ဖွဲ့စည်းရမည်။

## ၆။ ပါဠိဝိသောဓကအဖွဲ့၏ တာဝန် ဝတ္တရားများ။

၁။ ဤအဖွဲ့၏ တာဝန် ဝတ္တရားများမှာ၊ ပေးအပ်သော ပါဠိတော် အဋ္ဌကထာ ဋီကာများကို ညွှန်ကြားအပ်သောနည်းစံနစ်အတိုင်း ကျနမှန်ကန်အောင် ညှိနှိုင်းသုတ်သင်ရမည်။

၂။ သံဂါယနာ ဝန်ဆောင် သံဃအဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့် ဩဝါဒစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။

၃။ ပါဠိဝိသောဓက အဖွဲ့အသီးသီးတွင် (က) စာတည်းအဖွဲ့၊ (ခ) စာကြည့်အဖွဲ့၊ (ဂ) စာမအဖွဲ့ဟူ၍ အဖွဲ့သုံးခု ခွဲခြားထားနိုင်သည်။

(က) စာတည်း အဖွဲ့သည် ပေး အပ်သော ပါဠိတော်အဋ္ဌကထာဋီကာတို့ကို ညွှန်ကြားထားသော နည်းစံနစ်အတိုင်း မှန်ကန်ကျနအောင် ညှိနှိုင်း၍ ဦးစွာ သုတ်သင်ရမည်။

(ခ) စာကြည့်အဖွဲ့သည်၊ စာတည်းအဖွဲ့ကသုတ်သင်ပြီးသော စာမူများကို ပိုမိုကျန မှန်ကန်အောင် သုတ်သင်ရမည်။

(ဂ) စာမအဖွဲ့သည်၊ စာကြည့်အဖွဲ့က သုတ်သင်ပြီးသောစာမူများကို အကောင်းဆုံး ကျန မှန်ကန်အောင် သုတ်သင်ရမည်။

## ၇။ ဆဋ္ဌသံဂါယနာဝန်ဆောင် အဖွဲ့

ဤအဖွဲ့တွင် အောက်ပါ ရဟန်းတော်များ ပါဝင်စေရမည်။

(က) ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ သံဃနာယကအဖွဲ့မှ ရွေးချယ် ခန့်ထား အပ်ပြီးသော ဆရာတော် (၂၅) ပါး။

(ခ) ဆင္ဃ သံဃာယနာ ဩဝါဒါစရိယ သံဃာနာယက အဖွဲ့တွင် ပါဝင်သည့်(သီဟိုဠ်ကျွန်း)၊(ယိုးဒယားပြည်)၊(ကမ္ဘောဒီးယားပြည်)နှင့်(လောပြည်)ရဟန်းတော်များက မိမိတို့အထည်းမှရွေးချယ်ခန့်ထားသော ကိုယ်စားလှယ် ရဟန်းတော်(၁)ပါးစီ။

## ၈။ ဆင္ဃသံဂါယနာဝန်ဆောင်အဖွဲ့၏ အာဏာနှင့် တာဝန်ဝတ္တရားများ။

၁။ ဤအဖွဲ့သည်၊ သံဂါယနာတွင်ရဟန်းတော်များ ဆောင်ရွက်ရန် ရှိသည် တို့နှင့် စပ်လျဉ်းသမျှ ကိစ္စအားလုံးတို့ကို ဆင္ဃသံဂါယနာ ဩဝါဒါစရိယ သံဃနာယကအဖွဲ့၏ ဩဝါဒနှင့် မဆန့်ကျင်စေဘဲ၊ ကြီးကြပ် စီမံဝေဘန်ဆောင်ရွက်ရမည်။

၂။ အထက်ပါပြဋ္ဌာန်းချက်၏ ယေဘူယျသဘောကို မထိခိုက်စေဘဲ၊ ဆင္ဃသံဂါယနာဝန်ဆောင် သံဃ အဖွဲ့တွင်၊ အောက်ပါ အာဏာနှင့်တာဝန်ဝတ္တရားများရှိစေရမည်။

(က) ဆင္ဃ သံဂါယနာ၌ ရဟန်းတော်များ ဆောင်ရွက်ရန်ရှိသည်တို့ကို ပြီးမြောက် အောင်မြင်စွာဆောင်ရွက်နိုင်စေရန် အလို့ငှါ၊ မိမိသင့်တော်သည် ထင်မြင်သော အဖွဲ့ငယ်များကိုဖွဲ့စည်းခြင်း။

(ခ) ထိုသို့ ဖွဲ့စည်းသောအဖွဲ့ငယ်များအတွက်တာဝန်ခွဲဝေချထားခြင်း။

(ဂ) ဩဝါဒ အနုသာသနီ ထုတ်ပြန်ခြင်း။

(ဃ) နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးအား ညွှန်ကြားချက်ဩဝါဒများ ချပေးခြင်း။

(င) သံဂါယနာ တွင် ပါဝင်သည့် ရဟန်းတော်များ အားလုံးတို့အား ကြီးကြပ်အုပ်ချုပ်လျက် စည်းမျဉ်းသတ်မှတ်ပေးခြင်း။

(စ) အခါအားလျော်စွာအမိန့်ဩဝါဒ စည်းမျဉ်းများထုတ်ပြန်ခြင်း။

၉။ အထက်ပုဒ်မ-၈-ပါအာဏာများ၏ ယေဘူယျသဘောကို မထိခိုက်စေဘဲ၊ ဆင္ဃသံဂါယနာ ဝန်ဆောင်သံဃ အဖွဲ့သည် အောက်ပါအဖွဲ့ငယ်များကိုဖွဲ့စည်းနိုင်သည်။

(က) ပါဠိစာမူဝေဌရေးနှင့် နည်းစိစစ်ညွှန်ကြားရေး (ပါဠိဝိဘာဂ-နယောပဒေသက)အဖွဲ့။

(ခ) ပါဠိ အဆုံးသတ် တည်းဖြတ်ရေး (ပါဠိပဋိဝိသောဓက)အဖွဲ့။

(ဂ) မြန်မာပြန်အဆုံးသတ်တည်းဖြတ်ရေး (မရမ္မဘာသာ ပဋိဝိသောဓက)အဖွဲ့။

(ဃ) သံဂါယနာ စိစဉ်ရေး (သင်္ဂီတိဝိဓါယက)အဖွဲ့။

(င) သိက္ခာဝိစာယကအဖွဲ့။

(စ) ကထာဝိသဇ္ဇကအဖွဲ့။

(ဆ) ဝေယျာဝစ္စကာရကအဖွဲ့။

(ဇ) စုံစမ်းပြန်ကြားရေးနှင့် ဖြန့်ချိရေး (ပဝတ္တိသမ္ပဝေဒက)အဖွဲ့။

၁၀။ ပါဠိစာမူ ဝေဌရေးနှင့် နည်းစိစစ်ညွှန်ကြားရေးအဖွဲ့၏ တာဝန် ဝတ္တရားများတွင်အောက်ပါများပါဝင်စေရမည်။

(က) စာမူအသီးသီး၏ ခက်မှု၊ လွယ်မှု၊ များမှု၊ နည်းမှုတို့ကို ဝေဘန်ခြင်း။

(ခ) ပါဠိဝိသောဓကေ အဖွဲ့ အသီးသီးအား စာမူများ ပေးအပ်ခြင်းနှင့် ထိုအဖွဲ့မှ သုတ်သင်ပြီးစာမူများကို သတ်မှတ်ထားသော အချိန်တွင် ပြန်လည် ရရှိရန် ဆောင်ရွက်ခြင်း။

(ဂ) ပါဠိဝိသောဓနပြုရာ၌ ပုဒ်ဝါကျ သုတ်သင်နည်း၊ ပုဒ်နှင့် သင်္ကေတထားနည်း၊ အပိုဒ်ခွဲနည်း၊ ခေါင်းစဉ် တပ်နည်း၊ မာတိကာ စီစဉ်နည်း၊ အက္ခရာဝလိ ထုတ်နည်း၊ မူကွဲပြနည်း စသည်တို့ကို သတ်မှတ်၍ ညွှန်ကြားခြင်း။

၁၁။ ပါဠိ အဆုံးသတ် တည်းဖြတ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားမှာ ပါဠိဝိသောဓကေ အဖွဲ့များကသုတ်သင်ပြီးသဖြင့် ပြန်၍ပေးအပ်သော ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့ကို နည်းစံနစ်အတိုင်း ကျနမှန်ကန်အောင်ညှိနှိုင်း၍ အပြီးသတ် သုတ်သင်တည်းဖြတ်ရမည်။

၁၂။ မြန်မာပြန် ပဋိဝိသောဓကေအဖွဲ့၏ တာဝန်ဝတ္တရားများမှာပေးအပ်သော မြန်မာပြန် စာမူများကို ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ညီညွတ်စေလျက် ညွှန်ကြားအပ်သော နည်းစံနစ်အတိုင်း ကျနမှန်ကန်စွာ ဖြစ်အောင် စိစစ်ပြုပြင်တည်းဖြတ်ရမည်။

၁၃။ သံဂါယနာစီစဉ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများတွင် အောက်ပါများပါဝင်စေရမည်။

(က) သင်္ဂီတိကာရက ပုဂ္ဂိုလ်များ ရွေးချယ်ခြင်း။

(ခ) ကဏ္ဍ၊ ဘာဏဝါရ စသည် ပိုင်းခြားခြင်း။

(ဂ) ရွတ်နည်း၊ ဖြတ်နည်း၊ ရပ်နည်းတို့ကို ညွှန်ကြားခြင်း။

(ဃ) ဆဋ္ဌသံဂါယနာအတွက် နှစ်–လ–ရက်–အချိန် ပိုင်းခြား သတ်မှတ်ခြင်း။

(င) ဆဋ္ဌသံဂါယနာတွင် ဆောင်ရွက်ရန် အခမ်းအနား၊ အစီအစဉ်တို့ကို ပြဋ္ဌာန်းသတ်မှတ်ခြင်း။

(စ) ရဟန်းတော် များကို ပင့်ဆောင်ရေး၊ နေရာချထားရေးတို့အတွက် သတ်မှတ်ခြင်း။

၁၄။ သိက္ခာဝိစယက အဖွဲ့၏ တာဝန်ဝတ္တရားများတွင် အောက်ပါများ ပါဝင်စေရမည်။

နေထိုင် သွားလာရေးစသော ကိစ္စတို့၌ သမဏသာရုပ္ပရှိ၍ အပ္ပသန္နာနံ ပသာဒါယ ပသန္နာနံ ဘိယျော ဘာဝါယ ဖြစ်အောင် စောင့်ရှောက်ထိမ်းသိမ်းရေးတို့ ဖြစ်သည်။

၁၅။ ကထာဝိသဇ္ဇက အဖွဲ့၏ တာဝန်ဝတ္တရားများတွင် အောက်ပါများ ပါဝင်စေရမည်။

(က) သာသနာတော် အတွင်း၌ ဖြစ်ပေါ် ရွတ်ထွေးနေသော ကထာများ။

(ခ) သာသနာတော်အပမှ ဝင်ရောက်ရွတ်ထွေးနေသော ကထာများ။

ဤသို့အရွတ်အထွေးကထာများကို ဘုရားအလိုတော်နှင့် အညီ တိကျ ပြတ်သားစွာ အကြွင်းမဲ့ပြေရှင်းအောင်ခွဲခြားဖြေရှင်းခြင်း။

၁၆။ ဝေယျာဝစ္စကာရက အဖွဲ့၏ တာဝန်ဝတ္တရားများတွင် အောက်ပါများ ပါဝင်စေရမည်။

(က) ကျောင်းနေရာသင်္ကန်း ဆွမ်းဆေး ပစ္စည်းများနှင့် တကွ ပရိဘောဂ အသုံးအဆောင်များကိုစီမံထားရှိ ထိန်းသိမ်းကြည့်ရှုခြင်း။

(ခ) ထိုပစ္စည်း များကို သပ်ရပ် တင့် တယ်စွာ စီစဉ်ချထားခြင်း။

(ဂ) သံဂါယနာဝင် ရဟန်းတော်များ ၏ သင်္ကန်းများကို ဖွပ်လျှော်ခြင်း၊ လက်လိပ်ထိုးခြင်း၊ ဖါထေးခြင်း၊ ဆိုးရေသခြင်း။

(ဃ) ဝိနည်းနှင့်လျော်စွာ ဆွမ်းကိစ္စကို စီမံခြင်း။

(င) သံဃိက ဆွမ်းကပ်၊ ဆွမ်းလောင်း ပင့်ဖိတ်မှုကို လက်ခံခြင်း။ ရဟန်းတော် ရွေးချယ်ခြင်း၊ စီစဉ် စုဖွဲ့ခြင်း။

(စ) သံဂါယနာဝင် ရဟန်းတပါးပါး ရောဂါကပ်ရောက်ခဲ့သော်အလျင် အမြန်အရေးယူ၍ ဆေးဝါးကုသ စေခြင်း။

(ဆ) ကျောင်းနေရာ၊ ရေအိမ်၊ ကုဋီတို့ကို သန့်ရှင်းစွာ စီမံထားရှိစေခြင်း။

(ဇ) သောက်ရေ၊ မျက်နှာသစ်ရေ၊ သုံး ရေ၊ ချိုးရေ၊ သန့်သက်ရေ စသော လိုအပ်သည့် ရေများ ထားရှိစေ ခြင်း။

(ဈ) မျက်နှာသုတ်ပုဝါ၊ လက်သုတ် ပုဝါ၊ စောင်၊ အိပ်ရာခင်း စသည် တို့ကို ပြည့်စုံ သန့်ရှင်းစွာ ထားရှိ စေခြင်း။

(ည) ခရီးသွားမှု၊ ပစ္စည်းကပ္ပိမှု စသော နဝကမ္မ ကိစ္စများ အတွက် ညွှန် ကြား စီမံခြင်း။

၁၇။ စုံစမ်း ပြန်ကြားရေးနှင့် ဖြန့်ချိရေး (ပဝတ္တိသမ္ပဝေဒက)အဖွဲ့၏ တာဝန်ဝတ္တရား များတွင် အောက်ပါများ ပါဝင်စေရမည်။

(က) ဆဋ္ဌသံဂါယနာ ကိစ္စ အားလုံးကို လေ့လာခြင်း။

**မှတ်ချက်။** ။ကိစ္စအားလုံး ဆိုသည်မှာ ဆဋ္ဌသံဂါယနာနှင့်သက်ဆိုင်သောရည်ရွယ် ချက် အစီအစဉ် အဖွဲ့တာဝန် လုပ်ငန်းစ သည်တို့ကိုဆိုလိုသည်။

(ခ) သံဂါယနာဝင် ရဟန်းတော်အား လုံးကိုသိထားခြင်း။

**မှတ်ချက်။** ။သတိထားခြင်း ဆိုသည်မှာ သံဂါယနာဝင် ရဟန်းအသီးသီး၏ ဇာတိ ပဝတ္တိကို သိထားခြင်းကိုဆိုလိုသည်။ဇာတိ ဆိုသည်မှာ မူလသီတင်းသုံးရာ ဌာန ဘွဲ့ သိက္ခာ ဂုဏ်နှင့် အကြောင်းထူးများ ဖြစ် သည်။ ပဝတ္တိဆိုသည်မှာ သံဂါယနာဌာန တွင် တည်းခိုရာ ကျောင်း၊ အခန်း၊ အဖွဲ့၊ ရာထူးနှင့် လုပ်ငန်းများဖြစ်သည်။

(ဂ) ဆောင်ရွက်ဆဲသံဂါယနာကိစ္စကို အမြဲစုံစမ်းခြင်း။

(ဃ) ဆောင်ရွက်သော ရဟန်းသံဃာ ကိုအမြဲစုံစမ်းခြင်း။

(င) အခြေအနေအားလုံးကိုဝန်ဆောင် သံဃာ အဖွဲ့သို့ အနည်းဆုံး တသီ တင်းလျှင် တကြိမ် လျှောက်ထား အစီရင်ခံခြင်း၊ အကယ်၍ အကြောင်း ထူးလျှင် ထူးသည့် အလျှောက် နေ့စဉ်ဖြစ်စေ၊ ချက် ချင်းဖြစ်စေ လျှောက်ထား အစီ ရင်ခံခြင်း။

(စ) သံဃာယနာကိစ္စနှင့်ဖြစ်စေ၊ သံဂါယနာဝင်ရဟန်းတော်များကိစ္စနှင့်ဖြစ်စေ၊ စုံစမ်းလာလျှင် ပြန်ကြားခြင်း၊ ညွှန်ကြားခြင်း၊ ပို့ဆောင်ခြင်းစသည်ဖြင့် အဆင်ပြေကြေနပ်အောင် ဆောင်ရွက်ခြင်း။

(ဆ) ဆဋ္ဌသံဂါယနာ ဖြစ်ပေါ်ပုံ၊ ဆဋ္ဌသံဂါယနာသံဃာဖွဲ့စည်းပုံ၊ တာဝန်ခွဲဝေပုံ၊ ဒါယကာ ခံယူသော ဗုဒ္ဓသာသနာ အဖွဲ့ကြီး၏ အကြောင်းနှင့် ထိုအဖွဲ့ကြီးက တာဝန်ယူပုံ၊ ဗုဒ္ဓဘာသာ နိုင်ငံအားလုံးတို့ပူးပေါင်းပါဝင်ဆောင်ရွက်သော သံဂါယနာ ဖြစ်ပုံနှင့် တကွ သံဂါယနာ လုပ်ငန်း၏ ရောက်ဆဲအခြေအနေ စသည်တို့ကိုပါဠိဘာသာမြန်မာဘာသာနှင့် အခြားဘာသာများဖြင့် ကမ္ဘာ့သူကမ္ဘာသားအပေါင်းတို့သည် ဗုဒ္ဓသာသနာသို့ သဒ္ဓါညွတ်စေမှုအတွက် ဖြန့်ချိကျေညာခြင်း၊ ထိုလုပ်ငန်းများကိုနည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခြင်း။

(ဇ) ဆဋ္ဌသံဂါယနာ အောင်မြင်ကြောင်းနှင့် သာသနာသို့ သဒ္ဓါညွတ်စေကြောင်း ဖြစ်သော အနုမောဒနာကထာ အနုသာသနီကထာ ယောဂါဝစရကထာ စသော ဓမ္မနုဓမ္မပဋိပတ္တိ ကထာများကို(ဂိုဏ်းပုဂ္ဂိုလ် ဝါဒစသည်တို့အား ထိခိုက်ငြိစွန်းခြင်းမရှိစေဘဲ) ဟောပြောရန် ဓမ္မကထိကများ ရွေးချယ်စုဖွဲ့ပေးခြင်း။

ဇယား။

(ပုဒ်မ-၃-(ဃ)ကိုကြည့်ပါ)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ရဟန်းတော် ၂ ပး ါ။

၂။ ရှမ်းပြည်နယ် တောင်ပိုင်းမှ ရဟန်းတော် ၂ ပါး။

၃။ ကချင် ပြည်နယ်မှ ရဟန်းတော် ၂ ပါး။

၄။ မြန်မာပြည်မရှိ ခရိုင် အသီးသီးမှ ရဟန်းတော် ၁ ပါးစီ။

၅။ မြန်မာနိုင်ငံမှဂဏပါမောက္ခပရိယတ္တိဝိသာရဒ ပါကဋ စသော ဂုဏ်အပေါင်းနှင့်ပြည့်စုံသော ရဟန်းတော် ၃ ပါး။

၆။ သီဟိုဠ်ကျွန်းမှ သံဃာကိုယ်စားလှယ် ရဟန်းတော် ၅ ပါး။

၇။ ယိုးဒယား နိုင်ငံမှ သံဃာ ကိုယ်စားလှယ် ၅ ပါး။

၈။ ကမ္ဘောဒီးယားနိုင်ငံမှ သံဃာ ကိုယ်စားလှယ်ရဟန်းတော် ၃ ပါး။

၉။ လောပြည်မှ သံဃာ ကိုယ်စားလှယ် ရဟန်းတော် ၂ ပါး။

## ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃာအဖွဲ့ (ရန်ကုန်)

### အစည်းအဝေးမှတ်တမ်း ၁။

စည်းဝေးသည့် အချိန်။ ။ ၁၃၁၄ ခု၊ တော်သလင်းလဆန်း (၂၈-၈-၅၂) ကြာသပတေးနေ့ နေ့တနာရီအချိန်။

ကျင်းပသည့် နေရာ။ ။သာသနာ့ ရိပ်သာ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ တည်ရာခန်းမကြီး။

**ကြွရောက်တော်မူသောဆရာတော်များ။**

၁။ သာသနာ့လင်္ကာရ ဆရာတော်။
၂။ အရှင် ဉာဏာရိယ ဆရာတော်။
၃။ ဗားကရာ တောရ ဆရာတော်။

**ဆုံးဖြတ်ချက်များ။**

၁။ ဩဝါဒါစရိယသံဃ နာယက အဖွဲ့ကြီး၏ ဒုတိယအကြိမ်အစည်းအဝေးမှ ပါဠိဝိသောဓကအဖြစ် ရွေးချယ်ခြင်း ခံရသော ရန်ကုန်မြို့ရှိဓမ္မာစရိယပုဂ္ဂိုလ်အသီးသီးတို့ကို အဖွဲ့ဆယ်ဖွဲ့ ဖွဲ့စည်းထားရှိရန် သဘောတူညီကြပြီးလျှင်ထိုသို့ ဖွဲ့စည်း ထားရှိရန် အတွက် အောက်ပါအတိုင်းတာဝန် အသီးအသီး ယူကြသည်။

…နောက်ပိုင်း (၃)
…ာန်း (၂)
ပေါင်း (၅) အတွက် တာဝန်ခံ ဗားကရာ တောရ ဆရာတော်။

၂။ ဘုရားကြီးတိုက် (၁)
သရက်တောတိုက် (၁)
ပေါင်း (၂) အတွက် သာသနာ့ လင်္ကာရ ဆရာတော်။

၃။ အရှေ့ပိုင်း (၃) အတွက် အရှင် ဉာဏရိယ ဆရာ တော်။

၂။ ဩဝါဒါစရိယ သံဃ နာယကအဖွဲ့ကြီး၏ ဒုတိယအကြိမ် အစည်း အဝေးမှဆုံးဖြတ်ချက်အရ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ဒေသကိုယ်စားလှယ်ဦးတွန်းအောင် ကောက်ယူတင်ပြသော ရခိုင်ပြည်စစ်တွေမြို့မှ သံဃာတော် (၁၈) ပါးကိုအရည်အချင်းနှင့်ပြည့်စုံသည်ဟုယူဆတော် မူကြသဖြင့် ဆဋ္ဌသံဂါယနာပါဠိ ဝိသောဓကအဖြစ် လက်ခံတော်မူကြပြီးလျှင် ထို(၁၈)ပါး အဖွဲ့က ခေါင်းဆောင်အဖြစ်ရွေးချယ်ထားသောဦးနရသီဟနှင့် ဦးဝိသုဒ္ဓအား ခေါင်းဆောင်အဖြစ်အသိအမှတ်ပြုလျက် တတိယအကြိမ် ကျင်းပမည့် ဩဝါဒါစရိယသံဃနာယက အစည်းအဝေးသို့ထိုဆရာတော် ၂ ပါးအား ပင့်ဘိတ်ရန် သဘောတူညီကြသည်။

၃။ နောက်ထပ်ပေးပို့ထားသော သံဃာစာရင်းများကိုယခုရွေးချယ်ခြင်း မပြုသေးဘဲ တတိယအကြိမ်ဩဝါဒါစရိယသံဃနာယက အစည်းအဝေးသို့ ကြွရောက် လာမည်ဖြစ်သောသက်ဆိုင်ရာတာဝန်ခံ ဆရာတော်များနှင့်တိုင်ပင်၍ရွေးချယ်သင့်၊ မသင့်ကိုစဉ်းစားဆုံးဖြတ်ရန်သဘောတူညီကြသည်။

၄။ အောက်ပါ ဆရာတော်များ ပါဠိဝိသောဓကအဖြစ် ရွေးချယ်ရန် သဘောတူညီကြသည်။

၁။ ဆရာတော်ဦးသေဋ္ဌိလ (ပဌမကျော်) အရှင်အာဒိစ္စဝံသကျောင်း။
၂။ ဆရာတော်ဦးရေဝတ
၃။ ဆရာတော် ဦးပညာသာရ (ဝိသိဋ္ဌ ဝိနယရေ) ဓမ္မသုခတိုက်။ ဗဟန်း။
၄။ အရှင်ဓမ္မပါလ(သံယုတ္တဘာဏက) ဇင်းကျိုက် သထုံ။

၅။အထက်ပါ(၁) (၂) (၃) ပါဆရာတော်များအား ရန်ကုန်မြို့ရှိ သင့်လျော်မည့် အဖွဲ့များတွင် ထည့်သွင်း၍ (၄) ပါအရှင်ဓမ္မပါလကိုမူ တတိယအကြိမ်အစည်းအဝေးကျမှ သက်ဆိုင်ရာ တာဝန်ခံ ဆရာတော်နှင့်တိုင်ပင်၍ သင့်လျော်ရာ အဖွဲ့တွင်ထည့်သွင်းထားရှိရန်သဘောတူညီကြသည်။

၆။ ဆင္ဃသံဂါယနာတွင် အာဂုမ် ပြန်ဆိုရေးကိစ္စနှင့်စပ်လျဉ်း၍ မည်သို့ မည်ပုံ စီစဉ်မည်စသောအသေးစိပ်ကို တတိယ အကြိမ် ဩဝါဒါစရိယသံဃနာယက အစည်းအဝေးနှစ်ဦးစား ဆုံးဖြတ်မည်ဖြစ်၍ယခု ဤကိစ္စနှင့် ပတ်သက်၍တစုံတရာ မပြော ကြားနိုင်သေး ကြောင်းဖြင့်ရေနံချောင်းမှ ဦးအာသဘအားစာပြန်ကြားရန်ဆုံးဖြတ်တော်မူကြသည်။

အစည်းအဝေးကိုညနေ ၃-နာရီ အချိန်တွင်ရုတ်သိမ်းပါကြောင်း။

(ပုံ) ဦးနာဂဝံသ

အတွင်းရေးမှူး

ဆင္ဃသံဂါယနာဝန်ဆောင်သံဃအဖွဲ့။

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့၏ လျှောက်ထားချက် အရ တောင် ပေါက် ဆရာတော် ဦးစက္ကပါလ ၏ ဘာသန္တရတက္ကသိုလ်နှင့် စပ် လျဉ်း၍ ဗုဒ္ဓသာသနာ အဖွဲ့အား ဩဝါဒ ပေးရန် ကျင်းပတော် မူသော အောက် မြန်မာပြည် နိုင်ငံတော် ဩဝါဒါစရိယ

## ဆရာတော်များ၏ အစည်းအဝေးမှတ်တမ်း။

စည်းဝေးသည့်အချိန်။ ။၁၃၁၄-ခု၊ သီတင်းကျွတ်လဆုတ် (၁၁) ရက် (၁၄-၁၀-၅၂) အင်္ဂါနေ့ညနေ-၃-နာရီ။

ကျင်းပသည့်နေရာ။ ။သာသနာ ရိပ်သာရှိ "သာသန မလဝိသောဓနီ" သိမ်တော်ကြီး။

## ကြွရောက်တော်မူသောဆရာတော်ကြီးများ။

၁။ လေသာဆရာတော်

၂။ ဗားကရာဆရာတော်

၃။ လိပ်ပြာကန်ဆရာတော်

၄။ ယသဇေယျာရုံဆရာတော်

၅။ ကြည့်မြင်တိုင်ဝေဠုဝန်ဆရာတော်

၆။ ကျားကူးဆရာတော်

၇။ ဗဟန်းဝေဠုဝန်ဆရာတော်

၈။ ကျိုက်ထီးရိုးဆရာတော်

၉။ ညောင်ကုန်းဆရာတော်

အောက်မြန်မာပြည် "နိုင်ငံတော်ဩဝါဒါစရိယ" ဆရာတော်များက သိစေအပ်သည်၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့မှ ပေးပို့လိုက်သော "အဂ္ဂမဟာပဏ္ဍိတ" ဦးစက္ကပါလ၏ စာကိုရရှိပါသဖြင့် အကြိမ်ကြိမ် စဉ်းစားဆင်ခြင်ပြီးမှ မိမိတို့သဘောထင်မြင်ချက် ရှိသည့်အတိုင်း သိစေ အပ်သည်၊ ငါတို့ သင်တို့ ယုံကြည် အားထား ကိုးကွယ်ရာ ဖြစ်သော သဗ္ဗညုရှင်၊ ဘုရား ကိုယ်တော် မြတ်ကြီးသည်၊ အကြွင်းအကျန်မရှိ အကုန်အစင် အလုံးစုံသော တရားအပေါင်းတို့ကို သိမြင်တော်မူသည့်အတိုင်း ဟောကြားတော် မူအပ်သော ပိဋကတ တရားတော်မြတ်သည် အာဒိကလျာဏံ၊ အစ၏ ကောင်းခြင်းနှင့် ပြည့်စုံခြင်း မဇ္ဈေကလျာဏံ၊ အလယ်၏ကောင်းခြင်းနှင့် ပြည့်စုံခြင်း၊ ပရိယောသာန ကလျာဏံ၊ အဆုံး၏ ကောင်းခြင်းနှင့်ပြည့်စုံခြင်း၊ သဗျဉ္ဇနံ၊သဒ္ဒါနှင့် ပြည့်စုံခြင်း၊ သာတ္ထံ၊ အနက်နှင့် ပြည့်စုံခြင်း၊ ကေဝလပရိပုဏ္ဏံ၊ထက်ဝန်းကျင်မှပြည့်စုံခြင်း၊ ကေဝလပရိသုဒ္ဓံ၊ စင်စစ်သန့်ရှင်းစင်ကြယ်ခြင်း၊ သင်္လိကံ၊ ခရုသင်း ပွတ်သစ်ကဲ့သို့ သန့်ရှင်း

ဖြူစင်ခြင်း၊ နဉီနက်၊ ယုတ်သည် လိုသည်မရှိခြင်း၊နာမိက်၊ပိုသည်လွန်သည်မရှိခြင်း၊ဤဂုဏ်ဆယ်ပါးနှင့် ပြည့်စုံ လုံလောက်ပြီး ဖြစ်၍၊ အခြားသော ဘာသာတို့ နှောက်ယှက်ခြင်း အန္တရာယ် မရှိနိုင်သည့်ပြင်၊ ဘုရားမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီတင်းသုံး နေတော် မူစဉ်၊ ပုဏ္ဏားမျိုးမှ ရဟန်းပြုအပ်သော ကမေလရဟန်း၊ ကေကုဋရဟန်း၊ ညီနောင် နှစ်ယောက်တို့သည် ဘုရားထံသို့ ချဉ်းကပ်တော်မူလျက် ရှေ့ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ အထူးထူးသော အမျိုး ဘာသာတို့မှ လာ၍ ရဟန်းပြုကုန်သော ရဟန်းတို့သည် ဘုရား၏ စကားတော်ကို သင်္ကရိုက် ဘာသာဖြင့် တင်ထား လိုပါကြောင်း လျှောက်ထား တောင်းပန်သောအခါ၌၊ ကဲ့ရဲ့ ပြစ်တင်တော်မူပြီးလျှင်—

> န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ၊ ယော အာရောပေယျ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံပရိယာပုဏိဘုန္တို။ ။ဟု—

ဓူဠဝါပါဠိတော်၌ ဘုရား မိန့်တော်မူ၏——

> ဆန္ဒသော အာရောပေမာတိ ဝေဒံ ဝိယ သက္ကဋဘာသာယ ဝါစနာမဂ္ဂံ အာရောပေမ သကာယနိရုတ္တိယာတိ ဧတ္ထ သကာယ နိရုတ္တိ နာမ သမ္မာသမ္ဗုဒ္ဓေန ဝုတ္တပကာရော မာဂဓိကော ဝေါဟာရော။ ။ဓူဠဝါအဋ္ဌကထာ။

ငင်း ဓူဠဝါပါ ဠိတော် အဋ္ဌကထာကို ထောက်၍ဘုရားစကားတော်ကိုအခြားသောဘာသာတို့ အန္တရာယ်ပြုမည်ကို စိုးရိမ်ဘွယ်မရှိကြောင်း ထင်ရှားလေသည်။

နိုင်ငံတော် အစိုးရက အသိအမှတ် ပြုသင့် မပြုသင့်ဆိုရာ၌ ပဋိညာဉ်ရေးနှင့် စပ်သည်ဖြစ်၍ ဆရာတော်တို့ အထူး မပြောလိုပါ။

ကတ္တု ဒါတဗ္ဗံ၊ ယတ္တု စိတ္တံ ပသီဒတိ တတ္တု ဒါတဗ္ဗံ။ ။ဟူသော- ဝိနည်းကျမ်း စကားအတိုင်းသာ ပြုသင့်ပေ၏။

၁။ အထက်ပါ အတိုင်း ဆရာတော်များက ဘာသန္တရ သင်ကြားရေးနှင့် စပ်လျဉ်း၍ လေးလေးနက်နက် ယူဆချက် ရှိသဖြင့်၊နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က မေးလျှောက်ချက်စကားသုံးရပ်ကို အောက်ပါအတိုင်း အစဉ်လိုက် “ဩဝါဒ” ပေးတော်မူကြသည်။

(၁) “ဗုဒ္ဓဘာသာတရားတော်ကို နက်နဲစွာ တတ်မြောက်လိုသူသည်၊ ပါဠိဘာသာ၊ သို့မဟုတ်၊ ငင်းဘာသာနှင့် သင်္ကရိုက်ဘာသာ တို့ကို တတ်မြောက် ရုံနှင့် မလုံလောက်သေးချေ၊ငင်းနှစ်ဘာသာနှင့် ဆက်စပ်၍၊ ပရာကရစ်နှင့် ဒေသီဘာသာများကို တတ်မြောက်ရန်လိုသေးသည် ဟူသော စကားရပ်နှင့်စပ်လျဉ်း၍၊ ပါဠိဘာသာကို တတ်မြောက်ခြင်းဖြင့်သာလျှင် ဗုဒ္ဓဘာသာ တရားတော်ကိုနက်နဲစွာ တတ်မြောက်နိုင်ပြီးဖြစ်၍၊ အခြား သင်္ကရိုက် ပရာကရစ်နှင့်ဒေသီ ဘာသာတို့ကို တတ်မြောက်ဘို့ရန် မလိုတော့ပြီ ဟု ယူဆတော်မူကြသည်။

(၂) သင်္ကရိုက်၊ငင်းနောက် ဒေသီနှင့် ပရာကရစ်ဘာသာများကို မတတ်

မြောက်ပြန်လျှင်လည်း။ သာသနာ့အန္တရာယ်တမျိုး ဖြစ်ဘွယ်အကြောင်း ရှိနေသည် ဟူသော စကားရပ်နှင့်စပ်လျဉ်း၍၊ အဆိုပါ သသ်ကရိုက်ဒေသီနှင့် ပရာကရစ် ဘာသာများကို မတတ်မြောက်သော်လည်း၊ သာသနာ့အန္တရာယ်လုံးဝမဖြစ်ဟုဆရာတော်များယူဆတော်မူကြသည်။

(၃) သသ်ကရိုက် ဘာသာနှင့် တကွ၊ ပရာကရစ် ဒေသီ ဘာသာများ သင်ကြားရေးကိုနိုင်ငံတော်အစိုးရက အသိအမှတ် ပြုသင့်သည်ဟူသော စကားရပ်နှင့်စပ်လျဉ်း၍၊ ဆရာတော်များက ဩဝါဒ တစုံတရာပေးတော် မမူကြလို၊ နိုင်ငံတော်အစိုးရ၏ သဘောဆန္ဒအတိုင်းသာလျှင်ဖြစ်သင့်သည်။

အထက်ပါ ဆုံးဖြတ်ချက်ကို သဘောတူညီကြသဖြင့်၊ အောက်၌ ဆရာတော်များ အသီးသီး လက်မှတ် ရေးထိုးတော် မူကြ ပါကြောင်း။

(ပုံ) လေသာဆရာတော်။
(ပုံ) ဗားကရာဆရာတော်။
(ပုံ) လိပ်ပြာကန်ဆရာတော်။
(ပုံ) ဝေဠုဝန်ဆရာတော်။
(ပုံ) ကျားကူးဆရာတော်။
(ပုံ) ဗဟန်းဝေဠုဝန်ဆရာတော်။
(ပုံ) ကျိုက်ထီးရိုးဆရာတော်။
(ပုံ) ညောင်ကုန်းဆရာတော်။

(ယသဗေယျာရုံ ဆရာတော်သည်၊ မိမိသဘောအလျောက် အဖွဲ့သို့ ဩဝါဒ စာတစောင်ချီးမြှင့်ပြီးဖြစ်၍၊ ဤမှတ်တမ်းတွင်လက်မှတ် ရေးထိုးဘွယ် မလိုဟု ယူဆတော်မူသည်)။

ဆရာတော်ကြီးများ၏ အစည်းအဝေးကို ညနေ ၄ နာရီအချိန်တွင် ရုတ်သိမ်းလိုက်ပါကြောင်း။

ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့
**အစည်းအဝေးမှတ်တမ်း (၂)**

စည်းဝေးသည့် အချိန်။ ။၁၃၁၄ ခု၊ သီတင်းကျွတ် လကွယ် (၁၇-၁၀-၅၂) သောကြာနေ့နံနက် ၈ နာရီ။

ကျင်းပ သည့် နေရာ။ ။သာသနာ့ ရိပ်သာသာသနမလာဒိသောဓနီ သိမ်တော်ကြီး။

**ကြွရောက်တော်မူသောအဖွဲ့ဝင် ဆရာတော်များ**

၁။ သာသနာ လက်ာရ ဆရာတော် ရန်ကုန်။
၂။ ဟံသာဝတီဆရာတော် မန္တလေး။
၃။ ရွှေဘုန်းရှိန်ဆရာတော် မန္တလေး။
၄။ ဆရာတော်ဦးဝိသုဒ္ဓ မန္တလေး။
၅။ သပြေပင်ဆရာတော် ဟသ်ာတ
၆။ ဗားကရာတောရ ဆရာတော် ရန်ကုန်။

ပါဠိဝိသောဓကအဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ဟသ်ာတမြို့မှ ကြွရောက်တော်မူလာသော ဟသ်ာတမြို့လုံးဆိုင်ရာ သံဃာ့အဖွဲ့မှကိုယ်စားလှယ်ဆရာတော်များ။

၁။ ငါးဖယ်တူဆရာတော်။
၂။ မြစ်ကွေ့ဆရာတော်။

၃။ ရွှေကျောင်းဆရာတော်။

၄။ ရတနာဗိမာန်ဆရာတော်။

၁။ အစည်းအဝေးအစတွင် ညောင်ရမ်းဆရာတော်ဘုရား၏ "မိမိသည် ယိုးဒယားပြည်သို့ကြွရောက်ရမည်ဖြစ်၍ အစည်းအဝေးအမှီ ပြန်လည် ရောက်ရှိလိမ့်မည် မထင်ပါ သို့သော်လည်း အစည်းအဝေး ကျင်းပဖြစ်အောင် ကျင်းပရန် ဆန္ဒ ပေးပါသည်။" အဓိပ္ပါယ် ပါရှိသောစာကို ဘတ်ကြားပါကြောင်း။

၂။ ထို့နောက် ဆင္ဃသံဂါယနာ ဝန်ဆောင် သံဃာ့အဖွဲ့ဝင် ဆရာတော်များနှင့် ဟသ်ာတမြို့လုံးဆိုင်ရာသံဃာ့အဖွဲ့မှကိုယ်စားလှယ် ဆရာတော်များသည် ဆင္ဃသံဂါယနာ ဩဝါဒါစရိယ သံဃနာယကအဖွဲ့တိုးချဲ့ရေး၊ ဟသ်ာတမြို့ ပါဠိဝိသောဓကအဖွဲ့ ဖွဲ့စည်းရေးတို့ကို ဆွေးနွေးကြပြီးလျှင် တတိယ အကြိမ်ကျင်းပမည့် ဩဝါဒါစရိယ သံဃနာယကအစည်းအဝေးကြီးတွင် အောက်ပါအတိုင်းအကြံပေးရန် သဘောတူညီတော် မူကြပါကြောင်း။

## အကြံပေးချက်

တတိယအကြိမ် ကျင်းပမည့် ဩဝါဒါစရိယသံဃနာယကအဖွဲ့ အစည်းအဝေးကြီးတွင် ခရိုင်အသီးသီးမှ ဩဝါဒါစရိယသံဃနာယက အဖွဲ့ဝင် အဖြစ်ဖြင့် ပါဝင်သင့် ပါဝင်ထိုက်သော အခြား ဆရာတော်များကို ဩဝါဒါစရိယ သံဃနာယက အဖွဲ့တည်းသို့ တိုးချဲ့ ထည့်သွင်းရန်အတွက် ဤဝန်ဆောင်အဖွဲ့မှ ဩဝါဒစရိယ သံဃနာယကအဖွဲ့ကြီးအား လျှောက်ထားအကြံပေးရန် သဘောတူညီတော်မူကြပါကြောင်း။

၃။ ဟသ်ာတမြို့လုံးဆိုင်ရာ သံဃာ့ အဖွဲ့မှ ကိုယ်စားလှယ် ဆရာတော်များက "မိမိတို့သည် ဟသ်ာတမြို့သို့ပြန်လည်ရောက်ရှိသည့်အခါ ပါဠိဝိသောဓက အဖွဲ့များ ဖွဲ့စည်း၍ ခေါင်းဆောင်များရွေးကောက်ခါ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သို့ စာရင်းအမြန်ပေးပို့မည့်အကြောင်း" မိန့်ကြားသည်ကို မှတ်တမ်းတင်ကြသည်။

၄။ မိလိန္ဒပဉှာ အဠကထာ ကျမ်းစာ နှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သော နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ၏ ဆုံးဖြတ်ချက်နှင့် နိုင်ငံတော်အစိုးရ၏အမိန့်ကို တပြည်လုံးသိရှိစေရန်အတွက်သာသနာရေးဌာနကကြေညာပေးဘို့ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က နှိုးဆော်ရန်။

၅။ ပါဠိဝိသောဓက အဖွဲ့ အသီးသီးအား သုဓ်သင်ပြင်ဆင်ရန် ပိဋကကျမ်းစာများ ခွဲဝေလွှဲအပ်ရေးနှင့် စပ်လျဉ်း၍ အသေးစိပ် စီစဉ်ထားရှိရန် ဆင္ဃသံဂါယနာ ဝန်ဆောင် သံဃာ့အဖွဲ့ အစည်း အဝေးကို တတိယ အကြိမ် ဩဝါဒါစရိယသံဃနာယက အစည်းအဝေးကြီးမတိုင်မီတပါတ်ခန့်ကြိုတင်၍ ကျင်းပရန် (ထိုပိဋကကျမ်းစာများ မည်သို့ခွဲဝေ၍ လွှဲအပ်မည်စသော အစီအစဉ် အသေးစိပ်ကို အတွင်းရေးမှူး ဆရာတော်များကကြိုတင်၍ ရေးဆွဲပြီးလျှင် ဆင္ဃသံဂါယနာ ဝန်ဆောင် သံဃာ့အဖွဲ့သို့တင်ပြရမည်။)

၆။ တတိယအကြိမ်ကျင်းပမည့်ဩဝါဒါစရိယသံဃနာယက အဖွဲ့ အစည်းအဝေးသို့ တက်ရောက်လာကြသော ပါဠိဝိသောဓကအဖွဲ့အသီးသီးအား ဆက်ကပ်နိုင်ရန် အတွက် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က အောက်ပါကျမ်းစာများကို ရှာဖွေစုံဆောင်းထားနှင့်ရန်။

၁။ သိဟိုဠ်မူ ပါဠိတော် အဋ္ဌကထာ ဋီကာ။
၂။ လန်ဒန်မူ ။ ။
၃။ ယိုးဒယားမူ ။ ။
၄။ ကမ္ဘောဒီယားမူ ။ ။

၇။ ယခင်ရွေးချယ်စဉ်က မပါဝင်သေးသော်လည်း ဌာနအသီးသီးမှ ယခင်သြဝါဒါစရိယသံဃနာယက အဖွဲ့ကြီးက သတ်မှတ်ထားသောအရည်အချင်းများနှင့်ပြည့်စုံ၍စံနစ်တကျ အနည်းဆုံးငါးပါးဖွဲ့စည်းခါ၊ အဖွဲ့ခေါင်းဆောင်များရွေးချယ်၍ အချိန်မှီပေးပို့သောအဖွဲ့များကို ပါဠိဝိသောဓကအဖွဲ့များ အဖြစ်ဖြင့် အသိအမှတ်ပြု၍ ထိုအဖွဲ့ခေါင်းဆောင်များ အားလည်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က တတိယ အကြိမ်အစည်းအဝေးသို့ပင့်ဆောင်ရန်။

၈။ တတိယအကြိမ် အစည်းအဝေးသို့ ကြွရောက်လာကြမည့်ဆရာတော်များအတွက် ရန်ကုန်မြို့၌ သီတင်းသုံးရန် နေရာများမရှိခဲ့လျှင် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့က ရန်ကုန်မြို့ရှိ ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော်များနှင့်တိုင်ပင်၍ နေရာထိုင်ခင်းစီစဉ်ပေးရန်၊ ထို့ပြင် လိုအပ်ပါက ဆရာတော်များအတွက် ခေါင်းအုံး၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းနှင့် သင်ဖြူးများကိုလည်း စီစဉ်ထားရှိရန်။

၉။ တတိယအကြိမ်သြဝါဒါစရိယသံဃနာယက အစည်းအဝေးသို့ ပါဠိဝိသောဓကခေါင်းဆောင်ဆရာတော်များအား ဆက်ကပ်မည့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ပင့်စာတွင် အောက်ပါအချက်များကို ထည့်သွင်းဘော်ပြစေရန်။

(၁) ရန်ကုန်မြို့တွင် ဆရာတော်များ ခေတ္တ သီတင်းသုံးရန်ဌာန ရှိမရှိ၊ အကယ်၍ မရှိပါက အဖွဲ့ကစီစဉ်ထားနိုင်ရန် ကြိုတင်၍အကြောင်းကြားတော်မူပါ။

(၂) ပါဠိဝိသောဓကအဖွဲ့ခေါင်းဆောင်ဆရာတော်များနှင့် ဆရာတော် နှစ်ပါးလျှင်ကပ္ပိယကာရက တဦးကျစီ အတွက် ခရီးစရိတ်များကိုအဖွဲ့က ကျခံပါမည်။

၁၀။ မန္တလေးမြို့ဒက္ခိဏာရာမဘုရားကြီးတိုက်မှ ထရာတော်များ၏ ပိဋကပါဠိတော်များကို မူအမျိုးမျိုးနှင့် ညှိနှိုင်း တိုက်ဆိုင်ခါ သုတ်သင်တော်မူနေသော ဓါတ်ပုံကို တတိယအကြိမ်အစည်းအဝေးသို့ ကြွရောက်လာမည့် ဆရာတော်များအား ဆက်ကပ်ရန် အတွက် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကကူးထားရန်။

၁၁။ သြဝါဒါစရိယ သံဃနာယကအဖွဲ့၏ တတိယ အကြိမ် အစည်း အဝေးတွင် သြဝါဒါစရိယ သံဃနာယကဆရာတော်ကြီးများအားသံဃာစင်ပေါ်တွင် ထေရိစဉ်ဝါစဉ်အားဖြင့်၎င်း၊ ပါဠိဝိသောဓက ခေါင်းဆောင်ဆရာတော်များအား သံဃာစင် အောက်တွင် မန္တလေးအဖွဲ့၊ရန်ကုန်အဖွဲ့ စသည့်အဖွဲ့အားဖြင့်၎င်း၊ စားပွဲ ကုလားထိုင်များဖြင့် စီစဉ်ခါ နေရာချထားပေးရန်။

၁၂။ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့၏ လျှောက်ထားချက်အရ နိုဝင်ဘာလ ၃၀ ရက်နေ့တွင်အိန္ဒိယပြည်ဆန်ချီမြို့၌ကျင်းပမည်ဖြစ်သော ဗုဒ္ဓဝိဟာရ ကျောင်းတော် ဖွင့်ပွဲသို့ ဝါတော် ၂၀ အောက်မငယ်၊ သက်တော် ၆၀ ထက်မကြီးသော ဆရာတော်ကြီးဆယ်ပါးကို

အောက်ပါအတိုင်းရွေးချယ်ရန် သဘောတူညီတော်မူကြသည်။

(၁) မန္တလေးမှလေးပါး။

(၂) အခြား အထက်ပိုင်းမှတပါး။

(၃) ရန်ကုန်မှလေးပါး။

(၄) အခြားအောက်ပိုင်းမှ တပါး။

အထက်မြန်မာပြည်မှ ဆရာတော်ငါးပါးကို ရွေးချယ်ပေးရန်အတွက်မန္တလေးမှဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃာ့အဖွဲ့ကရင်း၊ အောက်မြန်မာပြည်မှ ဆရာတော်ငါးပါးကို ရွေးချယ်ပေးရန်အတွက် ရန်ကုန်မြို့နှင့် ဟင်္သာတမြို့ရှိ ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃာအဖွဲ့ကရင်း၊ အသီးအသီး တာဝန်ယူတော်မူကြသည်။

၁၃။ ဆရာတော်များနှင့် လိုက်ပါရန် ကပ္ပိယကာရကများအဖြစ်ဖြင့်။

(၁) ဦးစိန်းမောင်။

(၂) ။ ဘဆွေ။

(၃) ။ ဆိုင်ကျော်။ တို့အားရွေးချယ်တော်မူကြသည် အစည်း အဝေးကို ညနေ ၂-နာရီခွဲ အချိန်တွင် ရုတ်သိမ်း လိုက်ပါကြောင်း။

(ပုံ) ဦးဝိသုဒ္ဓ
တွဲဘက်အတွင်းရေးမှူး။
ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃာအဖွဲ့။

**ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃာအဖွဲ့**
**ဆရာတော်များ**
**အစည်းအဝေးမှတ်တမ်း။**

၁၃၁၄ (၁၉၅၃) ခုနှစ်၊ အစည်းအဝေး
အမှတ်စဉ်-၃၊

စည်းဝေးသည့်အချိန်။ ။ ၁၃၁၄- ခု
တန်ခူးလဆန်း ၇-ရက် (၂၁-၃-၅၃)
စနေနေ့ ညနေ ၂-နာရီ။

ကျင်းပသည့် နေရာ။ ။ကုတ် ကိုင်း
သာသနာ့ရိပ်သာအဖွဲ့ တည်ရာဌာန။

**တက်ရောက်သည့် အဖွဲ့ဝင်**
**ဆရာတော်များ။**

၁။ ညောင်ရမ်း ဆရာတော် ဥက္ကဋ္ဌ။
၂။ မဖိုးရိမ် ဆရာတော် မန္တလေး။
၃။ စံကျောင်းဆရာတော်
၄။ ဆရာတော် ဦးနန္ဒဝံသ ပခုက္ကူ။
၅။ သာသနာ လင်္ကာရ ဆရာတော်။ ရန်ကုန်။
၆။ ဘုရားကြီးဆရာတော် ရန်ကုန်။
၇။ ဆရာတော် ဦးဉာဏိယ ရန်ကုန်။
၈။ ရွှေဘုန်းရှိန်ဆရာတော် မန္တလေး။
၉။ ကျောက်ကုန်းဆရာတော် ကန့်ဘဲ့။
၁၀။ လယ်တီ စံကျောင်း ဆရာတော် ပျဉ်းမနား။
၁၁။ ဆရာတော် ဦးတိလောကာဘိဝံသ ရန်ကုန်။
၁၂။ မြောင်းမြဆရာတော် ပုသိမ်။
၁၃။ ညောင်ရွှေဆရာတော် ညောင်ရွှေ။
၁၄။ လှည်းကူးဆရာတော် ပဲခူး။
၁၅။ အနီးစခမ်းဆရာတော် စစ်ကိုင်း။
၁၆။ မဟာစည်ဆရာတော် ရန်ကုန်။
၁၇။ ဆရာတော်ဦးနရသီဟ စစ်တွေ။
၁၈။ ဆရာတော် ဦးနာဂဝံသ အတွင်းရေးမှူး။
၁၉။ ဆရာတော်ဦးဝိသုဒ္ဓ တွဲဘက်အတွင်းရေးမှူး။

## ဆုံးဖြတ်ချက်များ။

၁။ ၁၆-၃-၅၃ နေ့က ကျင်းပ ပြီးစီးခဲ့သော ဝန်ဆောင် သံဃ အဖွဲ့အစည်း အဝေးမှတ်တမ်း အမှတ်စဉ် ၃-အပိုဒ် ၁-ပါဝန်ဆောင်သံဃအဖွဲ့တွင် ထပ်မံ တိုးချဲ့သော ဆရာတော်များကိစ္စနှင့် စပ်လျဉ်း၍အောက်ပါအတိုင်းဆုံးဖြတ်တော် မူကြပြီးလျှင် ·မှတ်တမ်းပါကျန်အချက်များကိုအားလုံး အတည်ပြုကြသည်။

၁။ ထိုဝန်ဆောင်သံဃအဖွဲ့တွင်ရန်ကုန်မြို့မှသုံးပါးပါဝင်ရမည်ကို နှစ်ပါးသာ ရွေးချယ်ထားသဖြင့်သုံးပါး ပြည့်ရန် မင်္ဂလာသုခတိုက် ဆရာတော် ဦးကေသရအားထည့်သွင်းရန်။

၂။ ဝဲခူးတိုင်းမှ ၂ ပါး ရွေးချယ် ထားသည်ကိုတပါးသာဖြစ်စေရန်အတွက် လှည်းကူးဆရာတော်အား၊ ၎င်းဆရာတော်၏ သဘော တူညီချက် အရ။ ရွေးချယ်ထားခြင်းကိုပယ်ဖျက်ရန်။

၂။ ဥက္ကဋ္ဌဆရာတော်၏ မေ့မွ သင်္ဂါဟကရဟန်းတော်များအား သတိပေး လျှောက်ထားစာကိုဘတ်ရှုကြပြီးလျှင်။ ထိုစာကို ဆဋ္ဌသံဂါယနာသင်္ဂီတိကာရကပုဂ္ဂိုလ် များအား နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က ဆက်ကပ်နိုးဆော်ရန်သဘောတူညီတော်မူကြသည်။

၃။ ဤဝန်ဆောင် သံဃအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် ရန်ကုန်မြို့ ဘုရားကြီး ဆရာတော်အား ရွေးချယ်တော်မူကြသည်။

၄။ ထပ်မံတင်သွင်းသော ပါဠိ ဝိသောဓကအဖွဲ့သစ်များစာရင်းကို အတည်ပြု၍ ထိုအဖွဲ့သစ်များအားကျမ်းစာများကို သင့်လျော်သလိုခွဲဝေပေးရန် သဘောတူညီတော် မူကြသည်။

၅။ သာသနာရေး ဝန်ကြီး၏ အကြံပေး လျှောက်ထားစာကို ဘတ်ရှု ကြားနာကြပြီးလျှင် ထိုအကြံပေးစာတွင် ပါရှိသည့် ခရိုင်တိုင်း။ မြို့ရွာတိုင်းမှဆရာတော် သံဃာတော်များကိုသြဝါဒါစရိယသံဃနာယက အဖွဲ့သို့၎င်း။ ဝန်ဆောင်သံဃအဖွဲ့သို့၎င်း၊ ပါဠိဝိသောဓကအဖွဲ့သို့၎င်း၊ ပါဝင်နိုင်စေရန်နှင့် ၎င်းအဖွဲ့အသီးသီး၌ အဖွဲ့အလျောက်ဂုဏ်အင်္ဂါ စည်းကမ်းသတ်မှတ်ထားရှိရန် ဟူသော ကိစ္စများကို ဤဝန်ဆောင် သံဃအဖွဲ့မှ လက်ခံ ဆောင်ရွက်ရန် သဘောတူညီတော်မူကြသည်။

၆။ သြဝါဒါစရိယသံဃနာယကအဖွဲ့ဝင်အဖြစ်ဖြင့်ရွေးချယ်ရန် ကျန်ရှိ နေသေးသော ခရိုင်အသီးသီးမှ ကိုယ်စားလှယ် ဆရာတော်စာရင်းကိုသက်ဆိုင်ရာ ဒေသကိုယ်စားလှယ်နှင့်ခရိုင်ဝန်များ၏အကူအညီဖြင့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က ကောက်ယူ၍ ထိုကိုယ်စားလှယ်ဆရာတော်များ၏စာရင်းကို ဤဝန်ဆောင်သံဃအဖွဲ့သို့ရွေးချယ်ခန့်ထားရန် အတွက်တင်ပြရန်။

၇။ (က) ဆဋ္ဌသံဂါယနာ အာဂုမ်ပြန် ဘာဏကဆရာတော်များအတွက် ကျမ်းစာ သတ်မှတ်ရန်နှင့် ဦးရေ သတ်မှတ်ရန် ကိစ္စ အတွက် အောက်ပါဆရာတော်များပါဝင်သောအဖွဲ့ငယ်တခုကိုဖွဲ့စည်းထားတော်မူကြသည်။

၁။ မစိုးရိမ်ဆရာတော်။

၂။ ဘုရားကြီးဆရာတော်။

၃။ ကျောက်ကုန်းတောရ ဆရာတော်။

၄။ အရှင်ဉာဏသာရိယ ဆရာတော်။

၅။ ဗားကရာတောရဆရာတော်။

(ခ) အထက်ပါ ကိစ္စနှင့် စပ်လျဉ်း၍ ဘော်ပြပါ ဆရာတော် များက စဉ်းစားဆွေးနွေး ဆောင်ရွက်ရန် အတွက်အာဏာကုန် လွှဲအပ်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပါဠိပိဋကအသင်းက မိမိတို့ တာဝန်ကျရောက်နေသော ကျမ်းစာများအတွက် အာဂမ်ပြန်ဆိုနိုင်ရန်ဆောင်ရွက်ကြိုးစားဆဲ ဖြစ်လျှင် ထိုဆောင်ရွက်နေသော ပုဂ္ဂိုလ်များ၏ အခွင့်အရေးကို ဦးရေများလွန်းသဖြင့်လျော့ရသည့်ကိစ္စမှတပါး မထိခိုက်စေရ။

၈။ (က) ဆဋ္ဌ သံဂါယနာ တင်ရာ၌ ပါဝင်နိုင်သော သင်္ဂီတိ ကာရက ရဟန်းတော်များ၏ ဂုဏ်အင်္ဂါကို သတ်မှတ်ရန် ကိစ္စ အတွက် အောက်ပါ ဆရာတော်ကြီးများ ပါဝင်သော အဖွဲ့ငယ် တခုကို ဖွဲ့စည်းထားရှိတော်မူကြသည်။

၁။ ညောင်ရမ်းဆရာတော်။
၂။ ဟံသာဝတီဆရာတော်။
၃။ ရွှေဘုန်းရှိန်ဆရာတော်။
၄။ စံကျောင်းဆရာတော်။
၅။ အနီးစခမ်းဆရာတော်။
၆။ ဆရာတော်ဦးဇနက။
၇။ ဆရာတော်ဦးဝိသုဒ္ဓ။

(ခ) ထိုအဖွဲ့ကသင်္ဂီတိကာရက ပုဂ္ဂိုလ်များ၏ဂုဏ်အင်္ဂါသတ်မှတ်ရေးနှင့် စပ်လျဉ်းသည့် စည်းမျဉ်း များကို ရေးဆွဲ၍ နောက်တကြိမ် ကျင်းပမည့် ဤဝန်ဆောင် သံဃအဖွဲ့ အစည်းအဝေးတွင်တင်ပြရန်။

၉။ ဆဋ္ဌသံဂါယနာ တင်ရာ၌ သံဃာတော် အရေအတွက် မည်၍ မည်မျှ ပါဝင်သင့်သည် ဟူသော ကိစ္စကို နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့က စဉ်းစားဆွေးနွေး၍ ဤဝန်ဆောင်သံဃအဖွဲ့၏ရှေ့လာမည့်အစည်း အဝေးတွင်တင်ပြစေရန်။

၁၀။ ကျန်ရှိ နေသေး သော အပိုဒ် ၉-၁၀-နှင့် ၁၁-တို့ကို (၃၀-၃-၅၃) နေ့ တွင်ကျင်းပမည့် ဤဝန်ဆောင် သံဃအဖွဲ့ အစည်း အဝေး တွင်မှ ထပ်မံစဉ်းစားရန် သဘောတူညီတော်မူကြသည်။

(ပုံ) ဦးရေဝတ ဥက္ကဋ္ဌ။
(ပုံ) ဦးနာဂဝံသ
(ပုံ) ဦးဝိသုဒ္ဓ
အတွင်းရေးမှူးဆရာတော်များ။

## ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့ ဆရာတော်များ

## အစည်းအဝေးမှတ်တမ်း။

၁၃၁၄-၁၉၅၃-ခုနှစ်၊ အစည်း အဝေး အမှတ်စဉ်- ၄၊
စည်းဝေးသည့်အချိန်။ ။ ၁၃၁၄ - ခု တန်ခူးလဆုတ် ၂ရက်၊ (၃၁-၃-၅၃) အင်္ဂါနေ့-နေ့လည် ၂ နာရီ။
ကျင်းပသည့် နေရာ။ ။ကုတ် ကိုင်း သာသနာ့ရိပ်သာအဖွဲ့ တည်ရာဌာန။

## တက်ရောက်သည့် အဖွဲ့ဝင် ဆရာတော်များ။

၁။ ညောင်ရမ်းဆရာတော် ဥက္ကဋ္ဌ။
၂။ ဘုရားကြီးဆရာတော် ဒုတိယဥက္ကဋ္ဌ။
၃။ မစိုးရိမ်ဆရာတော် မန္တလေး။
၄။ ဆရာတော် ဦးနန္ဒဝံသ ပခုက္ကူ။

၅။ ဟံသာဝတီဆရာတော် မန္တလေး။
၆။ ဆရာတော် ဦးဉာဏရိယ ရန်ကုန်။
၇။ ကျောက်ကုန်း တောရ ဆရာတော် ကန်ပဲ့။
၀။ လယ်တီ စံကျောင်းဆရာတော် ပျဉ်းမနား။
၉။ ဆရာတော် ဦးတိလောကာဘိဝံသ ရန်ကုန်။
၁၀။ မြောင်းမြဆရာတော် ပုသိမ်။
၁၁။ ညောင်ရွှေဆရာတော် ညောင်ရွှေ။
၁၂။ အနီးစခမ်းဆရာတော် စစ်ကိုင်း။
၁၃။ ရွှေစေတီဆရာတော် ရေနံချောင်း။
၁၄။ မဟာစည်ဆရာတော် ရန်ကုန်။
၁၅။ ဆရာတော် ဦးနရသီဟ စစ်တွေ။
၁၆။ ဆရာတော် ဦးနာဂဝံသ အတွင်းရေးမှူး။
၁၇။ ဆရာတော် ဦးဝိသုဒ္ဓ တွဲဘက်အတွင်းရေးမှူး။

## ဆုံးဖြတ်ချက်များ။

၁။ ပါဠိဗိသောဓက အဖွဲ့ အသီးသီးမှ သုဓ်သင် ပြင်ဆင်ပြီးသော ကျမ်းစာများကို ထပ်မံပြင်ဆင်ရန်အတွက် အောက်ပါ ဆရာတော်(၃၁)ပါး ပါဝင်သော ပါဠိပဋိဗိသောဓက အဖွဲ့ တခုကို ဖွဲ့စည်း ထားရှိတော်မူကြသည်။

ရန်ကုန်မြို့မှ-

၁။ ဇေယျဝတီဆရာတော် ဦးဥာဏ ခရိုင်သြဝါဒါစရိယ။
၂။ ဘုံပျံကျောင်း၊ ကျောင်းကြီး တိုက် ဦးပညာသာမိ ဓမ္မာစရိယ။
၃။ ပဌာန်း ဆရာတော် ဦးနာရဒ ဂန္ထကာရက။
၄။ ကန်တော် မင်္ဂလာကျောင်း ဆရာတော် ဓမ္မာစရိယ ဝင်ဆာလမ်း။
၅။ ဘုရားကြီးတိုက် ဦးအာစိဏ္ဏ ဓမ္မာစရိယ။
၆။ နှစ်ကျိပ်ရှစ်ဆူ ဆရာတော်၊ သရက်တောတိုက် ဓမ္မာစရိယ။
၇။ ဦးဓမ္မသေန၊ ညောင်တုံးတိုက် ဓမ္မာစရိယ။
၀။ ဦးဝါယာမ၊ အရှင် အာဒိစ္စဝံသ ကျောင်း ဓမ္မာစရိယ။
၉။ ဦးရေဝတ ဓမ္မိကာရာမကျောင်း ဓမ္မာစရိယ။
၁၀။ ဖက်ပင်အိုင်ဆရာတော် ဓမ္မာစရိယ။

မန္တလေးမြို့မှ-

၁။ ဦးနာရဒ အဂ္ဂမဟာပဏ္ဍိတ ဘုရားကြီးတိုက်။
၂။ ဦးအရိယ။
၃။ ဦးဥက္ကံသ ပထ္တမြားကျောင်း မြင်းဝန်တိုက်။
၄။ ဦးနန္ဒိသေန၊ မဟာနန္ဒိသေနာရာမတိုက်။
၅။ ဦးကောသလ္လ၊ မစိုးရိမ်တိုက်။
၆။ ဦးအာနန္ဒာပဏ္ဍိတ၊ ဝိသုဒ္ဓါရုံတိုက်။
၇။ ဦးနန္ဒာစရိယ၊ စကုတိုက်။
၀။ ဦးကောသဝ၊ တောင်သမန်တိုက်။
၉။ ဦးသုန္ဒရ၊ ရွှေစေတီ၊ ရတနာပုံ သာသနာ့ရိပ်သာ။
၁၀။ ဦးကလျာဏ၊ ဝေယံဘုံသာတိုက်၊ မန္တလေး။

စစ်ကိုင်းတိုင်းမှ-

၁။ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၊ မင်းကွန်း၊ သို့မဟုတ် ဦးပဏ္ဍိတ ရွှေဟင်္သာချောင်။

ညောင်ရွှေမြို့မှ-

၂။ ဆရာတော်ဦးဝိမလ၊ကန်ကြီးကျောင်း ဓမ္မာစရိယ။

ပြွန်တံဆာမြို့မှ-

၃။ ဦးဥာဏိန္ဒ၊သာသနသောဘဏိကာရုံ ကျောင်းတိုက်။

မော်လမြိုင်မြို့မှ-

၄။ ဦးနာဂသေန ဓမ္မာစရိယ တောင်လေးလုံးတိုက်။

ပခုက္ကူမြို့မှ-

၅။ ဦးဇဝန (သို့မဟုတ်) ဦးဥာဏိန္ဒ၊ အရှေ့တိုက်။

၆။ ဦးသုန္ဒရ (သို့မဟုတ်) ဦးနန္ဒိယ၊ အနောက်တိုက်။

ညောင်ဦးမြို့မှ-

၇။ ဦးဝါယာမ၊ မဟာဝိသုတာရာမ တိုက်။

ရေနံချောင်းမှ-

၈။ ဦးပညာ(အဂ္ဂမဟာပဏ္ဍိတ)စိန်ပန်းပင်ကျောင်း။

၉။ ရခိုင်တိုင်းမှ ဆရာတော်တပါး။

၁၀။ မန္တလေးတိုင်းမှ နောက်ထပ်တပါး။

၁၁။ ရောဝတီတိုင်းမှ ဆရာတော်ဦးဝိမလ ရွှေဟင်္သာတောရ တိုက်အုပ် ဆရာတော် ညောင်တုံး။

၂။ အထက်ပါအဖွဲ့တွင် အဖွဲ့ဝင်တိုးချဲ့ရန် လိုသည်ဟုထင်မြင်သည့်အခါ ဥက္ကဋ္ဌ ဆရာတော်များသည် အကျိုးဆောင် ဆရာတော်များနှင့်တိုင်ပင်၍ အရည်အချင်းနှင့် ပြည့်စုံသည်ဟု ထင်မြင်ယူဆသော ပုဂ္ဂိုလ်များကို ထည့်သွင်းခြင်းအားဖြင့် တိုးချဲ့နိုင်ခွင့်ရှိစေရန်။

၃။ ကျမ်းတကျမ်းကို အပြီးသတ် တည်းဖြတ်ရာတွင် ပါဠိပဋိဒိသောဓေကအဖွဲ့မှ ၅-ပါး၊ ဝန်ဆောင်သံဃာအဖွဲ့မှ အနည်းဆုံး ၃ ပါး ပါဝင်သောအဖွဲ့က တလလျှင်တကြိမ်၊ အလှည့်ကျဖြင့် ဆောင်ရွက်စေရမည်။

၄။ တတိယ အကြိမ် ဩဝါဒါစရိယ သံဃနာယက အဖွဲ့ကြီး၏ လွှဲအပ်ချက်အရ၊ သံဂါယနာ ရဟန်းတော်များ လိုက်နာရန် စည်းမျဉ်းကို ပူးတွဲပါအတိုင်း ပြင်ဆင်၍ အတည်ပြုကြသည်။

အစည်းအဝေးကို ညနေ ၆ နာရီအချိန်တွင် ရုတ်သိမ်းတော်မူလိုက်ကြပါကြောင်း။

(ပုံ) ဦးရေဝတ
ဥက္ကဋ္ဌ။

(ပုံ) ဦးနာဂဝံသ

(ပုံ) ဦးဝိသုဒ္ဓ
အတွင်းရေးမှူး
ဆရာတော်များ။

**ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃအဖွဲ့**

**ဆရာတော်များ**

**အစည်းအဝေးမှတ်တမ်း**

၁၃၁၄ ၁၉၅၃-ခုနှစ်၊ အစည်း အဝေး အမှတ်စဉ် ၅-။

စည်းဝေးသည့်အချိန်။ ။၁၃၁၄-ခု၊ တန်ခူးလဆုတ် ၃-ရက် ၁-၄-၅၃၊ ဗုဒ္ဓဟူးနေ့ နေ့လည် ၂-နာရီ။

ကျင်းပသည့်နေရာ။ ။ကုတ်ကိုင်း သာသနာ့ ရိပ်သာအဖွဲ့ တည်ရာဌာန။

**တက်ရောက်သည့်အဖွဲ့ဝင်**

**ဆရာတော်များ**

၁။ ညောင်ရမ်းဆရာတော်- ဥက္ကဋ္ဌ။

၂။ ဘုရားကြီး ဆရာတော်- ဒုတိယ ဥက္ကဋ္ဌ။

၃။ မစိုးရိမ်ဆရာတော်- မန္တလေး။
၄။ဆရာတော်ဦးနန္ဒဝံသ- ပခုက္ကူ။
၅။ ဟံသာဝတီဆရာတော်- မန္တလေး။
၆။ဆရာတော်ဦးဉာဏရိယ- ရန်ကုန်။
၆။ ကျောက်ကုန်း တောရ ဆရာတော်- ကန်ပဲ့။
၈။ လယ်တီ စံကျောင်း ဆရာတော်- ပျဉ်းမနား။
၉။ ဆရာတော် ဦးတိလောကာဘိဝံသ- ရန်ကုန်။
၁၀။ မြောင်းမြဆရာတော်- ပုသိမ်။
၁၁။ ညောင်ရွှေဆရာတော်- ညောင်ရွှေ။
၁၂။ အနီးစခန်းဆရာတော်- စစ်ကိုင်း။
၁၃။ ရွှေစေတီဆရာတော်- ရေနံချောင်း။
၁၄။ မဟာစည်ဆရာတော်- ရန်ကုန်။
၁၅။ ဆရာတော်ဦးနရသီဟ- စစ်တွေ။
၁၆။ ဆရာတော် ဦးနာဂဝံသ- အတွင်းရေးမှူး။
၁၇။ ဆရာတော် ဦးဝိသုဒ္ဓ- တွဲဘက် အတွင်းရေးမှူး။

## ဆုံးဖြတ်ချက်များ

၁။ ။ခရိုင်တိုင်းမှ နောက်ထပ် ရွေးချယ်ရမည်ဖြစ်သော ဩဝါဒစရိယ သံဃနာယက ဆရာတော်ကြီးများ၏ စာရင်းကို ပဌမ ဝါဆို လပြည့် အတွင်း အရောက် ပေးပို့ ပါမည့် အကြောင်း ဗုဒ္ဓသာသနာအဖွဲ့ ကသက်ဆိုင်ရာ ခရိုင်ဝန်နှင့် ဒေသ ကိုယ်စားလှယ်များ ထံသို့ တောင်းဆိုရန် သဘော တူညီတော် မူကြသည်။

၂။ ။ဩဝါဒါစရိယ သံဃ နာယက အဖွဲ့ဝင်များ၊ ပါဠိပဒိသောဓက အဖွဲ့ဝင်များ၊ ဝန်ဆောင် သံဃအဖွဲ့ဝင်များနှင့် ဝန်ဆောင် သံဃအဖွဲ့မှ ဖွဲ့စည်း ထားသော အဖွဲ့ခွဲများ အပြင်၊ အောက်ပါ ဂုဏ်အင်္ဂါများနှင့်ပြည့်စုံသော ရဟန်းတော်များကို သင်္ဂီတိကာရက ရဟန်းတော်များ အဖြစ်ဖြင့် (နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ သတ်မှတ်သည့် အရေအတွက်ပြည့်သည်အထိ) ရွေးချယ်ရန် သဘော တူညီတော် မူကြသည်။

၁။ သိက္ခာ ဝါ ၂၀-အောက်မငယ်ခြင်း။

၂။ တိုက်အုပ် ဖြစ်ခြင်း။ သို့မဟုတ်၊ ပါဠိ တက္ကသိုလ် ကျောင်းအုပ် ဖြစ်ခြင်း၊ ကျောင်းထိုင်- သို့မဟုတ် စာချ ဖြစ်ခြင်း။

၃။ လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိ ဆေကဖြစ်၍ မိမိအရပ်ဒေသ၌ ထင်ရှား ကျော်စောခြင်း။

၄။ အရပ်ဒေသ နယ်ပယ်ရှိ ဒါယကာ ဒါယိကာမများနှင့်တကွ အနီးအနားရှိ ရဟန်းတော်များ၏ ရိုသေလေးစားမှုကို ခံရခြင်း။

၅။ ကျန်းမာခြင်းနှင့်ပြည့်စုံ၍ သဂ ါယနာတင်ရာ၌ အနည်းဆုံး တကြိမ်လျှင် နှစ်လခန့် အဆက်မပြတ် လာရောက် သီတင်းသုံးနိုင်ခြင်း

၃။ ။၁။ ပါဠိပဋိဝိသောဓက လုပ်ငန်းကို ယခု လာမည့် ကဆုန် လပြည့်နေ့တွင် စတင်ဆောင်ရွက်ရန်။

၂။ ထို ပါဠိပဋိဝိသောဓက၊ တတွဲ တတွဲအတွက်(ဥပဇ္ဈာယ့်ကာ)အဖြစ်ဖြင့် ဆောင်ရွက်နိုင်စေရန်အလို့ငှါ၊ ဘာသန္တရ ကျွမ်းကျင်သည့် ဓမ္မာစရိယ အောင်ပြီး ရဟန်းတော် ငါးပါးကို ရွေးချယ်ရန်။

၃။ အပြီးသတ် သုတ်သင်ရမည့်ကျမ်းရှိ မူကွဲများကို အက္ခရာဝလိ စီစဉ်၍ ထားခြင်း၊ သံဝဏ္ဏေတမ္ဗ ထုတ်၍ ထားခြင်း စသည့် ကိစ္စ များနှင့် တကွ အခြားညွှန်ကြားသော သုတ်ရေး ကိစ္စများကို ဆောင်ရွက်ပေး ရန်။ ဥပစ္ဆာမှုက - လူ ပညာ ရှင် အဖွဲ့ကို ဗုဒ္ဓသာသနာအဖွဲ့ကထား ရှိ ပေးစေရန် ထိုအဖွဲ့တွင် ခေါင်း ဆောင် ပုဂ္ဂိုလ် အဖြစ်ဖြင့် ပါဠိ ပိဋကတ်နှင့် သင်္ကရိုက်ဘာသာ စသည့် ဘာသက္ကရကျမ်းကျင်နှံ့စပ် သူ တဦးနှင့် အနည်းဆုံး လက် ထောက်တဦးအပြင်၊ စာရေးတဦး ကိုပါ ဗုဒ္ဓသာသနာအဖွဲ့က အမြန် ဆုံး ခန့်ထား ပေးပါရန်။

၄။ ဦးစွာပဌမ သုတ်သင်မည် ဖြစ်သော ပါရာဇိကဏ်ကို သုတ်သင် တည့်ဖြင့်ရန် အလို ငှါ ပါဠိပဋိဝိသောဓက အဖွဲ့မှ ငါးပါးနှင့် ဝန်ဆောင်သံဃအဖွဲ့မှသုံးပါးကို၊အောက်ပါ အတိုင်းရွေးချယ်တော် မူကြသည်။

## ပါဠိဝိသောဓကအဖွဲ့မှ

၁။ ဦးနာရဒ (အဂ္ဂမဟာပဏ္ဍိတ) ဘုရား ကြီးတိုက်၊ မန္တလေး။

၂။ ဦးဥက္ကံသ၊ ပဏ္ဍာမြားကျောင်း၊ မြင်းဝန် တိုက်၊မန္တလေး။

၃။ ဦးဝိစိတ္တ၊ ဓမ္မနာဒတိုက်၊ မင်းကွန်း။

၄။ ဦးကောသလ္လ၊ မစိုးရိမ် တိုက်။ မန္တလေး။

၅။ ဦးသုန္ဒရ၊ ရတနာပုံ ရိပ်သာ၊ မန္တလေး။

## ဝန်ဆောင်သံဃအဖွဲ့မှ

၆။ ဦးကောဏ္ဍည၊ ဘုရားကြီးဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ရန်ကုန်။

၇။ ဦးဇနကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဘုရားကြီးတိုက်၊မန္တလေး။

၈။ ဦးဝိသုဒ္ဓ၊ ဝိဇ္ဇာလင်္ကာရ တိုက်၊ မန္တလေး။

၅။ ပါဠိပဋိဝိသောဓက အဖွဲ့က ထပ်မံ သုတ်သင်မည့် ကျမ်းကို သုတ်သင် ခဲ့သော၊ ဝိသောဓကအဖွဲ့မှ ကိုယ်စားလှယ် တပါးကို လည်း ပါဝင် ဆောင်ရွက် နိုင်စေရန် အလို့ငှါ၊ ပင့်ဘိတ်သင့်က ပင့်ဘိတ်ရန်။

၆။ ။၁။ ပါဠိစာမူ နည်းစံနစ် ညွှန်ကြား ရေးအဖွဲ့တွင်ပါဝင်ရန် အောက် ပါ ဆရာတော်များကိုရွေးချယ် တော် မူကြသည်။

(က) မြောင်းမြ ဆရာတော် ဦးဓမ္မနန္ဒ ပုသိမ်။

(ခ) ဆရာတော် ဦးတိလောက၊ ဗါးက ရာတိုက်၊ ကြည့်မြင်တိုင်။

(ဂ) ဆရာတော် ဦးဇာဃရိယ၊ အရှင် အာဒိစ္စဝံသကျောင်း။

(၂) ထိုဆရာတော်များသည် ပိဋက မြန်မာပြန် ဌာနမှ-ဆရာဥက်၊ ဆရာဆိုင်၊ ဆရာအုပ်၊ ဆရာ ကျော်ထွဋ်၊ဆရာအုန်းရွှေတို့နှင့် ညှိနှိုင်း၍လိုအပ်သောနည်းစံနစ် ညွှန်ကြားရေး ကိစ္စကို လာမည့် ကဆုန်လပြည့် မတိုင်မီ ပြီး မြောက်အောင် ဆောင်ရွက် ထားတော်မူကြရန်။

၇။ အာဂုမ်ပြန်ကိစ္စကို စဉ်စား ဆွေးနွေးကြပြီးလျှင်၊ အာဂုမ်ပြန် စီစဉ်ရေး အဖွဲ့အား၊ အာဏာကုန် ပေးအပ်ထားခြင်းကို ရုတ်သိမ်းလျက် ထိုအဖွဲ့က အသေးစိပ်စဉ်းစားပြီးလျှင်၊ ဤအဖွဲ့၏ နောက်တကြိမ် အစည်းအဝေးတွင် တာဝန် လွှဲအပ်တော်မူကြသည်။

အစည်းအဝေးကို ညနေ ၅-နာရီခွဲ အချိန်တွင် ရုတ်သိမ်းတော်မူလိုက်ကြပါကြောင်း။

(ပုံ) ဦးရေဝတ၊
ဥက္ကဋ္ဌ။
(ပုံ) ဦးနာဂဝံသ၊
(ပုံ) ဦးဝိသုဒ္ဓ၊
အတွင်းရေးမှူးဆရာတော်များ။

## ရန်ကုန်မြို့ရှိ ဆဋ္ဌသံဂါယနာဝန်ဆောင် အဖွဲ့ အကျုံး အစည်းအဝေးမှတ်တမ်း

၁၃၁၅ (၁၉၅၃)၊ အစည်း အဝေး အမှတ်စဉ် ၁၊

စည်းဝေးသည့်အချိန်။ ။၁၃၁၅ခု- ဒုတိယ ဝါဆိုလဆန်း ၂-ရက်(၁၃-၇-၅၃) တနင်္လာနေ့မွန်းလွဲ ၂-နာရီ။

ကျင်းပသည့်နေရာ။ ။ရွှေဂုံတိုင် ဘုရားကြီး ကျောင်းတိုက်။

## ကြွရောက်သည့် အဖွဲ့ဝင် ဆရာတော်များ

၁။ ဘုရားကြီး ကျောင်းတိုက် ဆရာတော် (ဒုတိယဥက္ကဋ္ဌ)

၂။ မင်္ဂလသုခဆရာတော် ဦးကေသရ

၃။ ဗားကရာတောရဆရာတော်(အကျိုးဆောင်)

၄။ မဟာစည်ဆရာတော်။

## ဆုံးဖြတ်ချက်များ

၁။ ၁၃၁၄-တန်ခူး လဆုတ် ၂-ရက် (၁၁-၃-၅၃)နေ့တွင်ကျင်းပသည့်ဝန်ဆောင် သံဃအဖွဲ့အစည်းအဝေးမှ ပါဠိ ပဋိဝိသောဓက အဖြစ်ဖြင့် ရွေး ချယ် တော် မူ ပြီးသော အောက်ပါဆရာတော် ငါးပါးနှင့်ဝန်ဆောင် သံဃအဖွဲ့ဝင်ဆရာတော်၂-ပါးအား၊ သုတ်သီလက္ခန်ပါဠိတော်ကို၊ စစ်ဆေး တည့် ဖြွန့်တော်မူရန် အလို့ငှါ ၁၃၁၅ခု-ခု၊ ဒုတိယ ဝါဆိုလဆုတ် (၂)ရက် နေ့မှစ၍ သာသနာ့ ရိပ်သာသို့ ပင့်ဆောင်စေရန် သဘော တူညီတော်မူကြသည်။

## သီလက္ခန္ဓဝဂ္ဂပဋိဝိသောဓက ဆရာတော်များ

၁။ ဆရာတော် ဦးဥာဏ၊ ဇေယျဝတီ ကျောင်းတိုက်၊ကြည့်မြင်တိုင်။

၂။ နှစ်ကျိပ်ရှစ်ဆူ ဆရာတော်၊ သရက်တောတိုက်။

၃။ ဆရာတော် ဦးမေဓာသေန၊ ညောင်တုံး ကျောင်းတိုက် ဗဟန်း။

၄။ ဒေဝသာဂရ သိမ်ကုန်း ဆရာတော်၊ စတော့ကိတ်လမ်း။

၅။ ဖက်ပင်အိုင် ဆရာတော်၊ အရှေ့ ပိန္နဲကုန်း ကျောင်းတိုက်။

## ဝန်ဆောင်သံဃအဖွဲ့မှဆရာတော်များ

၁။ ဗားကရာတောရဆရာတော်(အကျိုးဆောင်)။

၂။ ဆရာတော် ဦးတိလောက။

၂။ အထက်ပါ ပါဠိသောဓကအဖွဲ့၏ ဥပဋ္ဌာကအဖြစ်ဖြင့် ဆောင်ရွက်နိုင်ရန်အလို့ငှါ၊ ယိုးဒယား၊ သီဟိုဠ်၊ အင်္ဂလိပ် မှုများကို ကောင်းစွာ ဘတ်နိုင်သော (ဖြစ်နိုင်လျှင်၊

အင်္ဂလိပ် သက္ကဋ စသော ဘာသာန္တရ တတ်မြောက်သော) ရဟန်းတော်သုံးပါးရွေးချယ်ပေးရန်ဝန်ဆောင် သံဃအဖွဲ့ဝင် ဆရာတော် ဦးတိလောက က တာဝန် ယူ ပြီး ဖြစ် သည့်အတိုင်း အလျှင် အမြန် ရွေးချယ်ပေးပါမည့်အကြောင်းဖြင့်၊ဗုဒ္ဓသာသနာအဖွဲ့က လျှောက်ထားရန်။

၃။ သုတ်မဟာဝါ ပါဠိတော် စစ်ဆေးကည်းဖြတ်ရန်အတွက်ကိုမူ အောက်ပါ ပဋ္ဌိဝိသောဓက အဖွဲ့ဝင် ဆရာတော် များနှင့်ဝန်ဆောင် သံဃအဖွဲ့ဝင် ဆရာတော်များအား ဒုတိယဥက္ကဋ္ဌ ဆရာတော်က ညွှန်ကြားသည့် ရက်တွင် ပင့်ဆောင်ပေးရန် သဘောတူညီတော် မူကြသည်။

### မဟာဝဂ္ဂပဋ္ဌိဝိသောဓက ဆရာတော်များ

၁။ ဆရာတော်ဦးတေဇိန္ဒ၊ပိဋကကျောင်းတောင်လုံးပြန်။

၂။ မန်းဦးဆရာတော်၊ ကျောင်းတော်ရာရွှေကျင်တိုက်။

၃။ ဆရာတော် ဦးအာစိဏ္ဏ၊ ဘုရားကြီးကျောင်းတိုက်။

၄။ ဆရာတော် ဦးပညာသာမိ၊ ဘုံပျံကျောင်း။ ကျောင်း ကြီး တိုက် ကြည့်မြင်တိုင်။

၅။ ဆရာတော် ဦးဝါသဝ၊ ကန်တော်မင်္ဂလာကျောင်း ဝင်ဆာလမ်း။

၆။ ဆရာတော် ဦးဥာဏဝံသ၊ နော်မိကျောင်းကြီး၊ပုဇွန်တောင်။

၇။ ဆရာတော် ဦးအာစိဏ္ဏ၊ အသိတိကျောင်း၊ပုဇွန်တောင်။

### ဝန်ဆောင် သံဃအဖွဲ့မှ ဆရာတော်များ

၁။ မင်္ဂလ သုခ ကျောင်း ဆရာတော် ကျောက်မြောင်း။

၂။ ကျောက် ကုန်း တောရ ဆရာတော်၊ ကံပဲ့။

၄။ အထက်ပါ ပဋ္ဌိဝိသောဓက အဖွဲ့၏ဥပဇ္ဈာယ်အဖြစ်ဖြင့် ဆောင်ရွက်ရန်အလို့ငှါ ယိုးဒယား သီဟိုဠ်၊ အင်္ဂလိပ်မူများကို ကောင်းစွာ ဘတ်နိုင်သောသူ (ဖြစ်နိုင်လျှင် အင်္ဂလိပ် သက္ကဋ စသော ဘာသာန္တရ တတ်မြောက်သော) ရဟန်းတော် ၃-ပါး ရွေးချယ်ပေးရန်ဝန်ဆောင်သံဃအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ဆရာတော်က တာဝန်ယူတော်မူသည်။

သီလက္ခန္ဓဝဂ္ဂ ပါဠိပဋ္ဌိဝိသောဓက၊ ဥပဇ္ဈာယ်ကနှင့်ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော်များအား သတ်မှတ်ထားသည့်ရက်မှစ၍ နေ့စဉ် ဥပုသ်နေ့မှတပါး နံက်၇-နာရီရိပ်သာသို့ အရောက်၊ ဗုဒ္ဓသာသနာ အဖွဲ့ကပင့်ဆောင်ပြီးလျှင် ညနေ ၄-နာရီခွဲအချိန် ပြန်ပို့ရန်နှင့် နေ့ဆွမ်းကို ရိပ်သာတွင် ဆက်ကပ်ရန်။

အစည်းအဝေးကို ညနေ ၁-နာရီခွဲ အချိန်တွင် ရုတ်သိမ်းတော်မူလိုက်ကြပါကြောင်း။

(ပုံ) ဆရာတော်ဦးကောဏ္ဍည။
ဒုတိယ ဥက္ကဋ္ဌ

(ပုံ) ဦးနာဂဝံသ
အကျိုးဆောင်ဆရာတော်။

### ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃအဖွဲ့ အာဂုမ်ပြန်အဖွဲ့ငယ် အစည်းအဝေး မှတ်တမ်း။

၁၃၁၄ (၁၉၅၃) ခုနှစ်၊ အစည်းအဝေး
အမှတ်စဉ် ၁၊

စည်းဝေးသည့် အချိန်။ ။၁၃၁၄ ခု တန်ခူးလဆုတ် ၄-ရက်(၂-၄-၅၃) ကြာသပတေးနေ့ညနေ ၂-နာရီအချိန်

ကျင်းပသည့်နေရာ။ ။ကုတ်ကိုင်း သာသနာ့ရိပ်သာအဖွဲ့တည်ရာဌာန။

**တက်ရောက်သည့်ဆရာတော်များ။**

၁။ မစိုးရိမ် ဆရာတော် (ဥက္ကဋ္ဌ) မန္တလေး။

၂။ ဘုရားကြီးဆရာတော် ဒုတိယဥက္ကဋ္ဌ ရန်ကုန်။

၃။ အရှင်ဉာဏိသရိယ ရန်ကုန်။

၄။ ဆရာတော် ဦးနာဂဝံသ အတွင်းရေးမှူး ရန်ကုန်။

**ဆုံးဖြတ်ချက်များ။**

၁။ ၂၁-၃-၅၃ နေ့ကကျင်းပ ပြီးစီးခဲ့သောဝန်ဆောင်သံဃ အဖွဲ့အစည်း အဝေးမှတ်တမ်းအမှတ်စဉ် ၇-အပိုဒ် ၈ (က)အရ ဆဋ္ဌသံဂါယနာအာဂုမ်ပြန် ဘာဏက ဆရာတော်များအတွက်။ ကျမ်းစာသတ်မှတ်ရန်နှင့် ဦးရေသတ်မှတ်၍ကျေညာရန် ဆုံးဖြတ်တော်မူကြပြီးလျှင်ဝန်ဆောင်သံဃအဖွဲ့သို့ တင်ပြဆုံးဖြတ်ရန်။

၂။ အောက်ပါအာဂုမ်ပြန်စည်းမျဉ်းများကိုပြင်ဆင်အတည်ပြုတော်မူကြသည်။

**ဆဋ္ဌသံဂါယနာတွင် သုတ်သင်ပြီး ပိဋကတော်များကိုအာဂုမ် ကျက်မှတ် ရွတ်ဆိုရေးဆိုင်ရာစည်းကမ်းများ။**

၁။ ပါဠိဝိသောဓေအဖွဲ့များက မိမိတို့တာဝန်ကျရာကျမ်းစာအားလုံးကိုအနည်းဆုံး ဆယ်ပါး အများဆုံး ၁၅ ပါးကျအာဂုမ် ကျက်မှတ်တော်မူရန် ထိုထက်စွမ်းနိုင်ပါလျှင် မိမိတို့နှစ်သက်ရာ အခြားပိဋက ပါဠိတော်အနည်းဆုံးတအုပ်ကိုလည်း ကျက်မှတ်တော်မူနိုင်ပါသည်။

၂။ ရွတ်ဆိုတော်မူကြရာ၌ကြည်ညိုဘွယ်ဖြစ်အောင် တပါးနှင့် တပါး အဖြတ်အတောက် တညီတညွတ်တည်း ရှိစေခြင်းငှါ လေ့ကျင့်ရွတ်ဘတ်တော်မူရန်။

၃။ အကယ်၍ ၁၀-ပါး မပြည့်လျှင် ၁၀-ပါးပြည့်အောင် အခြား စွမ်းနိုင်သည့် ရဟန်းတော်များကိုပါ ထည့်သွင်း၍ ကျက်မှတ်တော်မူရန်။

၄။ အကယ်၍မိမိတို့ပါဠိဝိသောဓေ အဖွဲ့က အာဂုမ်ကျက်မှတ်ရန်တာဝန် မယူနိုင်ခဲ့ပါလျှင်အခြားစွမ်းနိုင်သည့် ၁၀-ပါးအောက်မနည်း ၁၅-ပါးထက်မပိုလွန်သော ရဟန်းတော်များကိုလျှောယ်ထား၍ကျက်မှတ်တော်မူစေရန်။

၅။ ထိုသို့မှ အခြားစွမ်းနိုင်သည့် ရဟန်းတော်များကိုမရရှိခဲ့လျှင် နိုင်ငံတော်ဗုဒ္ဓ သာသနာအဖွဲ့သို့ ၁၃၁၅ ခု နယုန်လပြည့် အအတွင်း အကြောင်းကြားတော်မူရန်။

၆။ ပါဠိ ဝိသောဓေ အဖွဲ့ဝင်မဟုတ်သော်လည်း အခြားစွမ်းနိုင်သောရဟန်းတော်များသည်အနည်းဆုံး ၁၀-ပါး။ အများဆုံး ၁၅-ပါးပြည့်အောင် စုဖွဲ့၍အောက်ပါပိဋကတော်တို့တွင်မိမိတို့အလိုရှိရာ ပိဋကတော်အနည်းဆုံးတအုပ်ကို ကျက်မှတ်တော် မူနိုင်ပါသည်။ထိုသို့ကျက်မှတ်တော် မူသည့် အကြောင်းကိုနိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့သို့ ၁၃၁၅ ခုပဌမဝါဆို လပြည့်အတွင်း အကြောင်းကြားတော်မူရန်။

မှတ်ချက်။ ။အမျိုးတူပိဋက ပါဠိတော်အတွက် တဖွဲ့ထက် ပိုခဲ့ပါလျှင်

ရှေးဦးစွာ ရောက်သော အဖွဲ့ကို သာခွင့်ပြုနိုင်ပါရည်။

အစည်းအဝေးကိုညနေ ၄ နာရီခွဲ အချိန်တွင်ရုတ်သိမ်းလိုက်ပါကြောင်း။

(ပုံ) မစိုးရိမ်ဆရာတော်
ဥက္ကဋ္ဌ။
(ပုံ) ဦးနာဂဝံသ
အတွင်းရေးမှူး ဆရာတော်။

**ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃအဖွဲ့ အာဂမ်ပြန်အဖွဲ့ငယ်အစည်း အဝေး မှတ်တမ်း။**

၁၃၁၄(၁၉၅၃) ခုနှစ်။ အစည်း အဝေး အမှတ်စဉ် ၂၊

စည်းဝေးသည့် အချိန်။ ။၁၃၁၄ ခု တန်ခူးလဆုတ် ဂ-ရက် ၆-၄-၅၃ ကြာသပတေးနေ့ညနေ ၂-နာရီ။

ကျင်းပသည့်နေရာ။ ။ကုတ်ကိုင်း သာသနာ့ရိပ်သာမွှောရုံသစ်ကြီး။

**တက်ရောက်သည့်ဆရာတော်များ။**

၁။ မစိုးရိမ်ဆရာတော်(ဥက္ကဋ္ဌ)မန္တလေး
၂။ အရှင်ဉာဏဿရိယဆရာတော် ရန်ကုန်။
၃။ ဆရာတော် ဦးအာဥ္စာရ ကျောက် ကုန်းတောရ ကန်ပဲ့။
၄။ ဆရာတော် ဦးနာဂဝံသ (အတွင်း ရေးမှူး) ရန်ကုန်။

**ဆုံးဖြတ်ချက်များ။**

၁။ ၂-၄-၅၃ နေ့က ကျင်းပ ပြီးစီးခဲ့သောဆဋ္ဌသံဂါယနာဝန်ဆောင် သံဃအဖွဲ့ခွဲ အာဂမ်ပြန် အဖွဲ့ငယ် အစည်း အဝေးမှတ်တမ်း(၁) ကိုဘတ်ကြား၍ အတည်ပြုတော်မူကြသည်။

၂။ ပါဠိဝိသောဓကအဖွဲ့များ၏ တာဝန်ကျကျမ်းစာများကိုအာဂမ်ပြန်ဆိုရေး။ ဝိမုတ္တ ဘာဏက ဆရာတော်များ၏ ကျမ်းစာကို တာဝန်ယူ၍အာဂမ်ပြန်ဆိုရေး ကျမ်းတကျမ်း တည်း၌အာဂမ်ပြန်ပုဂ္ဂိုလ်များအလွန်များခြင်း အချို့သောကျမ်းများ၌ အာဂမ်ပြန် ပုဂ္ဂိုလ် များမရှိခြင်းများကို အောက်ပါ အတိုင်းအ သေးစိပ်ဆွေးနွေး၍ သတ်မှတ်တော် မူကြ သည်။

၃။ ဦးရေကိုလက်ရှိစာရင်းအရ ၂၆၇၆ ပါးအများဆုံးခန့်မှန်းတော်မူကြသည်။

၄။ အာဂမ်ပြန်အဖွဲ့ငယ် အစည်းအဝေး မှတ်တမ်း ၁ ဆုံးဖြတ်ချက်များကို ဝန်ဆောင် အဖွဲ့ဝင်ဆရာတော်များထံသို့ အလျှင်အမြန် ဝေငှပေးပို့ဆက်ကပ်ထားရန်။

၅။ ဝန်ဆောင်သံဃအဖွဲ့ အစည်းအဝေး ကိုအလျင်အမြန်စည်းဝေး ခွင့်ပြုပါရန် ဥက္ကဋ္ဌ ဆရာတော်အားလျှောက်ထားရန်။

အစည်းအဝေးကို ညနေ ၄-နာရီအချိန် တွင်ရုတ်သိမ်းလိုက်ပါကြောင်း။

(ပုံ) မစိုးရိမ်ဆရာတော်
ဥက္ကဋ္ဌ
(ပုံ) ဆရာတော်ဦး နာဂဝံသ
အတွင်းရေးမှူး။

**ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ ဆရာတော်များ အစည်းအဝေးမှတ်တမ်း။**

၁၉၁၅ (၁၉၅၃) ခုနှစ်၊ အစည်းအဝေး အမှတ်စဉ် (၆)

စည်းဝေးသည့်အချိန်။ ။၁၉၅၃-ခု ကဆုန်လဆုပ်(၃)ရက်၊ (၃၀-၄-၅၃) ကြာသပတေးနေ့ နေ့လည်(၂)နာရီ။

ကျင်းပသည့်နေရာ။ ။ကုတ်ကိုင်းသာသနာ့ရိပ်သာအနှံ့တည်ရာဌာန။

တက်ရောက်သည့်အဖွဲ့ဝင်
ဆရာတော်များ။

၁။ ညောင်ရမ်းဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဥက္ကဋ္ဌ။
၂။ ဆရာတော်ဦးကောဏ္ဍည(အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌ။
၃။ မခိုးရိမ်ဆရာတော် ဦးသူရိယ (အဂ္ဂမဟာပဏ္ဍိတ) မန္တလေး။
၄။ ပခုက္ကူဆရာတော် ဦးနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ) ပခုက္ကူ။
၅။ ရွှေစေတီဆရာတော် (ရေနံချောင်း)
၆။ ဆရာတော် ဦးပဏ္ဍိစ္စ (မော်လမြိုင်)
၇။ ဆရာတော် ဦးဥဂ္ဂံသ ( အဂ္ဂမဟာပဏ္ဍိတ) မန္တလေး။
၈။ ဆရာတော် ဦးဇာသရိယ(ရန်ကုန်)
၉။ ဟံသာဝတီဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) မန္တလေး။
၁၀။ စံကျောင်း ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) မန္တလေး။
၁၁။ အနိုးစခမ်း ဆရာတော် (စစ်ကိုင်း)
၁၂။ ဆရာတော် ဦးနရသီဟ (စစ်တွေ)
၁၃။ သပြေပင်ဆရာတော် (ဟင်္သာတ)
၁၄။ ဆရာတော် ဦးဇနက(အဂ္ဂမဟာပဏ္ဍိတ) အမရပူရ)
၁၅။ မဟာစည်ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)ရန်ကုန်။
၁၆။ ဆရာတော် ဦးတိလောကာဘိဝံသ (တိလောကာရုံကျောင်း-ရန်ကုန်)
၁၇။ ဆရာတော် ဦးဥာဏာဝံသ(အဂ္ဂမဟာပဏ္ဍိတ) မန္တလေး။
၁၈ ဆရာတော် ဦးဓမ္မနန္ဒ (ပုသိမ်)
၁၉။ ဆရာတော် ဦးနာဂဝံသ (အတွင်းရေးမှူး)
၂၀။ ဆရာတော် ဦးဝိသုဒ္ဓ (တွဲဘက်အတွင်းရေးမှူး)

ဆုံးဖြတ်များ။

၁။ လွှန်ခဲ့သော အစည်းအဝေး မှတ်တမ်း အမှတ်စဉ်(၄) နှင့် (၅)ကို၊ ဘတ်ရှုကြားနာ၍၊ အမှတ်စဉ် (၄) ပါ အပိုဒ်--၁(၉)၌၊"စစ်တွေမြို့မှ"ဆိုသည့် စကားရပ်အစား"ရခိုင်တိုင်းမှဆိုသည့်စကားရပ်ကို ထည့်သွင်း ပြင်ဆင်တော်မူကြပြီးလျှင်၊ မှတ်တမ်းများပါ ကျန်အချက်များကို အားလုံးအတည်ပြုတော်မူကြသည်။

၂။ လွှန်ခဲ့သော အစည်းအဝေး မှတ်တမ်း အမှတ်စဉ် (၅)ကို ဘတ်ရှုကြားနား၍၊ အတည်ပြုတော်မူကြပြီးလျှင်၊ ယခင်က ၎င်းမှတ်တမ်းတွင်၊ ဆဋ္ဌသံဂါယနာ သံဃ ဥပဒေ ပုဒ်မ-၉ (ဂ)အရ၊ မြန်မာဘာသာပြန် ပဋိပိသောဓေအဖွဲ့ ဖွဲ့စည်းရန် ပြဋ္ဌာန်းခဲ့သော်လည်း ထိုမှတ်တမ်း ရိုက်နှိပ်စဉ်က ကျကျန်ရစ်ခဲ့သော ဆုံးဖြတ်ချက်ကို ပူးတွဲပါအတိုင်း လက်ခံအတည်ပြုတော်မူကြသည်။

၃။ ရာဝတီတိုင်းမှ ပဋိပိသောဓေအဖွဲ့ဝင်အဖြစ် ညောင်တုံးမြို့ ရွှေဟင်္သာ တောရပါဠိတက္ကသိုလ် ကျောင်းအုပ် ဆရာတော် ဦးဝိမလအား ထည့်သွင်းရန် သဘောတူညီတော်မူကြသည်။

၄။ ၁၉၁၄-ခု တန်ခူးလဆုတ် ၄ ရက် (၂-၄-၅၃) နေ့က၊ ကျင်းပ ပြီးစီးခဲ့သော အာဂမ်ပြန် အဖွဲ့ဝင် ဆရာတော်များ အစည်းအဝေးမှတ်တမ်းများကို ဘတ်ရှုကြားနာကာ၊ ထိုမှတ်တမ်းပါ အကြံပေးထောက်ခံချက်များ

နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆုံးဖြတ်တော်မူကြသည်။

၁။ (က) ပါဠိ ဝိသောဓက အဖွဲ့တိုင်းသည်၊ မိမိတို့တာဝန်ကျသော ကျမ်းစာပါဠိတော်တအုပ်လုံးကို အများဆုံးသုံးပိုင်းပိုင်း၍ အနည်းဆုံး တပိုင်းကို မိမိတို့ အဖွဲ့ဝင်ထဲမှ အနည်းဆုံး ၁၀ ပါး၊ အများဆုံး ၁၅ ပါးကျ အာဂုံကျက်မှတ်တော်မူကြရန်။

မှတ်ချက်။ ။

သို့ရာတွင် အောက်ပါပါဠိတော်ကျမ်းစာအုပ်များကို ဖော်ပြ ထားသည့် အတိုင်း ပိုင်းခြားသတ်မှတ်တော်မူကြသည်။

(၁) ပါဠိဇာတ်ပါဠိတော် ၃ ပိုင်း။

(၂) မဟာနိပါတ် ၂ ပိုင်း။

(၃) အပါဒါန် ဗုဒ္ဓဝင် စရိယာပိဋက ၃ ပိုင်း။

(၄) ခုဒ္ဒကပါဠ- ဓမ္မပဒ-ဥဒါန-ဣတိဝုတ္တက-သုတ္တနိပါတ ၂ပိုင်း။

(၅) ဝိမာနဝတ္ထု-ပေတဝတ္ထု- ထေရဂါထာ-ထေရီဂါထာ ၂ပိုင်း။

(၁) သက်ဆိုင်ရာ ပါဠိဝိသောဓက အဖွဲ့များက အာဂုံ မကျက်နိုင်သော ပါဠိတော်စာအုပ်များနှင့်စပ်လျဉ်း၍၊ ပါဠိဝိသောဓက အဖွဲ့ဝင် မဟုတ်သော ရဟန်းတော် အနည်းဆုံး(၁၀) ပါး အများဆုံး (၁၅)ပါး ပါဝင်သည့် အဖွဲ့ကိုဖွဲ့စည်းပြီးလျှင်၊ အနည်းဆုံး ပါဠိတအုပ်စီ အာဂုံကျက်မှတ်တော်မူစေရန်။

(၂) ပါဠိ ဝိသောဓက အဖွဲ့ တဖွဲ့သည်၊ မိမိတို့နှင့် သက်ဆိုင်သည့် ကျမ်း အတွက်၊ အာဂုံပြန်ဆိုရန်တာဝန်မယူနိုင်ခဲ့လျှင်၊ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့သို့ ၁၃၁၅ ခုနယုန်လပြည့်မတိုင်မီ အကြောင်း ကြားတော်မူကြရန်။

(၃) ပါဠိဝိသောဓက အဖွဲ့ဝင် မဟုတ်သော အာဂုံပြန် အဖွဲ့များ စုဖွဲ့ရေးလုပ်ငန်းကို အာဂုံပြန် စီစဉ်ရေးအဖွဲ့ငယ်သို့ တာဝန်လွှဲအပ်တော်မူကြသည်။

(၄) အာဂုံပြန် အဖွဲ့များ ရွတ်ဆိုတော်မူကြရာ၌၊ကြည်ညိုဘွယ်ဖြစ်အောင် တပါးနှင့်တပါး အဖြတ် အတောက် တညီ တညွတ်တည်း ရှိစေရန်ကိစ္စနှင့် အခြား လိုအပ်သော ညွှန်ကြားချက် စည်းကမ်းချက်များ သတ်မှတ်ရန်ကိစ္စကို အာဂုံပြန် စီစဉ်ရေး အဖွဲ့ငယ်သို့ တာဝန်လွှဲအပ်တော်မူကြသည်။

(၅) ယနေ့အသိစာရင်းပေးပြီးဖြစ်သော အာဂုံပြန်ဖွဲ့အများကို အဆက်ပါစည်းမျဉ်းများနှင့်အညီ ပြန်လည်ဖွဲ့စည်းရန်သက်ဆိုင်ရာ အဖွဲ့ဝင်များထံသို့ အကြောင်းကြား လျှောက်ထားရန်။

## အထွေထွေ

၅။ မွန်ဆရာတော်များက မွန်ဘာသာဖြင့် ပါရာဇိကဏ်ပါဠိတော်ကို အာဂုံပြန်ဆိုရေး အဖွဲ့နှင့် မွန် ပါဠိဝိသောဓကအဖွဲ့ သီးခြား ဖွဲ့စည်းလိုရေး ကိစ္စများအတွက်၊ ပေးပို့ရောက်ရှိလာသောစာကို ဘတ်ရှုစဉ်းစားတော်မူကြပြီးလျှင်၊ ထိုကိစ္စသည်၊အာဂုံပြန် စည်းကမ်းအတိုင်း ပါဠိဘာသာဖြင့်သာ ပြန်ဆိုရမည်ဖြစ်သဖြင့်၊ မွန်အာဂုံပြန်ဆိုရေးအဖွဲ့နှင့် မွန်ပါဠိဝိသောဓကအဖွဲ့ဟူ၍ သီးခြားဖွဲ့စည်းခြင်း ပြုနိုင်မည် မဟုတ်ကြောင်း ပြန်လည်လျှောက်ထားရန်သဘောတူညီတော်မူကြသည်။

၆။ ပျဉ်းမနားမြို့နှင့် ကြံခင်းမြို့မှ ဆဋ္ဌသံဂါယနာ တင်တွင်၊ ပါဠိဝိသောဓက အဖွဲ့

အဖြစ်ဖြင့် ပါဝင်လိုခြင်းကိစ္စနှင့်စပ်လျဉ်း၍၊ ပေးပို့ ရောက်ရှိလာသောစာကို ဘတ်ရှုစဉ်းစားတော်မူကြပြီးလျှင်၊ ပါဠိဒိသောဓေကအဖွဲ့သစ်များကို လက်မခံရန် ဆုံးဖြတ်ပြီးဖြစ်သဖြင့်၊ အာဂမ်ပြန် အဖြစ်နှင့်သာ ပါဝင်နိုင်ကြောင်း လျှောက်ထားရန်။

၇။ သီဟိုဠ်ပြည်ထဲရေးဝန်ကြီးထံမှ ဆဋ္ဌသံဂါယနာတွင် ပါဝင်ရန်အတွက်၊ ရွေးချယ်ထားသော ရဟန်းတော် (၆) ပါးစာရင်းကို လက်ခံတော်မူကြပြီးလျှင်၊ ထိုသီဟိုဠ်ပြည်ထဲရေးဝန်ကြီးထံမှ ပေးပို့ရောက်ရှိလာသော စာကို မှတ်တမ်းတင်ထားရန် သဘော တူညီတော်မူကြသည်။ ထိုရဟန်းတော် (၆) ပါးအနက်၊ ဆရာတော် အာနန္ဒမိတ္တရိယထေရ၊ ဆရာတော် ဝေလိဝတ္တိယသောရတထေရနှင့် ဆရာတော် ဟဿလေညာဏောဒယထေရတို့အား ဩဝါဒါစရိယ သံဃနာယကအဖွဲ့တွင်၎င်း၊ ဒေါက်တာ ပရဝဟေရဝဇိရညာဏထေရ အား (ဘာရနိတ္တာရကသံဃသဘာ) ဝန်ဆောင် သံဃအဖွဲ့တွင်၎င်း၊ ဆရာတော် ပို-လွှ-ဝတေဗုဒ္ဓဒတ္တထေရအား၊ ပါဠိ ပဋိဝိသောဓေကအတွင်၎င်း၊ ဆရာတော် ဟပူဝလဏေ ညာဏ လောက ထေရ အား ပုံနှိပ်ရေးကြီးကြပ်မှုအဖွဲ့တွင်၎င်း ထည့်သွင်းရန်သဘော တူညီတော်မူကြသည်။

အစည်းအဝေးကို ညနေ ၅ နာရီ အ ချိန်တွင်ရုတ်သိမ်းပါကြောင်း။

(ပုံ) ဦးရေဝတ။ (ပုံ) ဦးနာဂဝံသ။
ဥက္ကဋ္ဌ။ (ပုံ) ဦးဝိသုဒ္ဓ။
အတွင်းရေးမှူးများ။

၁၃၁၄-ခု-တန်ခူး လ ဆုတ် ၂ ရက် (၁၁-၃-၅၃) အင်္ဂါနေ့ နေ့လည် ၂ နာရီ၊ အချိန်တွင် ကျင်းပခဲ့သော ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ ဆရာတော်များအစည်းအဝေးတွင် ဆဋ္ဌသံဂါယနာ သံဃ ဥပဒေပုဒ်မ-၉-(ဂ) အရ မြန်မာဘာသာပြန် ပဋိဝိသောဓေကအဖွဲ့ ဖွဲ့စည်းရန် ပြဋ္ဌာန်းခဲ့သော်လည်း ထိုအစည်းအဝေးမှတ်တမ်း ရိုက်နှိပ်ရာ၌ ကျကျန်ရစ်ခဲ့သောဆုံးဖြတ်ချက်။

## ဆုံးဖြတ်ချက်-၅

မြန်မာပြန် အဆုံးသတ် တည်ဖြတ်ရေး (မြန်မာဘာသာ ပဋိဝိသောဓေကအဖွဲ့)။

ဗုဒ္ဓသာသနာအဖွဲ့ ပိဋကမြန်မာပြန်ဌာနမှ ဘာသာပြန်ပြီးသောမြန်မာဘာသာပိဋကတော်များကို အပြီးသတ် တည်းဖြတ်ရန် အလို့ငှါ တကျမ်းတကျမ်းစီကို ပြင်ဆင်ရန် အတွက် ဆရာတော် ၅ ပါးစီပါဝင်သော အဖွဲ့ငယ်တခုကို ဝန်ဆောင်သံဃအဖွဲ့က ဖွဲ့စည်းပေးရန်၊ ဒီဃနိကာယ်သုတ် သီလက္ခန် ကျမ်းကို ပြင်ဆင်ရန် အောက်ပါဆရာတော် ၅ ပါးကို ပဋ္ဌမဖွဲ့စည်းတော်မူကြသည်။

၁။ ဆရာတော်ဦးဥာနုတ္တရ၊ သာသနာ့ရိပ်သာ ပဲခူး။

၂။ ဆရာတော်ဦးပဏ္ဍိတ ရွှေဟင်္သာချောင် စစ်ကိုင်းတောင်။

၃။ ဆရာတော်ဦးလာဘ၊ လှည်းကူးမြို့။

၄။ ဆရာတော် ဦးကုဏ္ဍလ၊ သိမ်ဦးတိုက် တောင်ငူ။

၅။ ဆရာတော်ဦးစန္ဒဇောတိ၊ ကန်ကြီးကျောင်း မလှိုင်မြို့။

မှတ်ချက်။ ။မြန်မာပြန် ပဋိ ဝိသောဓေကအဖွဲ့သို့ ပြင်ဆင်ရန် တင်ပြသော ကျမ်းစာ

များးကိုသက်ဆိုင်ရာ (ပါဠိတော်)ကို သုမ်သင်ရန်တာဝန်ကျသော ပါဠိဝိသောဓေကအဖွဲ့အသီးအသီးသို့လည်း သတ်မှတ်သောအချိန်အတွင်းအကြံဉာဏ်ပေးနိုင်ရန် မိတ္တူတစောင်ပေးပို့ရမည်။

## ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့ အစည်းအဝေးမှတ်တမ်း

၁၃၁၅-(၁၉၅၃) ခုနှစ် အစည်းအဝေး အမှတ်စဉ်-၇။

ကျင်းပသည့်အချိန်။ ။၁၃၁၅ ခုဒုတိယဝါဆိုလဆန်း ၉-ရက်(၂၀-၇-၅၃) တနင်းလာနေ့ နေ့လည် ၂ နာရီ။

ကျင်းပသည့်နေရာ။ ။ကုတ်ကိုင်း သာသနာ့ရိပ်သာဓမ္မာရုံကြီး။

### ကြွရောက်သည့် ဆရာတော်ကြီးများ

၁။ ညောင်ရမ်း ဆရာတော် (ဥက္ကဋ္ဌ) (မန္တလေး)
၂။ ဆရာတော် ဦးနန္ဒဝံသ(ပခုက္ကူ)
၃။ ရွှေစေတီဆရာတော် (ရေနံချောင်း)
၄။ ဟံသာဝတီဆရာတော် (မန္တလေး)
၅။ ရွှေဘုန်းရှိန်ဆရာတော် (မန္တလေး)
၆။ ဆရာတော် ဦးပဏ္ဍိစ္စ (မော်လမြိုင်)
၇။ ဆရာတော် ဦးဉာဏဝံသ၊ (မန္တလေး)။
၈။ ဆရာတော် ဦးဥေယျ၊ (ပျဉ်းမနား)
၉။ ဆရာတော် ဦးကောသလ၊ (ရန်ကုန်)
၁၀။ ဆရာတော် ဦးနေမိန္ဒ၊ (ညောင်ရွှေ)
၁၁။ ဆရာတော် ဦးအာဒိစ္စ၊ (ကျောက်ကုန်းတောရ)။
၁၂။ ဆရာတော် ဦးပဏ္ဍိတ၊ (စစ်ကိုင်း)
၁၃။ ဆရာတော် ဦးသောဘန၊ မဟာစည် (ရန်ကုန်)
၁၄။ ဆရာတော် ဦးနရသီဟ၊ (စစ်တွေ)
၁၅။ ဆရာတော် ဦးဇနကာဘိဝံသ၊ (အမရပူရ)။
၁၆။ ဆရာတော် ဦးတိလောကာဘိဝံသ၊ (ရန်ကုန်)
၁၇။ ဆရာတော် ဦးနာဂဝံသ၊ (အကျိုးဆောင်ဆရာတော်) (ရန်ကုန်)
၁၈။ ဆရာတော် ဦးဝိသုဒ္ဓ (တွဲဘက်အကျိုးဆောင်ဆရာတော်) (မန္တလေး)

### စည်းဝေးသဘောတူညီချက်များ

၁။ ဝန်ဆောင်အဖွဲ့ဝင် ဖြစ်တော်မူသော ဥက္ကဋ္ဌ ဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဖွဲ့ဝင် ဖြစ်တော်မူကြသော ဘုရားကြီးတိုက်ဆရာတော်၊ ဟံသာဝတီဆရာတော်၊ မြောင်းမြဆရာတော်၊ ရွှေဘုန်းရှိန်ဆရာတော်၊ ဆရာတော် ဦးဇနကာဘိဝံသ၊ ဆရာတော် ဦးအာဒိစ္စရနှင့်မဟာစည် ဆရာတော်တို့အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို အသီးသီး နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသဖြင့် ဤဝန်ဆောင်သံဃအဖွဲ့က ဝမ်းမြောက်ကြကြောင်းကို မှတ်တမ်းတင်ကြသည်။

၂။ အစီအစဉ်(၁)ပါ သြဝါဒါစရိယသံဃနာယကဆရာတော်များ ထပ်မံရွေးချယ်ရေးကိစ္စကို ယခုရရှိထားသော စာရင်းတွင် အချို့သိက္ခာမပါရှိခြင်း၊ အချို့ သိက္ခာငယ်ခြင်း၊ အချို့ခရိုင်များတွင် တခရိုင်ထည်းမှာ သံဃာများ ၂ ပါး ၃ ပါးဖြစ်နေခြင်း၊အချို့ခရိုင်များမှ စာရင်းမရရှိခြင်း စသောအကြောင်း များကြောင့် နောက် တကြိမ်

ကျင်းပမည့် ဝန်ဆောင်သံဃ အစည်းအဝေးတွင်မှ စီစဉ်ရွေးချယ်ရန် သဘောတူကြသည်။

ထိုအစည်းအဝေးမတိုင်မီ ဗုဒ္ဓသာသနာအဖွဲ့က အောက်ပါ အင်္ဂါများနှင့် ညီညွတ်သော ဆရာတော်များစာရင်းကို အထက်ပါ ချိန့်ယွင်းချက်ရှိသောခရိုင်များမှ ဆိုင်ရာခရိုင်ဝန်များနှင့်ဒေသကိုယ်စားလှယ်များ၏ အကူအညီဖြင့် ကောက်ယူထားရန် ညွှန်ကြားတော်မူကြသည်။

(က) သိက္ခာဝါ ၄၀ အောက် မငယ်သော ပုဂ္ဂိုလ်ဖြစ်ခြင်း။

(ခ) ခရိုင်နယ်အတွင်း၌ ထင်ရှားကျော်စော၍ ရဟန်းရှင်လူတို့ ကြည်ညိုလေးစား ထိုက်သော ပုဂ္ဂိုလ်ဖြစ်ခြင်း။

(ဂ) နယ်ဆိုင်ရာသံဃာများ သဘောတူထောက်ခံမှုရခြင်း။

(အထက်ပါအင်္ဂါနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် တခရိုင်တည်းတွင် တပါးထက်ပိုလျှင် ရှေးဦးစွာ စာရင်း တင်သွင်းသော ပုဂ္ဂိုလ်ကိုသာအခွင့်အရေးပေး၍ ရွေးချယ်မည်)။

၃။ အစီအစဉ် (၂) ပါ ပဋိပိသောဓေကအဖွဲ့များမှ စစ်ဆေးတည်ဖြတ်ပြီး ပိနည်းငါးကျမ်းပါဠိတော်ကို ဆွေးနွေး အတည်ပြုရန်ကိစ္စကို သီဟိုဠ်၊ ယိုးဒယားမှ ကြွလာကြသော ပဋိပိသောဓေကဆရာတော်များနှင့်ဆွေးနွေးပြီးမှ ဆောင်ရွက်ရန် ဖြစ်သဖြင့် စဉ်စားရန်မလိုသေးဟု ဆုံးဖြတ်တော်မူကြသည်။

၄။ ပဋိပိသောဓေကအဖွဲ့များမှ စစ်ဆေးပြီး ပိနည်းငါးကျမ်းပါဠိတော်ကို သီဟိုဠ်နှင့် ယိုးဒယားမှ ကြွလာမည့် ပဋိပိသောဓေကအဖွဲ့ဝင်ဆရာတော်များနှင့် မန္တလေးမြို့၌ဆွေးနွေးရန် သဘောတူညီတော်မူကြသည်။

ထိုဆွေးနွေးရန် ကိစ္စကို သင့်လျော်သလို စီစဉ်ဆောင်ရွက်ရန် ဝန်ဆောင် သံဃအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် တွဲဘက်အကျိုးဆောင်ဆရာတော်တို့အား တာဝန်လွှဲအပ်တော်မူကြသည်၊

မန္တလေးမြို့တွင်ဆွေးနွေးနေသည့်အတောအတွင်း ထိုသီဟိုဠ်နှင့် ယိုဒယားဆရာတော်များအတွက် ဝတ်ကြီး ဝတ်ငယ်ပြုစုရန် ကိစ္စရပ်များကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က မန္တလေးမြို့ရှိ ခရိုင်ဝန်နှင့် ဒေသကိုယ်စားလှယ်များအား မေတ္တာရပ်ခံပေးရန်ညွှန်ကြားတော်မူကြသည်။ ထို့ပြင်ဆွေးနွေးပွဲသို့ အဖွဲ့ကသင့်လျော်သော အယ်ဒီတာတဦးကို စေလွှတ်ပေးရန်လည်း ညွှန်ကြားတော် မူကြသည်။

၅။ ပိဋကပါဠိတော်ပရူ (ဖ) နမူနာများကို၊ ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော်များအားလုံးကြည့်ရှုစိစစ်နိုင်ရန်အလို့ငှါ၊ပါဠိစာမူနည်းစံနစ် ညွှန်ကြားရေးအဖွဲ့က၊ ညွှန်ကြားထားသည့်အတိုင်း၊ ထပ်မံပုံနှိပ်ပြီး ဝန်ဆောင်သံဃ အဖွဲ့ဝင် ဆရာတော်များထံသို့၊ အသီးအသီး ဆက်ကပ်စေရန် ဆရာဥာဏ်အား၊ ညွှန်ကြားတော်မူကြသည်။

၆။ ပိဋကတော်များကို ပုံနှိပ်ရာတွင်၊ နောက်ဆုံး ပရူ (ဖ) ဘတ်မည့်၊ပရူ(ဖ)ဘတ်အဖွဲ့ကို၊ ဓမ္မာစရိယစာချဖြစ်၍၊ အရည်အချင်းနှင့်ပြည့်စုံသော ရဟန်းတော် အပါး နှစ်ဆယ်ထက်မနည်းပါဝင်စေ၍ဖွဲ့စည်းရန်၊ရန်ကုန်မြို့ရှိ ဝန်ဆောင် သံဃ အဖွဲ့ဝင် ဆရာတော်များအားတာဝန်လွှဲအပ်ကြသည်။

၇။ သံဃာ ယနာတင်သည့် အခါ၊ သင်္ဂီတိကာရက ပုဂ္ဂိုလ်များ အသုံးပြုရန် အတွက် ဖစ်လိုဖုန်းခေါ် ရာဘာပြားအစား၊ ရာသီဥတုနှင့် လျော်သော သင်္ဖြူး စသည်ကိုသာ၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကစီစဉ် ပြုလုပ်စေရန် ညွှန်ကြားတော်ကြသည်။

၈။ သင်္ဂီတိကာရက ပုဂ္ဂိုလ်များအား ဆွမ်းကပ်သည့်အခါ၊ တပါးတပွဲကျ ပန်းကန်များဖြင့်ဆက်ကပ်စေရန်၊ သပိတ် ဖြင့် ဆက်ကပ်ရန်ကိစ္စမှာ ဆွမ်းဘုဉ်းပေးမည့် ပုဂ္ဂိုလ်၏ ဆန္ဒအတိုင်းပန်းကန်ပြားနှင့်ဖြစ်စေသပိတ်နှင့် ဖြစ်စေ ကြိုက်နှစ်သက်ရာဖြင့် ဆက်ကပ်စေရန် ညွှန်ကြားတော်မူကြသည်။

၉။ သင်္ဂီတိကာရက ပုဂ္ဂိုလ်များ အား၊ ဆွမ်းကပ်သည့်အခါ၊ စားပွဲ ကုလားထိုင်ကို၊ အသုံးမပြုဘဲ၊ သင်္ဖြူးဖြင့် ဖြစ်စေ၊ ကော်ဇောဖြင့်ဖြစ်စေခင်းလျှက်၊ စီတန်းခါ ဆက်ကပ်စေရန်ညွှန်ကြားတော်မူကြသည်။

၁၀။ ပိဋကပါဠိတော်၊အဋ္ဌကထာ စသည်တို့၌၊ပုဒ်ကွဲပြား၍လိုအပ်သည့် နေရာများတွင်သာ၊ အောက်ခြေမှတ်ကွဲ ထည့်သင့်က ထည့်ရန်သဘောတူညီတော်မူကြသည်။

၁၁။ အစီအစဉ် ၁၀-ပါ သင်္ဂီတိကာရက အရေအတွက်၊ ကန့်သတ်ရေး ကိစ္စကို၊ ယခုအခါ ဆရာတော် တပါး ထည်းပင်လျှင်၊ အဖွဲ့ အမျိုးမျိုးတွင်ပါဝင် ဆောင်ရွက်လျက်ရှိခြင်းစသော အကြောင်းများကြောင့်၊ လက်ရှိ သင်္ဂီတိကာရကအရေအတွက်ကို၊ အတိအကျ မသိရှိနိုင်သဖြင့်၊နောင်စိစစ်၍အတိအကျသိရှိပြီးသည့် အခါမှ စဉ်းစားရန် ဆုံးဖြတ်တော်မူကြသည်။

**အထွေထွေ**

၁၂။ (က) ပိဋကသုံးပုံ အာဂုမ်ပြန် ရဟန်းတော် များအား၊ ကုန်းကြောင်း၊ရေကြောင်း၊လေကြောင်း အခမဲ့ လက်မှတ်များ လှူဒါန်းဆက်ကပ်ရေး ကိစ္စမှာနိုင်ငံတော် အစိုးရ၏ သဒ္ဓါတရားအတိုင်းသာ ဖြစ်စေရန်သဘောတူညီ ကြသည်။

(ခ) ဝန်ဆောင် သံဃ အဖွဲ့ဝင် ဆရာတော်တပါး ဖြစ်သော၊ အရှင်ဣသရိယ က၊ မိမိသည် ယခု ဝါတွင်း၌ တောသို့ သွား ရောက်ဝါဆိုမည် ဖြစ်သဖြင့်၊ ဝန်ဆောင် သံဃ အဖွဲ့တာဝန် ဝတ္တရားများကို မဆောင် ရွက်နိုင်ပါကြောင်းဖြင့် ခွင့်ပန် သည့် အတိုင်း၊ ခွင့်ပြု ရန် သဘောတူညီကြသည်။

(ဂ) ရေစကြို၊ နဂါးရုံပါဠိဝိသောဓက အဖွဲ့မှတင်ပြသည့်၊ သုတ္တနိပါတ် ကျမ်း မှ၊သံသယရှိသော ပုဒ်များကို၊ ဆိုင်ရာ ပဋိဝိသောဓကအဖွဲ့များက၊ ကြည့်ရှုနိုင်ရန်၊ ဥပဋ္ဌာကအယ်ဒီတာ.များအား အပ်နှင်းထားရန် ဆုံးဖြတ်ကြသည်။

အစည်းအဝေးကို၊ ညနေ ၄-နာရီအချိန်တွင်ရုပ်သိမ်းတော်မူကြသည်။

(ပုံ) ဦးရေဝတ။
ဥက္ကဋ္ဌဆရာတော်။
(ပုံ) ဦးနာဂဝံသ။
(ပုံ) ဦးဝိသုဒ္ဓ။
အကျိုးတော်ဆောင်ဆရာတော်များ။

## ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃ အဖွဲ့ဝင် အချို့ဆရာတော်များ အစည်းအဝေး မှတ်တမ်း။

၁၃၁၅ (၁၉၅၃) ခု အစည်း အဝေး အမှတ်စဉ် ၈။

စည်းဝေးသည့်အချိန်။ ။၁၃၁၅-ခု၊တော်သလင်း လဆန်း (၈) ရက်၊ (၁၆-၉-၅၃) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁-နာရီခွဲ အချိန်။

ကျင်းပသည့်နေရာ။ ။မန္တလေးမြို့ဝန်ဆောင် သံဃအဖွဲ့ ဥက္ကဋ္ဌ ညောင်ရမ်း ဆရာတော်ဘုရား၏ မိုးကောင်းတိုက်။

### ကြွရောက်တော်မူသော ဆရာတော်များ

၁။ ညောင်ရမ်း ဆရာတော် (ဥက္ကဋ္ဌ)။
၂။ စံကျောင်းဆရာတော်။
၃။ မြောင်းမြဆရာတော်။
၄။ မစိုးရိမ်ဆရာတော်။
၅။ ဟံသာဝတီဆရာတော်။
၆။ ရွှေဘုန်းရှိန်ဆရာတော်။
၇။ အနီးစခမ်းဆရာတော်။
၈။ ဆရာတော်ဦးဇနက။
၉။ ဗားကရာတောရဆရာတော်(အကျိုးဆောင်)
၁၀။ ဝိဇ္ဇာလက်ာရ ဆရာတော် (တွဲဘက် အကျိုးဆောင်)
၁၁။ ဆရာဥာဏ် (စာပြင်မှူးချုပ်၊ရန်ကုန်)

### ဆုံးဖြတ်ချက်များ

၁။ အာဂုမ်ပြန် စီစဉ်ရေးအဖွဲ့ယေ်အကျိုးဆောင် ဆရာတော်က အာဂုမ်ပြန် စီစဉ်ရေးအဖွဲ့ယေ်၏ ဆောင်ရွက်ချက်အစီအစဉ်များကို လျှောက်ထား၍အာဂုမ်ပြန် စီစဉ်ရေးအဖွဲ့ယေ်၏ ဆောင်ရွက်ရမည့် ကိစ္စများကို ပြန်လည်လွှဲအပ်ရာ၌နေ့ကျင်းပသည့် ဝန်ဆောင်သံဃအဖွဲ့ဝင်အချို့ဆရာတော်များက လက်ခံတော်မူပြီးလျှင် နောက်အကြိမ် ကျင်းပမည့် အစုံအညီ ဝန်ဆောင် သံဃအဖွဲ့တွင် တင်ပြ၍ အသေးစိတ် ဆွေးနွေးရန် သဘောတူညီတော်မူကြသည်။

၂။ ပခုက္ကူဆရာတော် မလာရောက်နိုင်၍ ဆန္ဒပေးသော သံကြိုးစာကို အကျိုးဆောင် ဆရာတော် ဦးဝိသုဒ္ဓက ဘတ်ကြား လျှောက်ထားသည်ကို လက်ခံတော်မူကြသည်။

၃။ မြန်မာ- သီဟိုဠ်- ယိုးဒယား ဆရာတော်များ သုမ်သင်ပြီး ဝိနည်းငါးကျမ်းမူကို တင်ပြ လျှောက်ထားရာ၊ ပုံနှိပ်ရာတွင် မူကွဲများကို အောက်ခြေ-သီ-သျာ စသည် ရိုက်နှိပ်ရန်နှင့် ပေယျာလများကို ရှိရင်း မူအတိုင်း ရိုက်နှိပ်ရန် ဆုံးဖြတ်တော် မူကြသည်။

၄။ တင်ပြသော ဝိနည်းငါးကျမ်း မူကို ပုံနှိပ်ရန် သဘောတူလက်ခံ အတည်ပြုတော်မူကြသည်။

နောက်တနေ့ အစည်းအဝေးကို (၁)နာရီ အချိန် ရွှေ့ဆိုင်း ကျင်းပရန် သဘော တူညီတော်မူကြသည်။

အစည်းအဝေးကို ညနေ ၄-နာရီ အချိန် ရုတ်သိမ်းတော်မူကြသည်။

(ပုံ) ဦးရေဝတ
ဥက္ကဋ္ဌ ဆရာတော်
(ပုံ) ဦးနာဂဝံသ
(ပုံ) ဦးဝိသုဒ္ဓ
အကျိုးဆောင်ဆရာတော်များ။

## ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ဝင်အချို့ဆရာတော်များအစည်းအဝေးမှတ်တမ်း။

၁၃၁၅ (၁၉၅၃) ခုနှစ်။အစည်း အဝေး အမှတ်စဉ် ၉။

စည်းဝေးသည့် အချိန်။ ။၁၃၁၅ ခု တော်သလင်း လဆန်း ၉-ရက်။ ၁၇-၉-၅၃ ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီ။

ကျင်းပသည့်နေရာ။ ။မန္တလေးမြို့ ဝန်ဆောင်သံဃ အဖွဲ့ ဥက္ကဋ္ဌညောင်ရမ်း ဆရာတော်ဘုရား၏ မိုးကောင်းတိုက်။

## ကြွရောက်တော်မူသော ဆရာတော်များ

၁။ ညောင်ရမ်းဆရာတော် ဥက္ကဋ္ဌ။
၂။ စံကျောင်းဆရာတော်။
၃။ မြောင်းမြဆရာတော်။
၄။ မစိုးရိမ်ဆရာတော်။
၅။ ဟံသာဝတီဆရာတော်။
၆။ ရွှေဘုန်းရှိန်ဆရာတော်။
၇။ အနိုးစခမ်းဆရာတော်။
၈။ မဟာစည်ဆရာတော်။
၉။ ဗါးကရာတောရဆရာတော် အကျိုးဆောင်။
၁၀။ ဝိဇ္ဇာလင်္ကာရဆရာတော် တွဲဘက်အကျိုးဆောင်။
၁၁။ ဆရာဥာဏ် စာပြင်မှူးချုပ် ရန်ကုန်

## ဆုံးဖြတ်ချက်များ။

၁။ တွဲဘက် အကျိုးဆောင် ဆရာတော် ဦးဝိသုဒ္ဓကအောက်ပါအကြံပေး ထောက်ခံချက်ပြင်ဆင်ချက်များကိုဘတ်ကြား လျှောက်ထားပါသည်။

(က) ကျောက်ကုန်းတောရဆရာတော်၏အကြံပေးထောက်ခံချက်။

(ခ) ဟသ်ာတသပြေပင် ဆရာတော်၏ အကြံပေးထောက်ချက်။

(ဂ) ရန်ကုန် သာသနာလင်္ကာရ ဆရာတော်၏ အကြံပေး ထောက်ခံချက်။

အစည်းအဝေးသို့ကြွရောက်တော်မူသော

(ဃ) မန္တလေး ဆရာတော် ဦးဥက္ကံသ ဘုရားကြီးတိုက်၏ အကြံ ပေး ထောက်ခံချက်။

(င) မြောင်းမြဆရာတော် (မန္တလေး) ၏ အကြံပေးထောက်ခံချက်။

(စ) စစ်ကိုင်းအနိုးစခမ်း ဆရာတော်၏ အကြံပေးထောက်ခံချက်။

(ဆ) ပျဉ်းမနား လယ်တီ စံကျောင်း ဆရာတော်ဦးညေယျ၏ အကြံပေး ထောက်ခံချက်။

(ဇ) ပုသိမ် ဆရာတော် ဦးဓမ္မနန္ဒ၏ အကြံပေးထောက်ခံချက်။

(ဈ) အမရပူရဆရာတော် ဦးဇနက၏ အကြံပေး ထောက်ခံချက်။

(ည) ရန်ကုန် ဗါးကရာ တောရဆရာတော် ဦးနာဂဝံသ၏ အကြံပေး ထောက်ခံချက်။

(ဋ) ရန်ကုန် သာသနာ့ရိပ်သာမဟာစည် ဆရာတော်၏ အကြံပေး ထောက်ခံချက်။

၂။ နိုင်ငံခြား အမှတ် လက္ခဏာများကို နည်းနိုင်သမျှနည်း၍မမှားနိုင်သော နည်းဖြင့်

ထည့်သွင်း အသုံးပြုပြီးလျှင် စပိတ်ခြား၍ပုံနှိပ်ရန်သဘောတူ ဆုံးဖြတ်တော်မူကြသည်။

၃။ ရှေ့နောက် စကားဝါကျ မဆုံးရာ၌ ( ၊ )တချောင်းပိုဒ်ထား၍ ရှေ့နောက်စကားဝါကျကြီးတခု ဆုံးရာ၌ ( ။ ) နှစ်ချောင်းပိုဒ်ကြီးသား၍ပုံနှိပ်ရန်သဘောတူဆုံးဖြတ်တော်မူကြသည်။

၄။ ကျမ်း၏အမည်ကို "ပါရာဇိကပါဠိ" စသည်ဖြင့် ထား၍ အတွင်း မျက်နှာများ၌ "ဝေရဉ္စကဏ္ဍ" စသည်ဖြင့်သာ အဝိဘတ္တိ(ဂ နိဒ္ဒေသအတိုင်းသားရန်သဘောတူ ဆုံးဖြတ်တော်မူကြသည်။

၅။ "တေရသကဏ္ဍော" အစား "သံဃာဒိသေသကဏ္ဍော" ဟုသားရန်နှင့် "ကဏ္ဍော" "ဘာဏဝါရော" စသည်၌မူလပုဒ်ရင်းလိင်အတိုင်းထားရန်ဆုံးဖြတ်တော်မူကြသည်။

၁။ ရန်ကုန် ဘုရားကြီး ကျောင်းတိုက် ဆရာတော်။
၂။ အရှင်ဗုဒ္ဓဒတ္တ သီဟိုဠ် ဆရာတော်။
၃။ ဗါးကရာတောရဆရာတော်။
၄။ မဟာစည်ဆရာတော်။
၅။ ပဇ္ဇောလက်ာရဆရာတော်။

၆။ အထက်ပါဆရာတော် ငါးပါးတို့ကို ပုံနှိပ်ရာတွင် ကြည့်ကြပ် စီမံကြရန် သဘောတူညီတော်မူကြသည်။

၇။ စာအုပ်တိုင်းတွင် မျက်နှာ နံပါတ်များကို(၁)မှစ၍ အသီးသီးထားရန်ဆုံးဖြတ်တော်မူကြသည်။

၈။ စစ်ကိုင်းတောင်ရိုး ပရက္ကမ ချောင်ဆရာတော်၏ ဆဋ္ဌသံဂါယနာ လိုက်ဂူတော်ကြီးကိုသိမ်သမုတ်ရန်အကြံပေးလျှောက်ထားလွှာကိုအကျိုးဆောင်ဆရာတော် ဦးဝိသုဒ္ဓက ဘတ်ကြားလျှောက်ထားသောအခါ-

၁။ ဆဋ္ဌသံဂါယနာ နယ်မြေ အတွင်း၌ သီးခြားသိမ်သမုတ်ရန်ရည်ရွယ်ထားသည်လည်းတကြောင်း။
၂။ အဆောက်အဦးကြီးပြီးမှ သိမ်နှုတ်ခဲ့လျှင် အများသံဃာတို့၏ သံသယကင်းရှင်းမည် မထင်သည်လည်းတကြောင်း။
၃။ ကံဆောင်သောအခါ ပရိသတ်ကို ရှင်းလင်းရန် ခက်ခဲ သည်လည်းတကြောင်း။
၄။ ခါတ်မီးဝါယာကြိုးများ စသည်ကိုဖြတ်တောက်ရမှု ကိစ္စ မလွယ်ကူသည်လည်းတကြောင်း။

ဤအထက်ပါ အကြောင်း များကြောင့် ဆဋ္ဌသံဂါယနာတင်လိုဏ်ဂူတော်ကြီးကို သိမ်သမုတ်ရန်မလိုဟုဆုံးဖြတ်တော် မူကြသည်။

၉။ ဗုဒ္ဓနေ့နှင့်စပ်လျဉ်း၍အဖွဲ့မှ လျှောက်ထားချက်ကိုပါဠိတော်ကျမ်းဂန်များမှ ထုတ်နှုတ်၍ဩဝါဒပေးတော်မူရန်။

၁။ ဥက္ကဋ္ဌ ညောင်ရမ်းဆရာတော်ဘုရားကြီး။
၂။ မစိုးရိမ်ဆရာတော်။
၃။ စံကျောင်းဆရာတော်။

အထက်ပါဆရာတော် ၃-ပါးတို့ကို လွှဲအပ်တော်မူကြသည်။

အစည်းအဝေးကိုညနေ ၃ နာရီခွဲ အချိန် ရုတ်သိမ်းတော်မူကြသည်။

(ပုံ) ဦးရေဝတ
ဥက္ကဋ္ဌ ဆရာတော်။
(ပုံ) ဦးနာဂဝံသ
(ပုံ) ဦးဝိသုဒ္ဓ
အကျိုးဆောင်ဆရာတော်များ။

## ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့ ဆရာတော်များ အစည်းအဝေးမှတ်တမ်း။

၁၃၁၅ (၁၉၅၃)ခုနှစ် အစည်းအဝေး
အမှတ်စဉ်-၁၀။

စည်းဝေးသည့်အချိန်။ ။၁၃၁၅-ခု။
တန်ဆောင်မုန်းလဆုတ် (၁၁) ရက်။
၂-၁၂-၅၃ ဗုဒ္ဓဟူးနေ့ နေ့လည် ၁ နာရီ။
ကျင်းပသည့်နေရာ။ ။ကုတ်ကိုင်းသာသနာ့ရိပ်သာအဖွဲ့တည်ရာဌာန။

## တက်ရောက်သည့်အဖွဲ့ဝင်ဆရာတော် များ။

၁။ ညောင်ရမ်း ဆရာတော် (ဥက္ကဋ္ဌ) (မန္တလေး)။
၂။ ဘုရားကြီး ကျောင်းတိုက် ဆရာတော် ဒုတိယ(ဥက္ကဋ္ဌ) (ရန်ကုန်)
၃။ ရွှေစေတီဆရာတော် (ရေနံ့ချောင်း)
၄။ ဆရာတော် ဦးနန္ဒဝံသ (ပခုက္ကူ)
၅။ မစိုးရိမ်ဆရာတော် (မန္တလေး)
၆။ ဟံသာဝတီဆရာတော်။
၇။ ရွှေဘုန်းပွင့်ဆရာတော်။
၈။ ဆရာတော် ဦးပဏ္ဍိစ္စ (မော်လမြိုင်)
၉။ မြောင်းမြ ဆရာတော် ဦးဥာဏဝံသ (မန္တလေး)
၁၀။ ဆရာတော် ဦးဧယျ (ပျဉ်းမနား)
၁၁။ ဆရာတော် ဦးကေသရ (ရန်ကုန်)
၁၂။ ဆရာတော် ဦးနေမိန္ဒ (ညောင်ရွှေ)
၁၃။ ဆရာတော် ဦးအာဒိစ္စ (ကျောက်ကုန်းတောရ)
၁၄။ ဆရာတော် ဦးပဏ္ဍိတ (စစ်ကိုင်း)
၁၅။ ဆရာတော် ဦးသောဘဏ (ဟင်္သာတ)
၁၆။ မဟာစည် ဆရာတော် ဦးသောဘန (ရန်ကုန်)
၁၇။ ဆရာတော် ဦးနရသီဟ (စစ်တွေ)
၁၈။ ဆရာတော် ဦးဇနကာဘိဝံသ (အမရပူရ)
၁၉။ ဆရာတော်ဦး တိလောကာဘိဝံသ (ရန်ကုန်)
၂၀။ ဆရာတော် ဦးဓမ္မနန္ဒ (ပုသိမ်)
၂၁။ ဆရာတော် ဦးနာဂဝံသ အကျိုးဆောင်ဆရာတော်(ရန်ကုန်)
၂၂။ ဆရာတော် ဦးဝိသုဒ္ဓ တွဲဘက်အကျိုးဆောင်ဆရာတော် (ရန်ကုန်)

ဆရာတော် ဦးဣသရိယ။ ရန်ကုန် စံကျောင်းဆရာတော်(မန္တလေး)နှင့် သာသနာ့လင်္ကာရဆရာတော် ရန်ကုန် တို့က၊ အစည်းအဝေးသို့ မတက်ရောက် နိုင်ကြောင်း ခွင့်ပန်ကြားတော်မူကြသည်။

## ဆွေးနွေးသဘောတူညီတော်မူချက် များ။

၁။ ၂၀-၇-၅၃ နေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဓမ္မာရုံကြီးတွင် ကျင်းပပြီးစီးခဲ့သော ဝန်ဆောင် သံဃအဖွဲ့ အစည်းအဝေး မှတ်တမ်းအမှတ်စဉ်-၇။ ၁၆-၉-၅၃ နေ့တွင် မန္တလေးမြို့ ဝန်ဆောင် သံဃ အဖွဲ့ ဥက္ကဋ္ဌ ညောင်ရမ်း ဆရာတော်ကြီး၏ မိုးကောင်းကျောင်းတိုက်၌ ကျင်းပပြီးစီးခဲ့သော ဝန်ဆောင် သံဃအဖွဲ့ဝင်အချို့ ဆရာတော်များ၏ အစည်းအဝေး မှတ်တမ်း အမှတ်စဉ် ၈ နှင့် ၉ (၂၁-၉-၅၃) နေ့တွင်၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာဓမ္မာရုံကြီးတွင် ကျင်းပပြီးစီးခဲ့သော ရန်ကုန်မြို့ရှိ ဝန်ဆောင်သံဃအဖွဲ့ဝင်

ဆရာတော်များ၏ အတူးအစည်းအဝေး မှတ်တမ်း အမှတ်စဉ် ၂ တို့ကို အသီးသီးဘတ်ရှုကြားနာ၍၊ ထပ်မံအတည်ပြုတော်မူကြသည်။

၂။ ခရိုင်သီးသီးမှ ဩဝါဒါစရိယ သံဃနာယက အဖြစ် တင်သွင်း ထားသည့် ဆရာတော်များစာရင်းကို ကြည့်ရှု စစ်ဆေးကြပြီးလျှင်၊ ပူးတွဲစာရင်းပါ ဆရာတော် ၃၃ ပါးကို ဩဝါဒါစရိယ သံဃနာယကဆရာတော်များ အဖြစ်ဖြင့် ရွေးချယ်ရန် အနိုးစခမ်းဆရာတော်က အဆိုတင်သွင်းသည်ကို သပြေပင် ဆရာတော်နှင့် ဆရာတော် ဦးဒိသုဒ္ဓတို့ကထောက်ခံသဖြင့် အဘည်ပြုကြသည်။

၃။ ချန်ထားသော ဖျာပုံခရိုင်နှင့်မင်းဘူးခရိုင်မှ ဆရာတော်များ အတွက် ဆိုင်ရာသို့ ပြန်လည်မေးမြန်းသည့်အခါ၊ သတ်မှတ်ထားသောအရည်အချင်းနှင့်ပြည့်စုံလျှင် လက်ခံရန်အတွက် ဒုတိယ ဥက္ကဋ္ဌဆရာတော်နှင့်အကျိုးဆောင်ဆရာတော် ၂ ပါးတို့အား တာဝန်လွှဲအပ်တော်မူကြသည်။

၄။ ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်များကို အာဂမ်ရွတ်ဆိုရေးကိစ္စနှင့်စပ်လျဉ်း၍ အဖွဲ့များက တာဝန်မယူသေးသော ကျမ်းစာများကို အခြား သင့်လျော်သော ပုဂ္ဂိုလ်များအား တိုက်တွန်း နှိုးဆော်ရေး၊ လက်ခံရေးစသော ကိစ္စရပ်များကိုဆောင်ရွက်ရန်အတွက် ဒုတိယ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးဆောင်ဆရာတော် ၂ ပါးတို့အား တာဝန် လွှဲအပ်တော်မူကြသည်။

၄။ နောက်ဆုံး ပဋိဝိသောဓက ဆရာတော်များ သုခ်သင်ပြီးသော ဒီဃနိကာယ်နှင့် ကျန်နိကာယ် ပါဠိတော်များကို ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့်တကွ၊ဆရာတော်ကြီးများကရွေးချယ်သောဆရာတော်များကို လက်ခံ အတည်ပြုရန်အတွက်တာဝန်လွှဲအပ်တော်မူကြသည်။

၅။ ဆဋ္ဌသံဂါယနာ မတင်မီ၊ ဩဝါဒါစရိယ သံဃနာယက အဖွဲ့နှင့်၊ ဝန်ဆောင်သံဃအဖွဲ့၊ နှစ်ဖွဲ့ပေါင်း ဆရာတော်များ အစည်းအဝေးကို ၁၃၁၅ ခုနှစ်၊ တပို့တွဲလပြည့်မ တိုင်မီ သင့်လျော်သော နေ့တနေ့တွင် ကျင်းပရန် သဘောတူညီတော်မူကြသည်။

၆။ အစီအစဉ်-၇-ပါ ဆဋ္ဌသံဂါယနာတင်ရန် သံဃာ အရေအတွက် အပေါင်းကိုင်း၊ အရေအတွက်အစိပ်ကိုပုင်း၊ သတ်မှတ်နိုင်စေခြင်းငှါ ဗုဒ္ဓသာသနာ အဖွဲ့နှင့် တိုင်ပင်ရန်ဟူသောကိစ္စ။ အစီအစဉ်-၈-ပါ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လားအိုး(စ်) သံဃာတော်များကို မည်သည့် အချိန် အခါများ၌ မည်၍မည်မျှ ပင့်ဘိတ်မည်ကို သတ်မှတ်ရန် ဟူသောကိစ္စနှင့်၊ အစီအစဉ်-၁၀-ပါ ဩဝါဒါစရိယ သံဃနာယကအဖွဲ့စသည်တို့၌ ပါဝင်ပြီးသော ဆရာတော် သံဃာတော်များ၏ အဋ္ဌပရိက္ခရာ အကျဉ်းကို လျှောက်ထားတောင်းဆိုရန် ဟူသော ကိစ္စများကိုမူ၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးနှင့် တိုင်ပင်၍ ဆောင်ရွက်ရန်အတွက် ဥက္ကဋ္ဌဆရာတော် ၂ ပါးနှင့် အကျိုးဆောင် ဆရာတော် ၂ ပါးတို့အား တာဝန်လွှဲအပ်တော်မူကြသည်။

၇။ ပါဠိဝိသောဓက စသော အဖွဲ့များ၌ မပါဝင်သေးသော အမြို့မြို့ရှိ ဝိနည်းဓရ ယဋ္ဌာန ကိုင်းတို့မှ ကိုယ်စားလှယ်တပါးစီကို သင်္ဂါယနာတိကာရကဆရာတော်များအဖြစ် ထပ်မံရွေးရန်။ ထို့ပြင် ဝိနည်းဓရ ယဋ္ဌာန မရှိသေးသော မြို့နယ်အသီးသီးမှလည်း စုံလင်စွာ ပါဝင်နိုင်စေခြင်းငှါ စိစစ်ရွေးချယ်ရန်။

ကျန်အစီအစဉ်ပါ ကိစ္စရပ်များကို ဆက်လက် ဆွေးနွေးရန် အချိန် မရှိတော့သဖြင့်၊ ဥက္ကဋ္ဌဆရာတော်၏အမိန့်အရ ညနေ ၃နာရီ မိနစ် ၄၀ အချိန်တွင် အစည်းအဝေးကိုရုတ်သိမ်းလိုက်ပါကြောင်း။

## ဒုတိယနေ့

၈။ အစည်းအဝေး အစီအစဉ် အမှတ် ၅-ပါ ကိစ္စရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ နိုင်ငံတော်တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်၏ လျှောက်ထားချက်ကို ကြားနာတော်မူကြပြီးလျှင် ဆဋ္ဌသံဂါယနာ လိုဏ်ဂူတော်ကြီးကို သိမ်သမုတ်ရန်ကိစ္စ၌ ရှေးဦးစွာ ထိုအဆောက်အဖွဲ့ကြီး၏ တည်ရာ ဌာနကို သိမ်နှုတ်ပြီး ဖြစ်ခြင်းကြောင့်၎င်း၊ ဆရာတော်ကြီးများ ကိုယ်တိုင်ကြွရောက်ကြည့်ရှုပြီး ဖြစ်ခြင်းကြောင့်၎င်း၊ ဝိနည်းဒေသနာတော်အရ၊ တစုံတရာ သံသယ ဖြစ်ဘွယ် မရှိသောကြောင့် ၁၇-၉-၅၃ နေ့တွင် မန္တလေးမြို့၌ ကျင်းပခဲ့သော ဝန်ဆောင် သံဃအဖွဲ့ဝင်အချို့၏ အစည်းအဝေး မှတ်တမ်းဆုံးဖြတ်ချက် အမှတ် ၅ ကို ပယ်ဖျက်ပြီးလျှင်၊ လိုဏ်ဂူတော်ကြီးကို သိမ်သမုတ်ရန် အားလုံး သဘောတူညီတော်မူကြသည်။

၉။ ဆဋ္ဌသံဂါယနာ ဥပဒေ၌ ပြဋ္ဌာန်းချက်အရ၊ အဖွဲ့ငယ်အသီးသီး ဖွဲ့စည်းရေး အတွက်စီစဉ်ရန်နှင့် ကျန်ရှိနေသော ဆဋ္ဌသံဂါယနာဆိုင်ရာ စီမံဘွယ်ကိစ္စများကို စီမံဆောင်ရွက်နိုင်စေခြင်းငှါ၊ ဥက္ကဋ္ဌဆရာတော်ကြီး ၂ ပါးနှင့် အကျိုးဆောင် ဆရာတော် ၂ ပါးတို့အား တာဝန်လွှဲအပ်ရန် အားလုံး သဘောတူညီတော်မူကြသည်။

## အထွေထွေ

၁၀။ အောက်ပါဆရာတော်များအား ဝန်ဆောင် သံဃအဖွဲ့ ဩဝါဒါစရိယ သံဃနာယက အဖြစ် သီးခြား ရွေးကောက်တော်မူကြသည်။

၁။ ရန်ကုန်မြို့ ကန်တော်ကလေးရပ် စစ်တကောင်း ဗုဒ္ဓဘာသာ အသင်း ဆရာတော်ကြီး။
၂။ အဖျောက် ဆရာတော် ဦးအာစရ၊ ရွှေဂုံတိုင် ရန်ကုန်မြို့။
၃။ မြို့လည်ကျောင်း ဆရာတော် ဦးအာစိဏ္ဏ၊ မအူပင်။
၄။ အလယ်တောရ ဆရာတော် ဦးရေဝတ၊ ရန်ကုန်မြို့။
၅။ ဇေယျသိမ်ဆရာတော် ပျဉ်းမနားမြို့။
၆။ ပြွန်တံဆာ ဆရာတော် သာသနာ့သောဘဏိကာချုံကျောင်း။
၇။ အင်းစိန်ခရိုင် ထားပိန် ဇီးဖြူကုန်း ဆရာတော် ဦးနာဂိန္ဒ။
၈။ ဆရာတော် ဦးစာရိန္ဒ၊ ဘုရားငါးဆူကျောင်း၊ လက်ပံတန်း။
၉။ ဦးနာဂဝံသ၊စစ်ကဲကျောင်း၊ စစ်တွေမြို့။
၁၀။ မြို့သောင့်ကျောင်းဆရာတော်၊ ဖူးမြို့။
၁၁။ မြို့ထောင့်ကျောင်းဆရာတော်၊ တောင်ငူမြို့။
၁၂။ လေးထပ်ဆရာတော်၊ရွှေကျင်မြို့။

၁၁။ အစည်းအဝေးသို့ မတက်ရောက်နိုင်သော ရန်ကုန်မြို့မှ ဝန်ဆောင် သံဃအဖွဲ့ဝင်ဆရာတော်များ ဖြစ်ကြသော သာသနာလင်္ကာရဆရာတော်နှင့်အရှင်ဉာဏိဿရိယဆရာ

တော်တို့ကို အကျိုးဆောင်ဆရာတော်များက သွားရောက်ပြီးလျှင်တာဝန်ကိုရွက်ဆောင်နိုင်၊ မဆောင်ရွက်နိုင်၊ လျှောက်ထား မေးမြန်းပြီးလျှင်မရွက်ဆောင်နိုင်ပါ ပြန်ကြားချက်အရရှိသောအခါ၊ထိုဆရာတော် ၂ ပါး၏နေရာတွင် နှစ်ကျိပ်ရှစ်ဆူ ဆရာတော်နှင့် ဒေဝသာဂရ သိမ်ကုန်းဆရာတော်များအားအစားသွင်းရန် အကျိုးဆောင်ဆရာတော် ၂ ပါးအားတာဝန် လွှဲအပ်တော်မူကြသည်။

၁၂။ ပိဋက ပါဠိတော်များကို အာဂုမ် ရွတ်ဆိုရေးကိစ္စ ရွက်ဆောင်နိုင်စေရန် ယေဘူယျအားဖြင့် ဝန်ဆောင် သံဃအဖွဲ့ အစည်းအဝေးမှ ဆုံးဖြတ်ချက်နှင့် မဆန့်ကျင်စေဘဲ လိုအပ်သမျှတို့ကို စီမံခန့်ခွဲနိုင်စေရန် အောက်ပါ ဆရာတော်များပါဝင်သော အဖွဲ့ ငယ်တခုကိုဖွဲ့စည်း၍လွှဲအပ်တော်မူကြသည်။

၁။ ဘုရားကြီးဆရာတော်။
၂။ မစိုးရိမ်ဆရာတော်။
၃။ ပခုက္ကူဆရာတော်။
၄။ ကျောက်ကုန်းဆရာတော်။
၅၊ အကျိုးဆောင်ဆရာတော်ဦးနာဂဝံသ။
၆။ အကျိုးဆောင်ဆရာတော် ဦးဝိသုဒ္ဓ။

၁၃။ သမုစ္စယခဏ္ဍက ပြင်ဆင်ချက်ကို ထပ်မံကြည့်ရှု စစ်ဆေးရန် အောက်ပါ ဆရာတော်များအားလွှဲအပ်ပြီးလျှင်၊ ထိုဆရာတော်များ၏ ဆုံးဖြတ်ချက်အတိုင်း အတည် ဖြစ်စေရန်သဘောတူကြသည်။

၁။ ဥက္ကဋ္ဌဆရာတော်။
၂။ ပခုက္ကူဆရာတော်။
၃။ မဟာစည်ဆရာတော်။
၄။ မော်လမြိုင်ဆရာတော်။
၅။ သီဟိုဠ်ဆရာတော်။
၆။ ဦးဇနတာဘိဝံသဆရာတော်။

အစည်းအဝေးကို ညနေ ၃-နာရီ အချိန်တွင်ရုတ်သိမ်းလိုက်ပါကြောင်း။

(ပုံ) ဘဒ္ဒန္တရေဝတာဘိဓဇ မဟာရဋ္ဌဂုရု ဥက္ကဋ္ဌ ညောင်ရမ်းဆရာတော်။
(ပုံ) ဦးနာဂဝံသ။
(ပုံ) ဦးဝိသုဒ္ဓ။
အကျိုးဆောင်ဆရာတော်များ။

၁၃၁၅-ခု၊ တော်သလင်းဆန်း ၈-ရက်။
၁၉၅၃-ခု၊ စက်တင်ဘာလ ၁၆-ရက်။

အာဂုမ်ပြန် စီစဉ်ရေး အဖွဲ့ငယ် ဆဋ္ဌသံဂါယနာမှ ဝန်ဆောင် သံဃအဖွဲ့ ဆဋ္ဌသံဂါယနာသို့-

အကြောင်းအရာ။ ။အာဂုမ်ပြန် စီစဉ်ရေး အဖွဲ့ငယ်ကိစ္စကို ဝန်ဆောင် သံဃအဖွဲ့သို့ ပြန်လည်လွှဲအပ်ခြင်းကိစ္စ။

ရှိသေစွာ လျှောက်ထား ပါသည် ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃအဖွဲ့ဝင် အရှင်မြတ်များဘုရား။

၁၃၁၄-ခု၊ တံခူး လဆန်း ၇-ရက် (၂၀-၃-၅၃) စနေနေ့ညနေ ၂-နာရီအချိန် ကျင်းပသော ဝန်ဆောင် သံဃအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၄-အပိုဒ် ၇-(က)အရ အောက်ပါ ဆရာတော်များ ပါဝင်သော အာဂုမ်ပြန်စီစဉ်ရေးအဖွဲ့ငယ်ကို ဖွဲ့စည်းတော်မူကြသည်။

၁။ မစိုးရိမ် ဆရာတော် (ဥက္ကဋ္ဌ) မန္တလေး။
၂။ ဘုရားကြီး ကျောင်းတိုက် ဆရာတော် ရန်ကုန်။

၃။ ကျောက်ကုန်း တောရ ဆရာတော် ရန်ကုန်။
၄။ အရှင်ဣသရိယဆရာတော်၊ရန်ကုန်။
၅။ ဗားကရာတောရဆရာတော်(အကျိုးဆောင်)

အထက်ပါ အစည်းအဝေးအပိုဒ် ၇(ခ) အရဆွေးနွေးဆောင်ရွက်ရန်အတွက် အာဏာ ကုန် လွှဲအပ်တော်မူကြသည်။

၁၃၁၄-ခု၊ တန်ခူး လဆုတ် ၃-ရက် (၁-၄-၅၃)နေ့ ကျင်းပသော ဝန်ဆောင် သံဃ အဖွဲ့ အစည်း အဝေး အမှတ်စဉ် ၅-အပိုဒ် ၇-အရ၊ အာဂုမ်ပြန် စီစဉ်ရေး အဖွဲ့အား အာဏာကုန် လွှဲအပ်ပေးထားခြင်း ကို ရုတ်သိမ်းလျက် ထို အဖွဲ့က အသေးစိပ် စဉ်းစား ပြီးလျှင် ဤအဖွဲ့၏ နောက်အကြိမ် အစည်း အဝေးတွင် တင်ပြရန် တာဝန် လွှဲအပ်တော်မူကြသည်။

၁၃၁၄-ခု၊ တန်ခူး လဆုတ် ၈-ရက် (၆-၄-၅၃)နေ့ ကျင်းပသော အာဂုမ်ပြန် စီစဉ်ရေးအဖွဲ့ယေ အစည်းအဝေး အမှတ်စဉ် (၂) အရ၊ အာဂုမ်ပြန်စီစဉ်ရေးအဖွဲ့ယေက အသေးစိပ် ဆွေးနွေး၍ သတ်မှတ်တော် မူကြ ပြီးလျှင် ဝန်ဆောင် သံဃအဖွဲ့သို့ တင်ပြရန် ဆုံးဖြတ်တော်မူကြသည်။

၁၃၁၅-ခု၊ ကဆုန် လဆုတ် ၃-ရက် (၃၀-၄-၅၃) ကြာသပတေးနေ့တွင် ကျင်းပ သော ဝန်ဆောင်သံဃအဖွဲ့ အစည်းအဝေးသို့ တင်ပြပြီးလျှင် အစည်းအဝေး မှတ်တမ်းများ ကို ဖတ်ရှုကြားနာခါ ထိုမှတ်တမ်းပါ အကြံ ပေးချက်များနှင့် စပ်လျဉ်း၍ ပူးတွဲပါမိတ္တူကို အာဂုမ်ပြန် အဖွဲ့ အသီးသီးသို့ ဆက်ကပ် ကြေငြာခဲ့ပါသည်။

ဤသို့ ကြေငြာခဲ့ပြီးသည့်နောက် ပူးတွဲပါ အာဂုမ်ပြန်မည့် အဖွဲ့နှင့် ကျမ်း၊ အာဂုမ်ပြန် တာဝန်မယူသောအဖွဲ့နှင့်ကျမ်းများကိုအာဂုမ် ပြန်စီစဉ်ရေး အဖွဲ့ယေမှ စီစဉ် ဆောင်ရွက်ခဲ့ ပါသည်။

ဤသို့ ဆက်လက် ဆောင်ရွက်ခဲ့ ပါသော် လည်း ၁၃၁၅-ခု၊ တော်သလင်း လဆန်း ၇-ရက် (၁၅-၉-၅၃)နေ့ ၂-နာရီခွဲ အချိန် တွင် မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက်၌ အာဂုမ်ပြန် စီစဉ်ရေးအဖွဲ့ယေ ဥက္ကဋ္ဌ မစိုးရိမ် ဆရာတော်ဘုရားနှင့် ရန်ကုန်မြို့ ဗားကရာ တောရ (အကျိုးဆောင်) ဆရာတော် ဦးနာဂဝံသတို့ ဆွေးနွေးတော် မူကြပြီးလျှင် နိကာယ် အချို့ကိုအာဂုမ်ပြန်ပြန်ဆိုမည့်အဖွဲ့ များ မပေါ်ပေါက်ခြင်း၊ နိကာယ် အချို့ကို အာဂုမ် ပြန်ပါမည်ဟု တာဝန် ယူသည့် အလျောက် ဤအာဂုမ်ပြန် စီစဉ်ရေးအဖွဲ့ယေ က အသိအမှတ် ခွင့်ပြုပြီး အချို့ အဖွဲ့ကပင် ပြန်လည် ရုတ်သိမ်းခြင်း တည်းဟူသော အ ကြောင်းများကြောင့် ဤအာဂုမ်ပြန် စီစဉ်ရေး အဖွဲ့ယေမှ ဆောင်ရွက် ရမည့် ကိစ္စ များကို အာဂုမ်ပြန် စီစဉ်ရေး အဖွဲ့ယေမှ ဆဋ္ဌသံဂါ ယနာ ဝန်ဆောင် သံဃအဖွဲ့သို့ ပြန်လည် လွှဲအပ်ပါသည် ဘုရား။

(ပုံ) မစိုးရိမ်ဆရာတော်
ဥက္ကဋ္ဌ
အာဂုမ်ပြန်စီစဉ်ရေးအဖွဲ့ယေ

(ပုံ) ဦးနာဂဝံသ
အကျိုးဆောင်
အာဂုမ်ပြန်စီစဉ်ရေးအဖွဲ့ယေ

န-ဗ-သ-စ၊ ၃၀၀—၁၀၁၀—၂၀-၈-၆၂